mgyoe.com
SAMPLE BOOK


ဘဝတက္ကသိုလ်

မြသန်းတင့်

# ရှားလော့ဟုမ်း၏ သည်းထိတ်ရင်ဖို

# THE EXPLOITS OF SHERLOCK HOLMES

ADRIAN CONAN DOYLE & JOHN DICKSON CARR



mgyoe.com



mgyoe.com

# မောင်သိန်းမောင်

## ရှားလော့ဟုမ်း၏ သည်းထိတ်ရင်ဖို

# THE EXPLOITS OF SHERLOCK HOLMES

**ADRIAN CONAN DOYLE & JOHN DICKSON CARR**

နာရီမှန်းသူ
အကျိုးမဆောင်သော ရှေ့နေ
ဖယောင်းပြတိုက် အမှု
သုခရိပ်သာ စိန်ပွဲစား အမှု
အောင်ပါလေ ငွေအရက်ခွက် အမှု
အလုံခန်းထဲမှ လူသတ်မှု
ရှေးက ရန်ငြိုး
ဖယောင်းပန်းနီနီ
မိန်းမ နှစ်ယောက်
နတ်ရုပ်မည်းမည်း
ကနေရီငှက်ကလေးများ အမှု
ဆံပင်နီ မုဆိုးမ

mgyoe.com

mgyoe.com

SAMPLE BOOK

စတုတ္ထ အကြိမ်၊ ၂၀၂၄၊ ဇွန်
[ပထမ အကြိမ်၊ ၁၉၈၅၊ မတ်၊ ဘဝတက္ကသိုလ် စာပေ]
[ဒုတိယ အကြိမ်၊ ၂၀၁၁၊ နိုဝင်ဘာ၊ ဘဝတက္ကသိုလ် စာပေ]
[တတိယ အကြိမ်၊ ၂၀၂၁၊ ဩဂုတ်၊ ဘဝတက္ကသိုလ် စာပေ]

| | |
|---|---|
| မျက်နှာဖုံး | ပန်းချီ တင်ထွဏ်း |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၁၂၀၀၀ ကျပ် |
| မျက်နှာဖုံးနှင့် အတွင်း ပုံနှိပ်သူ | ဒေါ်ခင်စီ (၀၀၂၄၈)၊ ပြည်ဦးဘော ပုံနှိပ်တိုက် ၁၅၈၊ ၃၇ လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးနေဝင်း (၀၂၆၄၅)၊ ဘဝတက္ကသိုလ် စာပေ ၁၄၉၊ ၃၇ လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။ |

mgyoe.com

mgyoe.com SAMPLE BOOK

# မြသန်းတင့်

## ရှားလော့ဟုမ်း၏ သည်းထိတ်ရင်ဖို

# The Exploits of Sherlock Holmes

Adrian Conan Doyle &
John Dickson Carr

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK


# မာတိကာ


| | | |
|---|---|---|
| | ရှားလော့ဟုမ်း ဝတ္ထုများမှ အရံ ဇာတ်ဆောင်များ | ၁ |
| ၁။ | နာရီမုန်းသူ | ၅ |
| ၂။ | အကျိုးမဆောင်သော ရှေ့နေ | ၄၁ |
| ၃။ | ဖယောင်း ပြတိုက် အမှု | ၇၁ |
| ၄။ | သုခရိပ်သာ စိန်ပွဲစား အမှု | ၁၀၃ |
| ၅။ | အောင်ပါလေ ငွေအရက်ခွက် အမှု | ၁၃၉ |
| ၆။ | အလုံခန်းထဲမှ လူသတ်မှု | ၁၆၉ |
| ၇။ | ရှေးက ရန်ငြွေး | ၂၀၇ |
| ၈။ | ဖယောင်းပန်းနီနီ | ၂၃၇ |
| ၉။ | မိန်းမ နှစ်ယောက် | ၂၆၅ |
| ၁၀။ | နတ်ရုပ် မည်းမည်း | ၂၉၁ |
| ၁၁။ | ကနေရီ ငှက်ကလေးများ အမှု | ၃၂၁ |
| ၁၂။ | ဆံပင်နီ မုဆိုးမ | ၃၅၁ |


mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK



ရှားလော့ဟုမ်း ပုံတူ ပန်းချီ
(ရေးဆွဲသူ ဖရန့် ဝိုင်းလ်)

mgyoe.com


mgyoe.com SAMPLE BOOK



ရှားလော့ဟုမ်း သရုပ်ဖော်ပုံ တစ်ပုံ
(ရေးဆွဲသူ ဖရက်ဒရစ် ဒေါ်စတီးလ်)

mgyoe.com


mgyoe.com SAMPLE BOOK



ပန်းချီ ဂျော့ ဟပ်ချင်ဆန် ၏
ရှားလော့ဟုမ်း ဇာတ်လမ်း သရုပ်ဖော်ပုံ တစ်ပုံ

mgyoe.com

SAMPLE BOOK



ရှားလော့ဟုမ်း ဇာတ်လမ်း သရုပ်ဖော်ပုံ တစ်ပုံ
(ရေးဆွဲသူ ဖရန့် ဝိုင်းလ်)

mgyoe.com

mgyoe.com SAMPLE BOOK



ရှားလော့ဟုမ်း၏ ပုံတူ ပန်းချီ တစ်ပုံ
(ရေးဆွဲသူ ရှာမတွေ့)

mgyoe.com

mgyoe.com SAMPLE BOOK



စထရင်း မဂ္ဂဇင်းတွင် ဖော်ပြခဲ့သော
ပန်းချီဆရာ ဝေါလတာ ပေးဂျက်၏ ရှားလော့ဟုမ်း သရုပ်ဖော်ပုံ တစ်ပုံ

mgyoe.com


mgyoe.com SAMPLE BOOK



၁၈၉၅ ခု၊ ဟာပါး အပတ်စဉ် ဂျာနယ်တွင်
ဖော်ပြခဲ့သော ပန်းချီဆရာ ဒဗလျူ၊ အိတ်ချ်၊ ဟိုက်၏ လက်ရာ
ရှားလော့ဟုမ်းနှင့် ဝပ်ဆင်

mgyoe.com

mgyoe.com SAMPLE BOOK




ရှားလော့ဟုမ်း ဇာတ်လမ်း သရုပ်ဖော်ပုံ တစ်ပုံ
(ပန်းချီ ဒီ အိပ်ချ် ဖရစ်စတန်)

mgyoe.com


mgyoe.com SAMPLE BOOK



ရှားလော့ဟုမ်း ဇာတ်လမ်း သရုပ်ဖော်ပုံ တစ်ပုံ
(ရေးဆွဲသူ အာသာ တွီးဒဲလ်)

mgyoe.com

mgyoe.com
SAMPLE BOOK



ရှားလော့ဟုမ်း၏ အခန်း
(ကာတွန်းဆရာ ရော်နယ် ဆားလ်၏ လက်ရာ)

mgyoe.com

mgyoe.com SAMPLE BOOK

## ရှားလော့ဟုမ်း ဝတ္ထုများမှ အရံ ဇာတ်ဆောင်များ

ရှားလော့ဟုမ်း ဝတ္ထုများတွင် ဇာတ်ဆောင်များမှာ ရှားလော့ဟုမ်းနှင့် ဒေါက်တာ ဝပ်ဆင်တို့ ဖြစ်ပြီး အရံ ဇာတ်ဆောင်များမှာ ရှားလော့ဟုမ်း နေထိုင်ရာ ၂၂၁ ဘီ၊ ဘေကာလမ်းမှ အိမ်ရှင် ဖြစ်သူ မစ္စက် ဟတ်ဆန်နှင့် စကော့တလန်ယာဒ် စုံထောက် အဖွဲ့မှ စုံထောက် အရာရှိများ ဖြစ်လေသည်။

စာရေးဆရာ အာသာ ကိုနင်ဒွိုင်းလ်သည် မစ္စက် ဟတ်ဆန်၏ ရုပ်ပုံကို ရေးခြယ်ရာတွင် လန်ဒန်ရှိ များစွာသော အိမ်ရှင် အဘွားကြီးများ၏ စရိုက်ကို စုပေါင်းကာ မစ္စက် ဟတ်ဆန်၏ ပုံပန်းသဏ္ဌာန်နှင့် စရိုက်တို့ကို ဖန်တီးယူဟန် ရှိသည်။

မစ္စက် ဟတ်ဆန်သည် လန်ဒန်မှ အိမ်ရှင်များ ထုံးစံအတိုင်း အိမ်ငှား များ အပေါ်တွင် သည်းခံတတ်သည်။ အိမ်ငှား တစ်ယောက်နှင့် ဆက်ဆံ ပြီးလျှင် နောက်ထပ် အိမ်ငှားကို မတင်လိုတော့ဘဲ ထိုအိမ်ငှားနှင့်သာ အရှည် ဆက်ဆံသွားလိုဟန် ရှိသည်။

ထို့ကြောင့်ပင်လျှင် စည်းကမ်း မရှိသော ရှားလော့ဟုမ်း၊ ပစ်စလက် ခတ် နေတတ်သော ရှားလော့ဟုမ်း၊ အိမ်နံရံကို သေနတ်ဖြင့် လက်တည့် စမ်းတတ်သော ရှားလော့ဟုမ်း၊ စူးဝါးလှသော ဓာတုဗေဒ စမ်းသပ်မှု များကို လုပ်တတ်သည့် ရှားလော့ဟုမ်း၊ အချိန်မတော် အိမ်သို့ ပြန်လာ တတ်သော ရှားလော့ဟုမ်း၊ လူပေါင်းစုံနှင့် ဆက်ဆံတတ်သော ရှားလော့ ဟုမ်းကို သည်းခံခြင်း ဖြစ်ဟန် တူသည်။

ထိုမျှသာမက မစ္စက် ဟတ်ဆန်သည် ရှားလော့ဟုမ်း၏ စုံထောက် လုပ်ငန်းတွင် အမှန်တရားကို ရှာတတ်ပုံ၊ မနစ်နာသင့်သူကို မနစ်နာရ လေအောင် ရှားလော့ဟုမ်း စုံစမ်း ထောက်လှမ်းပုံ၊ ဗြိတိသျှတို့၏ တရား ဥပဒေကို ရှားလော့ဟုမ်း ကာကွယ်တတ်ပုံ၊ ငွေရေးကြေးရေးကို ရှားလော့ ဟုမ်း မက်မောခြင်း မရှိပုံ၊ ရှားလော့ဟုမ်း၏ ထက်မြက်ပုံတို့ကိုလည်း အထိုက်အလျောက် နားလည် သိရှိကာ ထို အရည်အချင်းများကို မြတ် နိုးဟန် ရှိလေသည်။



mgyoe.com

mgyoe.com
SAMPLE BOOK

မစ္စက် ဟတ်ဆန်သည် မုဆိုးမ တစ်ယောက် ဖြစ်ပြီး သားသမီး ဟူ၍ ကျန်ရစ်ခဲ့ဟန် မတူချေ။ သူ့အိမ် မြေတိုက်ခန်းကလေးထဲတွင် နေထိုင်ကာ ရှားလော့ဟုမ်းအား အိမ် ငှားထားရုံသာမက ထမင်းလည်း ချက်ကျွေးလိုက်သေးသည်။ ဒေါက်တာ ဝပ်ဆင် အိမ်ထောင် ကျ၍ ၂၂၁ ဘီ၊ ဘေကာလမ်းမှ ပြောင်းရွှေ့သွားသည့်တိုင် ရှားလော့ဟုမ်းသည် မစ္စက် ဟတ်ဆန်၏ အိမ်မှာပင် ကျန်ရစ်ခဲ့သည်။ ရှားလော့ဟုမ်းသည် တစ်ခါ တစ်ရံ လပေါင်း များစွာ ခရီး သွားနေသည့်တိုင် သူ့ အိမ်လခကို ပေးမြဲ ပေးသည်။ သူ ပေးသည့် အိမ်လခများ အားလုံးကို ပေါင်းလိုက်လျှင် အိမ် တစ်လုံးပင် ဝယ်လောက်သည်ဟု ဆိုသည်။ ထို့ကြောင့် မစ္စက် ဟတ်ဆန်က ရှားလော့ဟုမ်းကို သဘောကျသည့် အချက်များထဲတွင် ထိုအချက်လည်း တစ်ချက် ပါဝင်နိုင်လေသည်။

ရှားလော့ဟုမ်းနှင့် ဒေါက်တာ ဝပ်ဆင်သည် ခွဲ၍ မရသည့် နည်းတူ ရှားလော့ဟုမ်းနှင့် အမှတ် ၂၂၁ ဘီ၊ ဘေကာလမ်းသည်လည်း ခွဲ၍ မရ။ ထို့အတူ ရှားလော့ဟုမ်းနှင့် မစ္စက် ဟတ်ဆန်ကိုလည်း ခွဲ၍ မရနိုင်ပါ။

ရှားလော့ဟုမ်း ဝတ္ထုများတွင် နောက် အရေးကြီးသော ဇာတ်ရုံများမှာ စကော့တလန်ယာဒ် စုံထောက် အဖွဲ့မှ ပုလိပ် အရာရှိများ ဖြစ်လေသည်။

အာသာ ကိုနင်ဒွိုင်းလ်သည် စကော့တလန်ယာဒ်မှ စုံထောက် အရာရှိများကို ခပ်နှိမ်နှိမ်ကလေး ရေးသားထားသည်ကို တွေ့ရသည် (ရွှေဥဒေါင်း၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင်လည်း ရွှေဥဒေါင်းသည် စုံထောက် အင်စပက်တော် ကိုအုံးဖေကို ခပ်နှိမ်နှိမ် ရေးထားသည်ကို တွေ့ရ၏။)။

ရှားလော့ဟုမ်း ဝတ္ထုများတွင် အင်စပက်တော် လက်စထရိတ်၊ အင်စပက်တော် ဂရက်ဆန်၊ အင်စပက်တော် ဗိန်း၊ အင်စပက်တော် ဂရီဂိုရီ၊ အင်စပက်တော် ဟော့ပကင်း စသူတို့ ဖြစ်လျက် သူတို့ အားလုံးမှာ ရှားလော့ဟုမ်းနှင့်စာလျှင် ခပ်ညံ့ညံ့ ဖြစ်နေကြသည်။ သို့ရာတွင် စာရေးဆရာ ကိုနင်ဒွိုင်းလ်သည် သူတို့ ညံ့ကွက်များကို ပြသည့် နည်းတူ သူတို့ တော်သည့် အချက်များကိုလည်း ပြသထားသဖြင့် ဇာတ်ဆောင်များသည် အရုပ်များလို မဟုတ်ဘဲ ရုပ်လုံး ကြွနေကြသည်။

အင်စပက်တော် လက်စထရိတ်မှာ ခွေးဘီလူး မျက်နှာကဲ့သို့ ရှိပြီး အမှု တစ်ခုကို လိုက်ရာတွင် စေ့စပ် သေချာသူ၊ ဖွဲနပဲကြီးသူ၊ စည်းကမ်းကြီးသူ၊ တရားဥပဒေက ညွှန်းဆိုသမျှကို စိုက်လိုက်မတ်တတ် လိုက်နာသူ

mgyoe.com

mgyoe.com SAMPLE BOOK

အဖြစ် ရေးထားသည်။ တရားခံ၏ အနံ့ကို ရသည်နှင့် အမဲလိုက် ခွေး တစ်ကောင်ကဲ့သို့ မရမနေ လိုက်သူ ဖြစ်သည်။

ဆာ အာသာ ကိုနင်ဒွိုင်းလ်သည် အင်္ဂလိပ် စုံထောက် အဖွဲ့၏ စေ့စပ် သေချာမှု၊ တရားဥပဒေကို ထိန်းသိမ်း ကာကွယ်မှု စသည့် အရာများကို လက်စထရိတ်တွင် ကိုယ်စားပြု ဖော်ပြထားသည်နှင့် အတူ သူတို့ ကြိုးနီ စနစ်ကို ကျင့်သုံးပုံ၊ ထိုးထွင်းဉာဏ် နည်းပုံ၊ အမှု တစ်ခုကို လိုက်ရာတွင် တရားသေ ကိုင်တတ်ပုံတို့ကိုလည်း ရေးပြထားလေရာ လက်စထရိတ်နှင့် တကွသော စုံထောက် အရာရှိများ၏ အားကောင်းချက်များသည် အင်္ဂလိပ် စုံထောက် အဖွဲ့များ၏ အားကောင်းချက်များ ဖြစ်နေပြီး သူတို့ တစ်သိုက် ၏ အားနည်းချက်များသည် အင်္ဂလိပ် စုံထောက် အဖွဲ့၏ အားနည်းချက် များ ဖြစ်နေသည်ကို တွေ့နိုင်လေသည်။

ဤဝတ္ထုတိုများမှာ ဆာ အာသာ ကိုနင်ဒွိုင်းလ်၏ သား အက်ဒရီ ယန် ကိုနင်ဒွိုင်းလ်နှင့် စာရေးဆရာ ဒစ်ကဆင် ကားတို့ ပူးပေါင်း ရေး ထားသော ဝတ္ထုများ ဖြစ်ရာ မူရင်း ၅၆ ပုဒ်၊ ယခု ၁၂ ပုဒ် ဖြစ်သဖြင့် ရှားလော့ဟုမ်း ဝတ္ထုတိုပေါင်း ၆၈ ပုဒ် ရှိသည်ဟု ဆိုနိုင်လေသည်။

ဤဝတ္ထုတိုများကို ဖော်ပြပေးခဲ့သော မိုးဝေ မဂ္ဂဇင်း အယ်ဒီတာ အဖွဲ့ကို လည်းကောင်း၊ စုပေါင်း ပုံနှိပ်သော ဘဝတက္ကသိုလ် စာပေတိုက် ကို လည်းကောင်း ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

မြသန်းတင့်




mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# နာရီ မုန်းသူ



ကျွန်ုပ်၏ မှတ်စုများကို ပြန်ကြည့်သည့် အခါ၌ နာရီများကို မုန်းသည့် လူတစ်ယောက်၏ ထူးထူးဆန်းဆန်း အမှုကို မိတ်ဆွေကြီး ရှားလော့ဟုမ်း စတင် ကိုင်တွယ်သည့် နေ့မှာ ၁၈၈၇ ခု၊ နိုဝင်ဘာလ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ နေ့လယ်ချိန် ဖြစ်ကြောင်းကို တွေ့ရလေ၏။

ထိုအမှုမှာ ကျွန်ုပ် လက်ထပ်ပြီးနောက်မှ ဖြစ်ပွားသည့် အမှု ဖြစ်သည့် အတွက် ၎င်းနှင့် ပတ်သက်၍ ဝိုးတိုးဝါးတားမျှလောက်သာ သိသည်ဟု တစ်နေရာတွင် ကျွန်ုပ် ဖော်ပြခဲ့ဖူးလေပြီ။ ထို့မျှမက ကျွန်ုပ်သည် လက်ထပ်ပြီး နောက်တစ်နှစ် မတ်လသို့ ရောက်သည့်အခါကျမှပင် မိတ်ဆွေကြီး ရှားလော့ဟုမ်းထံ အလည်အပတ် ရောက်ခဲ့ကြောင်းကိုလည်း တစ်ဆက်တည်း ဖော်ပြခဲ့ပေ၏။ သို့ရာတွင် ထိုအမှုမှာ လွန်စွာ သိမ်မွေ့သည့် အမှု တစ်ခု ဖြစ်သည့် အလျောက် စိတ်၏ အလိုကို မလိုက်ဘဲ သိက္ခာ၏ အလိုကို လိုက်၍ ရေးနေခဲ့သည့် ကျွန်ုပ်၏ ကလောင်ကို ကာလ ကြာမြင့်စွာ ချုပ်တည်းကာ ထိုအမှုကို ထိမ်ချန်ခဲ့ရလေရာ ယခုမှ ထုတ်ဖော် ရေးသားလိုက်ရသည့် အတွက် စာဖတ် ပရိသတ်များက ခွင့်လွှတ်ကြလိမ့်မည်ဟုလည်း မျှော်လင့်မိပေ၏။

ကျွန်ုပ်တို့ လက်ထပ်ပြီးနောက် များမကြာမီတွင် ကျွန်ုပ်၏ ဇနီးသည်သည် သူ့ဘက်မှ ရရန် ရှိသော အမွေ ကိစ္စများကို ပြောဆိုရန် အတွက် လန်ဒန်မှ ထွက်ခွာသွားလေ၏။ ဤတွင် ကျွန်ုပ်မှာလည်း အိမ်သစ်တွင် ဇနီး သားမယား မရှိဘဲ ယောင်ချာချာ ဖြစ်လျက် ရှိသည့် အတွက် ကျွန်ုပ်၏ နေရာဟောင်း ဖြစ်သော ဘေကာလမ်းသို့ ရှစ်ရက်မျှ လာရောက်ကာ ရှားလော့ဟုမ်းနှင့် အတူ နေ



mgyoe.com

mgyoe.com
SAMPLE BOOK

ထိုင်ခဲ့လေ၏။ ရှားလော့ဟုမ်းကမူ ကျွန်ုပ်အား ထွေထွေထူးထူး မေးမြန်းခြင်း မရှိဘဲ ဆီးကြို လက်ခံခြင်း ပြုပေ၏။ သို့ရာတွင် နောက်တစ်နေ့ ဖြစ်သည့် နိုဝင်ဘာ လ ၁၆ ရက်နေ့မှာမူကား ထူးခြားသော နေ့တစ်နေ့ ဖြစ်လာခဲ့ပေ၏။

ရာသီမှာ နှင်းခါးကြီးများ ကျကာ အလွန် အေးသည့် ရာသီ ဖြစ်လေ၏။ ထိုနေ့ တစ်မနက်လုံး ဝါကြင့်ကြင့် နှင်းမှောင်ကြီးများသည် ကျွန်ုပ်တို့ တိုက်ခန်း ပြတင်းမှန်များကို ပိတ်ဆို့လျက် ရှိလေ၏။ အိမ်ခန်းထဲတွင် မီးအိမ်များ၊ ဓာတ်ငွေ့ မီးတိုင်များ ထွန်းထားပြီး မီးလင်းဖိုကို မီးထည့်ထားရလေ၏။ ထိုမီးတိုင်များနှင့် မီးဖိုမှ မီးရောင်များသည် နေ့လယ် အထိ ရှင်းလင်းခြင်း မပြုရသေးသော မနက်စာ စားပွဲပေါ်သို့ ထိုးကျလျက် ရှိလေ၏။

ရှားလော့ဟုမ်းမှာ စိတ်တိုကာ တစ်စုံတစ်ရာကို စဉ်းစားလျက် ရှိလေ၏။ ဝတ်နေကျ မီးခိုးရောင် ပြာမွဲမွဲ ညဝတ် အင်္ကျီကို ဝတ်ကာ ချယ်ရီသား ဆေးတံ တစ်ချောင်းကို ခဲရင်း ပက်လက် ကုလားထိုင်ပေါ်တွင် ခွေလျက် ရှိရာမှ ထိုနေ့ မနက်ထုတ် သတင်းစာများကို လှန်လှော ဖတ်ရှုကာ စိတ်ပျက်လက်ပျက် ညည်းညူ လှောင်ပြောင်လျက် ရှိလေ၏။

'ဘယ်လိုလဲ ဆရာကြီး၊ ဘာမှ စိတ်ဝင်စားစရာ မတွေ့ဘူးလား'

'အိုင်ဆေးရေ၊ ဗလင်ဆင်တန်ရဲ့ အမှု ပြီးကတည်းက လောကကြီးဟာ ခြောက်ခန်းပြီး ပျင်းစရာ ကောင်းတဲ့ ကန္တာရကြီး ဖြစ်သွားပြီလား မသိဘူးဗျ'

'ဒါတော့ ခင်ဗျား ကိုယ်နှိုက်က လောကြီးနေလို့ ဖြစ်ပါလိမ့်မယ်၊ ဒီနှစ်ဟာ စိတ်ဝင်စားစရာ ကောင်းတဲ့ အမှုကောင်း တော်တော် ပေါတဲ့ နှစ်ပဲဟာ'

'ဒါကတော့ ခင်ဗျား အမြင်ကိုးဗျ၊ ဒါပေမဲ့ ခင်ဗျား နားမလည်ပါဘူးဗျာ၊ မနေ့ညက ညစာ ကျွေးတုန်းက ခင်ဗျားကို ဟိုးဗွန်း ဝိုင် အရက် ကောင်းကောင်း တစ်လုံးနှင့် ဧည့်ခံလိုက်လို့ အိမ်ထောင်ရေးရဲ့ စည်းစိမ်တွေကို အရက်ရှိန်ကလေး ကြောင့် အာဝဇ္ဇန်း ကောင်းကောင်းနှင့် ပြောချင် ပြောနိုင်လိမ့်မယ်၊ ဒါပေမဲ့ ခုကိစ္စ ကတော့ တစ်မျိုးပေါ့'

'အလိုဗျာ၊ နေစမ်းပါဦး၊ ဒါဖြင့် ကျွန်တော်က မနေ့ညက ဝိုင်အရက် အရှိန်ကလေးကြောင့် အာဝဇ္ဇန်း ရွှင်တယ်လို့ ဆိုချင်သပေါ့'

ရှားလော့ဟုမ်းက ကျွန်ုပ်ကို စူးစိုက် ကြည့်လိုက်လျက်

'ဘာ ကြောင့် မှန်း တော့ မသိဘူးလေ၊ အာဝဇ္ဇန်း ရွှင်နေတာကတော့ အမှန်ပဲ၊ ခင်ဗျားပဲ ကြည့်စမ်းပါဦးဗျာ'

ရှားလော့ဟုမ်းက သတင်းစာပုံကြီးကို လက်ညှိုး ထိုးပြလိုက်လေ၏။

mgyoe.com

mgyoe.com
SAMPLE BOOK

'သတင်းစာတွေထဲမှာ မဟုတ်တရုတ် သတင်းတွေ ရေးထားတာတွေကို ဖတ်ပြီးပလား'

'မဖတ်ရသေးဘူးဗျ၊ ဟောဒါက ဗြိတိသျှ ဆေးပညာ ဂျာနယ်ရယ်'

'ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့၊ ကြည့်ပဲ ကြည့်စမ်းပါဦး၊ လာမယ့် မြင်းပွဲ ရာသီမှာ လုပ်မယ့် မြင်းပွဲနှင့် ပြိုင်မယ့် မြင်းတွေ အကြောင်းကို ရေးထားလိုက်တာ၊ နည်းတဲ့ ကော်လန်တွေ မဟုတ်ဘူး၊ မြင်း တစ်ကောင်ဟာ တခြား မြင်း တစ်ကောင်ထက် ပိုပြေးနိုင်တယ် ဆိုတာကို ကြည့်ပြီး ကျုပ်တို့ အင်္ဂလိပ်တွေ တအံ့တသြ ဖြစ်နေတာလည်း ကြည့်စမ်းပါဦး၊ ဟော လာပြန်သေးတယ်၊ နောက် တစ်ကော်လန်၊ အိုဒက်ဆာမြို့မှာ နယ်စားကြီး အယ်လက်ဇီကို လုပ်ကြံဖို့ နဟီးလစ်ဂိုဏ်းသားတွေက ကြံစည် နေကြပြန်ပြီတဲ့ဗျ၊ ဒီသတင်းကလည်း ဘယ်နှခါ ရှိပြီလဲ မဆိုနိုင်ဘူး၊ သတင်းစာတွေထဲမှာ ခဏ ခဏ ပါနေတယ်၊ အံ့မယ် ဟောဒီ ဆောင်းပါးကတော့ တော်တော်လေး အရေးကြီးတဲ့ ပြဿနာကို ဆွေးနွေးထားသဗျ၊ အရှောင်းဆိုင် စာရေးမများ အပျိုကြီး လုပ်သင့် မလုပ်သင့်တဲ့'

သူ စိတ်တိုမည့် အရေးကို ကြိုမြင်လိုက်သဖြင့် ကျွန်ုပ်က ကြားဖြတ်ပြောမည် အပြုတွင် ရှားလော့ဟုမ်းက

'ကဲ ရာဇဝတ်မှုခင်း ဆိုလို့ ဘယ်မှာများ ပါသလဲဗျာ၊ စိတ်ဝင်စားစရာ သတင်း ဆိုလို့ ဘယ်မှာများ ပါသလဲ'

'အလို၊ ခေါင်းလောင်းသံ ထင်တယ်ဗျ' ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

'ဒီလောက်တောင် တဒင်ဒင် ရှေ့လောတကြီး နှိပ်နေပုံ ထောက်တော့ တော်တော် အရေးကြီးလာဟန် တူရဲ့ဗျ'

ကျွန်ုပ်တို့ နှစ်ယောက်သည် တိုင်ပင်ထားကြသည့် အလား ပြတင်းပေါက်ဆီသို့ ထလာကြကာ ဘေကာလမ်းထဲရှိ ကျွန်ုပ်တို့ တိုက်ခန်း အဝင်ဝဆီသို့ ငုံ့ကြည့်လိုက်ကြလေ၏။ ယခုအချိန်၌ နှင်းမှောင်ထုမှာ အတန်ငယ် ပါးသွားလေပြီ။ ကျွန်ုပ်တို့ တိုက်ခန်းရှေ့ ပလက်ဖောင်း ဘေးတွင် လှပသော တံခါး အလုံပိတ် မြင်းရထားကြီး တစ်စင်း ရပ်လျက် ရှိလေ၏။ ဦးထုပ် မြင့်မြင့်ကို ဆောင်း၍ ရထားသမားများ ဝတ်လေ့ ရှိသည့် အင်္ကျီရှည်ကြီးကို ဝတ်ထားသည့် ရထားသမား တစ်ယောက်သည် တံခါးကွက်ပေါ်တွင် အမ်ဟု အမှတ်အသား ရေးထားသည့် ရထား တံခါးကို ဖွင့်ပေးလျက် ရှိလေ၏။ ခဏ ကြာလျှင် အောက်ထပ်မှ ခပ်တိုးတိုး စကား ပြောသံ၊ မီးဖွင့်သံနှင့် ခပ်သုတ်သုတ် တက်လာသော ခြေသံများကို ကြားရပြီးနောက် ကျွန်ုပ်တို့ ဧည့်ခန်း တံခါးသည် ပွင့်လာလေ၏။

mgyoe.com

mgyoe.com
SAMPLE BOOK

ကျွန်ုပ်တို့ နှစ်ယောက်စလုံးမှာ ကျွန်ုပ်တို့ထံသို့ ရောက်လာသည့် ဧည့်သည်ကို မြင်လိုက်သဖြင့် အကြီးအကျယ် အံ့အားသင့်လျက် ရှိလေ၏။ ကျွန်ုပ်တို့ထံသို့ ရောက်လာသည့် ဧည့်သည်မှာ အသက် ဆယ့်ရှစ်နှစ်ထက် မကျော်သေးသော နုနယ် ငယ်ရွယ်သည့် မိန်းမပျိုကလေး တစ်ဦး ဖြစ်လေ၏။

ကျွန်ုပ်သည် နုနယ် ငယ်ရွယ်သည့် မိန်းမပျိုကလေးများ၏ မျက်နှာကို မြင်ခဲ့ဖူးပေါင်း များပြီ ဖြစ်သော်လည်း ယခုကဲ့သို့ မျက်နှာ တစ်ခုတည်းပေါ်တွင် လှပခြင်း၊ ယဉ်ကျေး သိမ်မွေ့ခြင်း၊ ဉာဏ် ထက်မြက်ခြင်းတို့ စုပေါင်းလျက် ရှိသည့် မျက်နှာမျိုးကိုကား တစ်ခါမျှ မမြင်ဖူးခဲ့သေးချေ။

ထိုမိန်းမပျို၏ ကြီးမား ပြာလဲ့သော မျက်လုံးကြီးများသည် ကျွန်ုပ်တို့အား အသနားခံသည့်နှယ် စူးစိုက် ကြည့်လျက် ရှိလေ၏။

၎င်း၏ ရွှေရောင် ဆံပင်များမှာ ဦးထုပ် အောက်မှ ထိုးထွက်လျက် ရှိလေ၏။

ခရီးသွား ဝတ်စုံ အပေါ်တွင် သားမွေး ကွပ်ထားသည့် အနီရောင် အပေါ်အင်္ကျီ တစ်ထည်ကို ထပ်ဝတ်ထားလေ၏။

လက်အိတ် စွပ်ထားသည့် လက်တစ်ဖက်တွင်မူ စီ အက်ဖ်ဟု အတိုကောက် ရေးထားသည့် လက်ဆွဲအိတ် တစ်လုံးကို ကိုင်ထားပြီး အခြား လက်တစ်ဖက်ဖြင့် ရင်ကို ဖိထားလေ၏။

မိန်းမပျိုက အမောတကော ဖြစ်သော်လည်း ချိုလွင်သည့် အသံဖြင့်

'ခုလို ရုတ်တရက် ခွင့်မတောင်းဘဲ ဝင်လာမိတဲ့ အတွက် ခွင့်လွှတ်ပါရှင်၊ ဦးတို့ နှစ်ယောက်မှာ ဘယ်သူက မစ္စတာ ရှားလော့ဟုမ်းပါလဲရှင်'

'ကျုပ်ပါ၊ ဟောဒါက ကျုပ် မိတ်ဆွေနှင့် လုပ်ဖော်ကိုင်ဖက် ဒေါက်တာ ဝပ်ဆင်တဲ့ဗျ'

'အဆင်သင့် တွေ့လို့ တော်ပါသေးရဲ့ရှင်၊ ကျွန်မ လာတဲ့ ကိစ္စကတော့…'

သို့ရာတွင် ကျွန်ုပ်တို့ ဧည့်သည်မှာ စကားကို ဆက်မပြောနိုင်တော့ဘဲ ထစ်အလျက် ရှိကာ မျက်နှာ တစ်ခုလုံး နီရဲလျက် ရှိပြီး မျက်လွှာကို ချထားလေ၏။

ရှားလော့ဟုမ်းသည် သူ့လက်မှ လက်ဆွဲအိတ်ကို အသာ လှမ်းယူလိုက်ပြီးလျှင် ကုလားထိုင် တစ်လုံးကို မီးဖို အနီးသို့ ရွှေ့ပေးလေ၏။

'ကဲ အေးအေးဆေးဆေး ထိုင်ဦး ကလေးမ' ဟု ဆိုကာ သောက်လက်စ ဆေးတံကို ဘေးသို့ ချထားလိုက်လေ၏။

mgyoe.com

mgyoe.com
SAMPLE BOOK

မိန်းမပျိုသည် ကုလားထိုင်တွင် ဝင် ထိုင်လိုက်ပြီး ရှားလော့ဟုမ်းကို ကျေးဇူးတင်သည့် အကြည့်ဖြင့် ကြည့်လျက် ရှိရာမှ

'ကျေးဇူးတင်ပါတယ် စုံထောက်ကြီးရယ်၊ စုံထောက်ကြီးဟာ လူ့ စိတ်ကို အလိုလို သိတယ်လို့ ပြောကြတာ ခုမှပဲ ကိုယ်တွေ့ ကြုံရပါတယ်'

'အင်း ဒီလောက်လည်း မဟုတ်ပါဘူးကွယ်၊ ကဲ ဆိုစမ်းပါဦး'

'ဟုတ်ပါတယ်ရှင်၊ စုံထောက်ကြီးဟာ အမှုသည်တွေရဲ့ လျှို့ဝှက်ချက်ကို ချက်ချင်း သိနိုင်တယ်တဲ့၊ အမှုသည်တွေဆီက စကား တစ်လုံးမှ မကြားရခင် ကတည်းက သူတို့ လာတဲ့ ကိစ္စကို သိနိုင်တယ်တဲ့'

ရှားလော့ဟုမ်းက ပြုံးလိုက်လျက်

'အင်း ဒါကတော့ သူတို့က နည်းနည်း ချဲ့ကား ပြောကြတာ ဖြစ်ပါလိမ့်မယ်၊ ကျုပ်တူမကြီးဟာ ဂုဏ်သရေရှိ အမျိုးသမီး တစ်ဦးရဲ့ တိုးတိုးဖော် ဖြစ်တယ် ဆိုတာရယ်၊ ခရီးတို့ ဘာတို့ သွားခဲ့ပေမဲ့ မကြာခင်ကပဲ ဆွစ်ဇာလန် ပြည်က ပြန်လာတယ် ဆိုတာရယ်၊ ပြီးတော့ တူမကြီး လာတဲ့ ကိစ္စဟာ တူမကြီးရဲ့ ချစ်သူနှင့် ပတ်သက်တယ် ဆိုတာရယ်၊ ဒါလောက်က လွဲလို့တော့ ကျုပ် ဘာမှ အကဲခတ်လို့ မရသေးဘူးဗျ'

အမျိုးသမီးမှာ ရုတ်တရက် လန့်ဖျပ်သွားပြီး ကျွန်ုပ် ကိုယ်တိုင်မှာလည်း အံ့အားသင့်လျက် ရှိလေ၏။

'ဗျို့ ဟုမ်း၊ ဒါတော့ လွန်ပြီဗျာ၊ ဒါတွေကို ခင်ဗျား ဘယ့်နှယ်လုပ် သိသလဲ'

'ဟုတ်ပါတယ်ရှင်၊ ဘယ့်နှယ်လုပ် သိပါသလဲ' ဟု မိန်းမပျိုကပါ မေးလိုက်လေ၏။

'သတိမမူ ဂူမမြင်တဲ့ဗျ၊ သတိမူမိတော့လည်း မြင်တာပေါ့ဗျာ၊ လက်ဆွဲအိတ်ဟာ အသစ် မဟုတ်သည့်တိုင် ခရီးရှည်ကြီး သွားခဲ့လို့ တွန့်ကြေ စုတ်ပြတ်နေတာမျိုး မတွေ့ရဘူးဗျ၊ ပြီးတော့ အိတ်ပေါ်မှာ ချိတ်ထားတဲ့ လေဗယ်က ဆွစ်ဇာလန်ပြည်၊ ဂရင်ဒယ်ဝေါ်မြို့၊ စပလင်ဒီဒယ် ဟိုတယ်က လေဗယ် ဆိုတာကို သတိ မူလိုက်မိတယ် ဆိုရင် အထူးအထွေ စဉ်းစားဉာဏ် ထုတ်စရာ မလိုလှပါဘူး၊ လက်ဆွဲအိတ် ဘေးမှာ ကပ်ထားတဲ့ လေဗယ်မှာ ထင်းထင်းကြီး မြင်နေရတာပဲ'

'ဒါဖြင့် ကျန်တဲ့ အချက်တွေကကော'

'ကျုပ် တူမကြီးရဲ့ အဝတ်အစားဟာ အထက်တန်းကျကျ အဝတ်အစား


mgyoe.com

mgyoe.com
SAMPLE BOOK

တွေဗျ၊ သို့သော်လည်း သိပ် အသစ်ကြီး မဟုတ်ဘူး၊ ဒါ့ပြင် သိပ်လည်း တန်ဖိုး မကြီးလှဘူး၊ သို့တိုင်အောင် ကလေးမဟာ ဆွစ်ဇာလန်က အကောင်းဆုံး ဟို တယ်ကြီးမှာ တည်းခဲ့ပြီး တော်တော် ခံ့ညားတဲ့ ရထားကြီးကို စီးလာတယ်ဗျ၊ လက်ထဲမှာ ကိုင်လာတဲ့ လက်ဆွဲအိတ်ပေါ်မှာတော့ စီ အက်ဖ် ဆိုတဲ့ အတိုကောက် စာလုံး ပါပြီး ရထားကြီးရဲ့ တံခါးပေါ်မှာတော့ အမ် ဆိုတဲ့ အတိုကောက် စာ လုံးကို ရေးထားတယ်ဗျ၊ ဒါကိုကြည့်ရင် ကျုပ် တူမကြီးဟာ အထက်တန်းကျတဲ့ အိမ် တစ်အိမ်မှာ အလုပ် လုပ်နေတယ် ဆိုတာ အလွယ်တကူနှင့် သိနိုင်ပါတယ်၊ သူငယ်မကလေး အရွယ်က စာပြ ဆရာမ လုပ်တဲ့ အရွယ် မဖြစ်နိုင်သေးဘူး၊ ဒီတော့ ဂုဏ်သရေရှိ အမျိုးသမီး တစ်ယောက်ရဲ့ တိုးတိုးဖော်ပဲ ဖြစ်ရမယ်လို့ ကျုပ် တွက်လိုက်တယ်၊ သူ့ ချစ်သူရဲ့ ကိစ္စလို့ ပြောရတာကတော့ ဒီကိစ္စကို ရှေ့ ဆက် မပြောနိုင်သေးဘဲ မျက်နှာ နီရဲပြီး မျက်လွှာကို ချထား လိုက်တာကို ကြည့်ပြီး ကျုပ် ပြောလိုက်တာပါ၊ ကျုပ် ပြောတာ မှန်ပါတယ်နော်'

မိန်းမပျိုသည် ပို၍ စိတ် လှုပ်ရှားသွားဟန်ဖြင့် ရင်ဝကို လက်နှစ်ဖက် ဖြင့် ဖိလိုက်လျက်

'မှန်ပါတယ်ရှင်၊ စုံထောက်ကြီး ပြောတဲ့ အတိုင်းပါပဲ၊ ကျွန်မ နာမည်က ဆယ်လီယာ ဖောဆိုက်ပါ၊ ဆပ်ဆက်နယ်က ဂရောက်စတန်လိုး စံအိမ်က လေဒီ မေယိုရဲ့ တိုးတိုးဖော် အဖြစ် အလုပ် ဝင်လုပ်တာ တစ်နှစ်ကျော်လောက် ရှိပါပြီ၊ ချားလ်ကတော့ ...'

'သြော် သူငယ်မလေး ပြောတဲ့ လူရဲ့ နာမည်က ချားလ်တဲ့လား'

မစ္စ ဖောဆိုက်က မော့မကြည့်ဘဲ ခေါင်းညိတ်ပြလိုက်လေ၏။

'သူ့ အကြောင်းကို ပြောရမှာ ကျွန်မ ဆုတ်ဆိုင်းဆိုင်း ဖြစ်နေတာက တော့ တခြားကြောင့် မဟုတ်ပါဘူးရှင်၊ သူ့ အကြောင်း ပြောရင် စုံထောက် ကြီးတို့ ရယ်မှာ စိုးလို့ပါ၊ ဒီအကြောင်းကို ပြောလိုက်ရင် စုံထောက်ကြီးတို့က တော့ ကျွန်မ ရူးနေတယ်လို့ ထင်မှာပဲ၊ ဒါတွင် မကဘူး၊ ချားလ်ကိုလည်း ရူး နေတယ်လို့ ထင်မှာပဲ'

'ဘာဖြစ်လို့ ထင်ရမှာလဲဗျာ၊ ဆိုစမ်းပါဦး'

'တခြားကြောင့်တော့ မဟုတ်ပါဘူးရှင်၊ ချားလ်က နာရီတွေကို မြင်ရင် စိတ် မထိန်းနိုင်ဘဲ ဖြစ်နေလို့ပါ'

'ဘာ၊ နာရီ ဟုတ်စ'

'ဟုတ်ပါတယ်ရှင်၊ ဘာကြောင့်ရယ်လို့တော့ မပြောတတ်ပါဘူး၊ လွန်

mgyoe.com

mgyoe.com SAMPLE BOOK

ခဲ့တဲ့ နှစ်ပတ်လောက် အတွင်းမှာ ချားလ်ဟာ နာရီ ခုနစ်လုံးကို ရိုက်ခွဲခဲ့ပြီးပါပြီ၊ နှစ်လုံးကတော့ လူတွေ ရှေ့မှာတွင် ရိုက်ခွဲပစ်တာရှင့်၊ ကျွန်မ ကိုယ်တိုင်လည်း မြင်ရပါတယ်'

ရှားလော့ဟုမ်းက သေးသွယ်သည့် လက်ချောင်းကလေးများကို ပွတ်လိုက်ရင်း

'အင်း ဟုတ်ပါပြီဗျာ၊ တော်တော် ထူးဆန်းတဲ့ အမှုပါ၊ လုပ်စမ်းပါဦး၊ ကျုပ် တူမကြီးရဲ့ စကားကို ဆက်စမ်းပါဦး'

'ကျွန်မဖြင့် ပြောတောင် မပြောချင်ပါဘူးရှင်၊ ဒါပေမဲ့ ကျွန်မ ကြိုးစားပြီး ပြောပါ့မယ်၊ လွန်ခဲ့တဲ့ နှစ်တွေတုန်းက လေဒီ မေယိုဆီမှာ ကျွန်မ အလုပ်လုပ်ရတာ တော်တော်လေး ပျော်ပါတယ်၊ ကျွန်မ မိဘများကတော့ မရှိကြတော့ပါဘူး၊ ဒါပေမဲ့ ကျွန်မက ပညာတော့ ကောင်းကောင်း သင်ခဲ့ရပါတယ်၊ ပြီးတော့လည်း ကျွန်မ ရတဲ့ အမွေကလေး ဘာလေးက ကျွန်မ တစ်ယောက် အတွက်တော့ ဘာမှ မပူရပါဘူး၊ အတော်အသင့် ပြည့်စုံတယ်လို့ ပြောနိုင်ပါတယ်။

'လေဒီ မေယိုကတော့ တော်တော်လေး စည်းကမ်းကြီးပါတယ်၊ ရှေးလည်း ဆန်ပါတယ်၊ ဒီတော့ တော်တော်လေး အယူသီးပြီး အကွပ်အညှပ်လည်း အားကြီးပါတယ်၊ ဒါပေမဲ့ ကျွန်မ အပေါ်မှာတော့ ပြောစရာ မရှိပါဘူးရှင်၊ သက်ညှာပါတယ်၊ အလိုလည်း လိုက်ပါတယ်၊ သူ နေတဲ့ ဂရောက်စတန်လိုး စံအိမ်က အင်မတန် ခေါင်တဲ့ နေရာမှာ ရှိလေတော့ အဲဒီမှာ ကြာကြာ နေရရင် ကျွန်မတို့လို မိန်းကလေးတွေ ပျော်မှာ မဟုတ်ဘူး၊ ပျင်းမှာပဲ ဆိုပြီး သူကပဲ ဆွစ်ဇာလန်ကို ကျွန်မကို ခေါ်သွားတာပါ၊ ပါရီကနေ ဂရင်ဒယ်ဝေါကို ရထားနှင့် သွားကြတော့ ရထားပေါ်မှာ ကျွန်မတို့ တွေ့ကြပါတယ်၊ အဲ ချားလ်ကို တွေ့ပါတယ်၊ သူ့ နာမည် အပြည့်အစုံက ချားလ် ဟင်ဒန်ပါ'

ရှားလော့ဟုမ်းမှာ ကုလားထိုင် နောက်မှီကို မှီ၍ ထိုင်ရင်း စဉ်းစား တွေးတောလေ့ ရှိသည့် အခါမျိုးတွင် သူ့ လုပ်လေ့ ရှိသည့် အတိုင်း လက်ချောင်းထိပ်ကလေးများကို တေ့ထားရင်း နားထောင်လျက် ရှိလေ၏။

'အဲဒီ သူငယ်နှင့် ပထမဆုံး စတွေ့တာ ဆိုပါတော့'

'ဟုတ်ပါတယ်ရှင်'

'ဟုတ်ပြီဗျ၊ အသိအကျွမ်းကကော ဘယ်နည်း ဘယ်ပုံ ဖြစ်သွားကြတာလဲ'

'အသေးအဖွဲကလေးကနေ သိကျွမ်း သွားကြတာပါရှင်၊ ရထားပေါ်မှာ

mgyoe.com

mgyoe.com SAMPLE BOOK

ပထမတန်းက ဆိုလို့ ကျွန်မတို့ သုံးယောက်ပဲ ပါပါတယ်၊ ချားလ်က အမူအရာကလည်း ယဉ်ကျေး၊ စကားပြောကလည်း ကောင်း၊ မျက်နှာထားကလည်း ချိုတော့'

'သဘော ပေါက်ပါပြီလေ၊ ဒီပြင် အသေးစိတ်ကလေးတွေကိုသာ တိတိကျကျ ပြောစမ်းပါ'

မစ္စ ဖောဆိုက်သည် ပြာလဲ့ ပြူးကျယ်သော မျက်လုံးကြီးများဖြင့် ရှားလော့ဟုမ်းကို မော့်ကြည့်လိုက်လေ၏။

'စ သိကျွမ်းသွားကြတာကတော့ ပြတင်းပေါက်ကြောင့်ပါရှင်၊ ချားလ်က မျက်လုံး မျက်ဖန်ကလည်း ကောင်း၊ ပြီးတော့ မုတ်ဆိတ်မွေးကလည်း ခပ်ညိုညိုနှင့်ပါ၊ သူက လေဒီ မေယိုကို ဦးညွှတ်ပြီး ပြတင်းပေါက်ကို ပိတ်လိုက်ရမလား၊ ပိတ်ပါရစေလို့ ခွင့်တောင်းပါတယ်၊ လေဒီ မေယိုကလည်း သဘောတူပါတယ်၊ ခဏကြာတော့ သူတို့ နှစ်ယောက်ဟာ မိတ်ဆွေဟောင်းကြီးများလို စကားလက်ဆုံ ကျနေတော့တာပါပဲ'

'အင်း ဟုတ်ပြီ'

'လေဒီ မေယိုက ကျွန်မကို ချားလ်နှင့် မိတ်ဆက်ပေးပါတယ်၊ ဒါနှင့် ကျွန်မတို့ သုံးယောက် စကား ကောင်းသွားလိုက်ကြတာ ဂရင်ဒယ်ဝေါကို ရောက်မှန်းတောင် မသိလိုက်ကြပါဘူး၊ တစ်လမ်းလုံး ပျော်ပျော်ရွှင်ရွှင် အချိန် ကုန်သွားကြတာပါပဲ၊ ဒါပေမဲ့ ဂရင်ဒယ်ဝေါက စပလင်ဒီဒယ် ဟိုတယ် ဧည့်ခန်းကိုလည်း ဝင်လိုက်ရော ကျွန်မကို ဒုက္ခပေးမယ့် ပထမဆုံး ကိစ္စ စဖြစ်တော့တာပါပဲ ရှင်။

'ဟိုတယ်က နာမည်သာ ကြီးပေမဲ့ သိပ်တော့ မကြီးလှဘူးရှင့်၊ သပ်တော့ သပ်ရပ်ပါတယ်၊ ချားလ်က သူဟာ တပည့် တစ်ယောက်နှင့် အားလပ်ရက် ခရီး ထွက်လာတဲ့ လူတစ်ယောက်ပါလို့ သာမန်လောက်သာ ပြောပေမဲ့ ကျွန်မ စိတ်ထဲမှာတော့ တော်တော် အရေးပါ အရာရောက်တဲ့ လူတစ်ယောက်လို့ပဲ ထင်မိပါတယ်၊ ဟိုတယ် မန်နေဂျာ မစ္စတာ ဗရင်းဂါးက လေဒီ မေယိုကိုရော သူ့ကိုပါ အရေးတယူ ဆီးကြိုပြီး နေရာ ချပေးပါတယ်၊ သူက မစ္စတာ ဗရင်းဂါးကို တိုးတိုး တိုးတိုးနှင့် ပြောတော့လည်း မန်နေဂျာက တော်တော်ကြီးကို ကျိုးကျိုးနွံနွံနှင့် နားထောင်တာ တွေ့ရပါတယ်၊ ပြောပြီး သူက ခပ်ပြုံးပြုံးနှင့် တစ်ဖက်ကိုလည်း လှည့်လိုက်ရော သူ့ အမူအရာဟာ ချက်ချင်းကြီး ပြောင်းသွားပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

'အဲဒီတုန်းက သူက လောင်းကွတ် အင်္ကျီကြီးကို ဝတ်ပြီး ဦးထုပ် မြင့်မြင့်ကြီး တစ်လုံးကို ဆောင်းလို့ရှင့်၊ လမ်းလျှောက် ကြိမ်တုတ် တစ်ချောင်းကိုလည်း ချိုင်းကြားမှာ ညှပ်ထားပါတယ်၊ သူ့ နောက်ကျောဘက်မှာ အလှ ထားတဲ့ ပန်းအိုးတွေ ရှိပြီး ပန်းအိုးတွေရဲ့ အလယ်မှာ မီးလင်းဖို တစ်ခု ရှိပါတယ်၊ မီးလင်းဖိုပေါ်မှာ ဆွစ်ဇာလန်လုပ် စားပွဲတင် နာရီ တစ်လုံး တင်ထားပါတယ်၊ နာရီက တော်တော်လေးလည်း ပုံလှပါတယ်။

'အဲဒီ အချိန် အထိ ကျွန်မကတော့ နာရီ ရှိတာကို သတိ မထားမိသေးပါဘူး၊ ဒါပေမဲ့ ချားလ်ဟာ တစ်ချက် မပီမသ အော်လိုက်ပြီး မီးလင်းဖိုဆီကို ပြေးသွားပါတယ်၊ ပြီးတော့ လက်ထဲမှာ ပါလာတဲ့ ကြိမ်တုတ်နှင့် နာရီကို အားရပါးရ ရိုက်ခွဲလိုက်တာရှင်၊ တစ်ချက်လည်း မဟုတ် နှစ်ချက်လည်း မဟုတ် နောက်ဆုံးတော့ နာရီဟာ မီးဖိုဘေးက ကြမ်းပြင်မှာ အစိတ်စိတ် အမြွာမြွာ ကွဲပြီး ကျသွားပါတယ်။

'ပြီးတော့ ပြန်လှည့်ပြီး ခပ် ဖြည်း ဖြည်း လျှောက်လာပါတယ်၊ အနားရောက်တော့ စကား တစ်လုံးမှ မပြောဘဲ အိတ်ထဲက စာအုပ်ကလေး တစ်အုပ်ထုတ်ပြီး ငွေစက္ကူ တစ်ရွက် ထုတ်ပေးပါတယ်၊ ကျွန်မ အထင်တော့ နာရီရဲ့ တန်ဖိုးထက် ဆယ်ဆလောက်တောင် ရှိလိမ့်မယ် ထင်ပါတယ်၊ ပြီးတော့မှ ချားလ်ဟာ ဒီပြင် အကြောင်းတွေကို ရယ်ရယ်မောမော ပြောနေပါတယ်။

'သူ့ လုပ်ပုံကို ကြည့်ပြီး ကျွန်မတို့ ဘယ်လောက် အံ့အားသင့်နေမယ်ဆိုတာ စုံထောက်ကြီးပဲ စဉ်းစားကြည့်ပါတော့ရှင်၊ လေဒီ မေယို ဆိုတာ ဣန္ဒြေမပျက်အောင်သာ ဟန်ဆောင်နေရတယ်၊ တော်တော့်ကို ကြောက်နေပါပြီ၊ ချားလ်ကတော့ ဒီလောက် ကြောက်နေပုံ မရပါဘူး၊ စိတ်ဆိုးတဲ့ပုံ ပေါ်နေပါတယ်၊ ဒီတုန်းမှာ နောက်က အထုပ်အပိုးတွေ ကြားထဲမှာ ရပ်နေတဲ့ ချားလ်ရဲ့ တပည့်ကို ကျွန်မ လှမ်းမြင်လိုက်ပါတယ်၊ သူ့တပည့်က ခပ်သေးသေး ခပ်ညှက်ညှက်၊ နှုတ်ခမ်းမွေး ကျင်စွယ်နှင့်ပါ၊ သူ့မျက်နှာပေါ်မှာတော့ အနေရ အထိုင်ရ ခက်ပြီး တော်တော်လေး ရှက်တဲ့ပုံလည်း ပေါ်နေပါတယ်။

'အဲဒီတုန်းက ဒီအကြောင်းကို ဘာမှ မပြောကြပါဘူး၊ ဒီလိုနှင့် ဒီကိစ္စကိုလည်း မေ့မေ့ပျောက်ပျောက်ပဲ နေလိုက်ကြပါတယ်၊ နောက် နှစ်ရက်လုံးလုံး ကျွန်မတို့နှင့် တွေ့တော့ ချားလ်ကို ကြည့်ရတာကလည်း ပုံမှန်ပါပဲ၊ ဘာဣန္ဒြေမှ မပျက်ပါဘူး၊ အဲ တတိယမြောက်နေ့ မနက်စာ စားကြလို့ ထမင်းစားခန်းထဲမှာ ပြန်တွေ့တဲ့ အခါ ကျတော့မှ နောက်တစ်ခါ ပြဿနာ ထပ်ဖြစ်ပြန်တာပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

'ထမင်းစားခန်းက ပြတင်းပေါက် အကျယ်ကြီးတွေမှာ အပြင်ဘက်က နေရောင် မထိုးအောင် နှင်းမပက်အောင် ဆိုပြီး ခန်းဆီး ကန့်လန့်ကာကြီးတွေ တပ်ထားပါတယ်၊ အဲဒီတုန်းက ထမင်းစားခန်းထဲမှာ တခြား လူတွေလည်း မနက်စာ စားနေကြပါတယ်၊ ဒီတုန်းမှာ ချားလ်ဟာ လက်ထဲမှာ ကြိမ်တုတ်ကို ကိုင်ပြီး မနက် လမ်းလျှောက်ရာက ပြန်လာတာကို ကျွန်မ မြင်လိုက်ပါတယ်။

' "မနက်ခင်း လေကောင်း လေသန့် သွားရှူတာ ဒေါ်ဒေါ်ရဲ့၊ လေကောင်း လေသန့်ကို ရှူတာဟာလည်း အစားအသောက် ကောင်းကောင်း တစ်ခုကို စားသောက် ရသလို အားရှိတယ်" လို့ လေဒီ မေယိုကို လှမ်းပြောပါတယ်။

'ဒီလို ပြောနေရာက သူ့ မျက်လုံးတွေဟာ ပြတင်းပေါက်ဆီကို ရောက်သွားပါတယ်၊ ပြတင်းပေါက်ဆီကို လှမ်းကြည့်နေရာက ချားလ်ဟာ ကျွန်မတို့ အနားက ဖြတ်သွားပြီး ခန်းဆီး ကန့်လန့်ကာကြီးကို ကြိမ်တုတ်နှင့် လှမ်းရိုက်လိုက်ပါတယ်၊ ရိုက်ပြီး ကန့်လန့်ကာကို ဆွဲလိုက်တော့ အထဲမှာ ကွဲအက်နေတဲ့ နာရီကြီးကို မြင်လိုက်ရပါတယ်၊ ကျွန်မဖြင့် အဲဒီတုန်းက လေဒီ မေယို လှမ်းဆွဲလိုက်ပေလို့ပေါ့၊ မဆွဲမျှား မဆွဲလိုက်ရင် မူးမေ့ လဲကျသွားလိမ့်မယ်လို့တောင် ထင်ပါတယ်'

မစ္စ ဖောဆိုက်သည် လက်တွင် စွပ်ထားသည့် လက်အိတ်များကို ချွတ်လိုက်ပြီးလျှင် ပါးကို လက်ဝါးဖြင့် ပွတ်လျက် ရှိလေ၏။

'ချားလ်ဟာ နာရီတွေကို ရိုက်ခွဲရုံတွင် မကဘူးရှင့်၊ ကွဲသွားတဲ့ နာရီတွေကိုလည်း နှင်းထဲမှာ သွားမြှုပ်တယ်၊ ပြီးတော့ တချို့ကိုလည်း သူ့ အခန်းထဲက ဗီရိုထဲမှာ သွားပြီး ဝှက်ထားသေးတယ်'

ရှားလော့ဟုမ်းမှာ မျက်လုံးများကို မှိတ်ကာ ကုလားထိုင်တွင် မှီ၍ ထိုင်လျက် ရှိရာမှ ခေါင်းကို ငိုက်စိုက် ချထားရင်း နားထောင်လျက် ရှိလေ၏။

မစ္စ ဖောဆိုက်၏ စကား ဆုံးသွားသည့် အခါတွင်မှ မျက်လုံး ဖွင့်၍ ကြည့်လိုက်ပြီး

'ဘာ ဗီရိုထဲမှာ ထားတယ် ဟုတ်စ၊ အင်း ဒါက ပိုပြီးတောင် ထူးဆန်းသွားပြန်ပြီဗျ၊ ကလေးမက ဘယ်လိုလုပ်ပြီး သိသလဲ'

'ရှက်ရှက်နှင့် ပြောပါရစေတော့ရှင်၊ ကျွန်မက မနေနိုင်တာနှင့် သူ့တပည့်ကို မေးလို့ သိရတာပါ'

'ဘာ ရှက်စရာ ရှိလို့လဲဗျာ'

'တကယ်တော့ ကျွန်မမှာ မေးခွင့် မရှိဘူး မဟုတ်လားရှင်၊ ကျွန်မနှင့်



mgyoe.com

mgyoe.com
SAMPLE BOOK

ဘာဆိုင်တာ မှတ်လို့၊ ကျွန်မလို မိန်းကလေးမျိုးကိုလည်း သူက … အေးလေ၊ ကျွန်မနှင့် ဘာမှ မဆိုင်ဘူး မဟုတ်လား၊ ဒီတော့ ကျွန်မမှာ မေးပိုင်ခွင့် မရှိဘူး ပေါ့'

ရှားလော့ဟုမ်းက ကြင်နာစွာဖြင့်

'ဘာဖြစ်လို့ မေးပိုင်ခွင့် မရှိရမှာလဲ ကလေးမရယ်၊ ရှိတာပေါ့၊ ဒါနှင့် မင်းက သူ့တပည့်ကို မေးရော ဆိုပါတော့၊ သူ့တပည့်က မင်း ပြောတဲ့ အတိုင်း ဆိုရင် ခပ်သေးသေး ညှက်ညှက်၊ နှုတ်ခမ်းမွေး ကျင်စွယ်နှင့်နော်၊ နာမည်က ကော'

'နာမည်က ထရက်ပလေလို့ ခေါ်တယ် ထင်ပါတယ်၊ သူ့ ဆရာကတော့ သူ့ကို ထရက်လို့ ခေါ်သံကို ကျွန်မ ကြားလိုက်မိပါတယ်၊ ကျွန်မ သိသလောက် တော့ သူ့ ဆရာ အပေါ်မှာ တော်တော် သစ္စာ ရှိပုံ ရပါတယ်၊ ကျွန်မဖြင့် သူ့ လောက် သစ္စာ ရှိတဲ့ တပည့်ကို မမြင်ဖူးသေးဘူးလို့တောင် ထင်ပါတယ်၊ အလွန် အင်္ဂလိပ် ပီသတဲ့ သူ့ မျက်နှာကို ကြည့်ရတာကိုက ကျွန်မ စိတ်ထဲမှာ သဘော ကျနေပါတယ်၊ ကျွန်မက သူ့ ဆရာ အကြောင်းကို စိတ်ဝင်စားနေတာကို သူ ကောင်းကောင်း နားလည်ပါတယ်၊ သဘောလည်း ပေါက်ပါတယ်၊ သူ့ ဆရာဟာ ဒီနှစ်လုံးတွင် မကဘူးတဲ့၊ တခြား နာရီ ငါးလုံးကိုလည်း ခွဲပြီး မြေကြီးထဲ မြှုပ် ပစ်ခဲ့ပြီးပြီတဲ့၊ ပါးစပ်က ထုတ်မပြောပေမဲ့ သူလည်း ကျွန်မလိုပဲ တော်တော်လေး စိုးရိမ်နေတယ်လို့ ကျွန်မ ထင်ပါတယ်၊ ဒါပေမဲ့ ချားလ်ဟာ ရူးတာလည်း မဟုတ် ဘူးရှင့်၊ လုံးလုံး ဘာမှ မဖြစ်ဘူး၊ နောက်ဆုံး အဖြစ်အပျက်ကို နားထောင် ကြည့်ရင် သူ မရူးဘူး ဆိုတာ စုံထောက်ကြီးလည်း သိလာမှာပါ'

'ဟုတ်လား'

'အဲဒါက လွန်ခဲ့တဲ့ လေးရက်လောက်က ဖြစ်တာပါ၊ ဟိုတယ်မှာ လေဒီ မေယို တည်းတဲ့ အခန်းက ဧည့်ခန်းနှင့် တွဲလျက် ခန်းစုံပါ၊ အဲဒီ အခန်းထဲမှာ စန္ဒရားလည်း ရှိပါတယ်၊ ကျွန်မက ဂီတကိုလည်း ဝါသနာ ပါပြီး နည်းနည်းပါး ပါးလည်း တီးတတ် ခေါက်တတ်လေတော့ လက်ဖက်ရည် သောက်ပြီးတယ် ဆိုရင် လေဒီ မေယိုနှင့် ချားလ်တို့ကို စန္ဒရား တီးပြတတ်ပါတယ်၊ ကျွန်မက သူတို့ နှစ်ယောက်ကို စန္ဒရား တီးပြနေတုန်းမှာ ဟိုတယ်က အလုပ်သမား တစ် ယောက် ဝင်လာပြီး ချားလ်ကို စာ တစ်စောင် လာပေးပါတယ်'

'ခဏကလေးရယ်ဗျ၊ စာအိတ်ပေါ်က စာတိုက် တံဆိပ်ကို သတိထား လိုက်မိသလား'

mgyoe.com

mgyoe.com
SAMPLE BOOK

'ဟုတ်ကဲ့၊ နိုင်ငံခြား စာတိုက် တံဆိပ် ရိုက်ထားပါတယ်ရှင်၊ ဒါပေမဲ့ ဒါက သိပ် အရေးမကြီးဘူးလို့ ထင်ပါတယ်၊ စုံထောက်ကြီးက …'

'ကျုပ်က ဘာဖြစ်သလဲ'

မစ္စ ဖောဆိုက်၏ မျက်နှာပေါ်တွင် စိတ်ရှုပ်သည့် အမူအရာ ပေါ်လာလေ၏။ ထိုနောက် မစ္စ ဖောဆိုက်သည် စိတ်ရှုပ်နေရာမှ အားယူ၍ ပြုံးလိုက်ရင်း သူ့ စကားကို ပြန်ဆက်လိုက်လေ၏။

'ချားလ်က စာအိတ်ကို ဖွင့်ဖတ်လိုက်ပါတယ်၊ သူ့ မျက်နှာဟာ တစ်ခါတည်း ဖြူရော်သွားတယ်ရှင့်၊ ပါးစပ်ကလည်း တစ်ခွန်း အော်ပြီး အခန်းထဲက ပြေးထွက်သွားပါတယ်၊ နောက် နာရီဝက်လောက် ကြာလို့ ကျွန်မတို့ ဟိုတယ် အောက်ထပ်ကို ဆင်းလာတော့ သူတို့ မရှိတော့ပါဘူး၊ သူတို့ ဆရာ တပည့် နှစ်ယောက် အထုပ် အပိုးတွေ ပြင်ပြီး ချက်ချင်း ထွက်သွားကြတယ်လို့ သိရပါတယ်၊ ကျွန်မတို့ကို နှုတ်ဆက်တဲ့ စာကလေး တစ်စောင်တောင် မထားခဲ့ပါဘူး၊ ပြန်သွားတဲ့ အကြောင်း ပြောလိုက်ပါ ဆိုတဲ့ စကားကလေးတောင် ပြောမသွားပါဘူး၊ အဲဒီကတည်းက သူ့ကို မမြင်ရတော့တာပါပဲရှင်'

မစ္စ ဖောဆိုက်သည် ခေါင်းကို ငုံ့လိုက်လေ၏။ မျက်ရည်များသည် ပါးပြင်ပေါ်သို့ စီးကျလာကြလေ၏။

'ကဲ စုံထောက်ကြီးရယ်၊ ကျွန်မကတော့ အကုန် ပွင့်ပွင့်လင်းလင်း ပြောပြီးပါပြီ၊ ဒီတော့ စုံထောက်ကြီးကလည်း ကျွန်မကို ပွင့်ပွင့်လင်းလင်း ပြောစေချင်ပါတယ်၊ အဲဒီ စာထဲမှာ စုံထောက်ကြီး ဘာတွေများ ရေးလိုက်လို့လဲ'

ကျွန်ုပ်မှာ သူ့စကားကြောင့် အံ့အားသင့်လွန်းသည့် အတွက် ကုလားထိုင်တွင် ဆတ်ခနဲ မတ်လိုက်မိလေ၏။ ရှားလော့ဟုမ်းမှာမူ မည်သို့မျှ ထူးခြားဟန် မပြချေ။ ရှားလော့ဟုမ်းသည် တုန်ယင် သေးသွယ်သော လက်ချောင်းများဖြင့် ပါးသျှား ရေ့ထိုး ဖိနပ်ထဲတွင် ထိုးထည့်ထားသည့် ဆေးတံသောက်ဆေးများကို လှမ်းယူလိုက်ပြီးလျှင် မြေဆေးတံထဲတွင် ထည့်၍ ဖွာလျက် ရှိလေ၏။

'အဲဒီ စာထဲမှာ ဟုတ်စ'

ရှားလော့ဟုမ်း၏ အသံမှာ မေးခွန်းထုတ်သံ မဟုတ်ဘဲ စကား တစ်ခွန်းကို သံယောင်လိုက်၍ မေးနေသော အသံမျိုး ဖြစ်ပေ၏။

'ဟုတ်ပါတယ်ရှင်၊ အဲဒီ စာကို စုံထောက်ကြီး ရေးလိုက်တာပါ၊ စုံထောက်ကြီးရဲ့ လက်မှတ်ကို ကျွန်မ မြင်လိုက်ပါတယ်၊ ဒါကြောင့် ကျွန်မ ဒီကို လိုက်လာတာပါ'

mgyoe.com

mgyoe.com
SAMPLE BOOK

'ဘုရားရေ'

ရှားလော့ဟုမ်းသည် အာမေဋိတ်သံ ပြုလိုက်ပြီးနောက် အတန်ကြာမျှ တိတ်ဆိတ်လျက် ရှိလေ၏။ သူ့ အနီး တစ်ဝိုက်တွင် ဆေးလိပ် မီးခိုးတွေ ထောင်းထောင်း ထလျက် ရှိပြီး မျက်လုံးများက နာရီစင်ပေါ်တွင် ရှိသည့် နာရီကလေးကို စိုက်ကြည့်လျက် ရှိလေ၏။

'အဖြေ ဆိုတာ မေးတိုင်း လွယ်လွယ် ဖြေလို့ မဖြစ်ဘူး သူငယ်မရဲ့၊ တစ်ခါတလေကျတော့ စဉ်းစဉ်းစားစား ဖြေရတဲ့ အခါ ရှိတယ်၊ သူငယ်မကို နောက်ထပ် တစ်ခုတော့ မေးချင်သေးတယ်ဗျ'

'ဟုတ်ကဲ့ရှင်၊ မေးပါ'

'လေဒီ မေယိုဟာ အလျှင်တုန်းကလိုပဲ ချားလ် ဟင်ဒန်ကို မိတ်ဆွေလို ဆက်ဆံသေးသလား'

'အို ဆက်ဆံပါတယ်ရှင်၊ ခုတော့ လေဒီ မေယိုဟာ သူ့ကို တော်တော်လေးကို ခင်နေပါပြီ၊ ခုဆိုရင် နာမည်ကိုတောင် မခေါ်တော့ဘဲ အဲလက်လို့ ခေါ်သံကို ကြားရပါတယ်'

မစ္စ ဖောဆိုက်သည် သံသယ ဖြစ်ဟန် သင်္ကာမကင်း ဖြစ်ဟန်ဖြင့် စကားကို ရပ်ထားလိုက်ပြီးမှ

'နေပါဦးရှင်၊ မေးစမ်းပါရစေဦး၊ ဒီမေးခွန်းကို ဘာ့ကြောင့်များ မေးတာပါလိမ့်'

ရှားလော့ဟုမ်းသည် ထိုင်ရာမှ ထလိုက်လေ၏။

'ကောင်းပြီလေ သူငယ်မ၊ မင်း မျက်နှာကို ထောက်သောအားဖြင့် ဒီကိစ္စကို ကျုပ် ကြည့်ပေးပါ့မယ်၊ ဒီနေ့ ညနေ မင်း ဂရောက်စတန်လိုး စံအိမ်ကို ပြန်မှာပေါ့'

'ဟုတ်ကဲ့၊ ပြန်မှာပါ၊ ဒါပေမဲ့ စုံထောက်ကြီးမှာ နောက်ထပ် ပြောစရာတွေ ရှိလိမ့်ဦးမယ်လို့ ထင်ပါတယ်ရှင်၊ ခုထက်ထိ ကျွန်မ မေးတာတွေကို တစ်ခွန်းမှ မဖြေသေးပါဘူး'

'အင်း၊ ဒါကတော့ ကျုပ်မှာလည်း ကျုပ်နည်းနှင့် ကျုပ် ရှိသပေါ့ကွယ်၊ ဟောဒီက မိတ်ဆွေကြီး ဒေါက်တာ ဝပ်ဆင် သိပါတယ်၊ အပန်း မကြီးဘူး ဆိုလို့ ရှိရင်သာ ဒီနေ့က စပြီး နောက်တစ်ပတ် ပြည့်တဲ့နေ့ ည ကိုးနာရီမှာ ကျုပ်ဆီကို လာခဲ့ပါ၊ အဲဒီ အခါ ကျရင်တော့ မင်းကို သတင်းလေး ဘာလေး ပေးနိုင်လိမ့်မယ် ထင်ပါရဲ့'


mgyoe.com

mgyoe.com
SAMPLE BOOK

ဤသည်မှာ ညည့်သည်ကို ယဥ်ယဥ်ကလေးဖြင့် နှင်ခြင်း ဖြစ်ပေ၏။ မစ္စ ဖောဆိုက်သည် ထိုင်ရာမှ ထကာ ရှားလော့ဟုမ်းအား အားကိုးတကြီးဖြင့် ကြည့်လျက် ရှိလေရာ ကျွန်ုပ်မှာ မနေနိုင်တော့ဘဲ အားပေး နှစ်သိမ့်ခြင်း ပြုရလေ၏။ ကျွန်ုပ်သည် ကလေးမ၏ လက်ကို ကိုင်ကာ

'ကဲပါကွယ်၊ ဒီလောက်လည်း စိုးရိမ်မနေပါနှင့်၊ ဦးတို့ မိတ်ဆွေကြီး ကို စိတ်ချပါ၊ သူ ရအောင် စုံစမ်းပေးပါလိမ့်မယ်၊ ဦးကလည်း တတ်နိုင်သမျှ ကူညီ စုံစမ်းပေးမှာပေါ့'

မိန်းမပျိုသည် ကျွန်ုပ်အား ကျေးဇူးတင်သော အပြုံးဖြင့် ပြုံး၍ နှုတ်ဆက် ပြီးနောက် ဆင်းသွားလေ၏။ မိန်းမပျို ဆင်းသွားသည့် အခါတွင် ကျွန်ုပ်က ရှား လော့ဟုမ်းဘက်သို့ လှည့်၍

'ခင်ဗျားနှယ်ဗျာ၊ ကလေးမကလေး စိတ်အေးအောင် အထိုက်အလျောက် ပြောလိုက်ရော့ပေါ့၊ ခုတော့ သူ့ခမျာ သနားစရာ'

'အိုဗျာ၊ သူ့ အရှိန်နှင့် သူ နေစမ်းပါစေ'

ကျွန်ုပ်သည် ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်ရင်း

'ဗျို့ ဟုမ်း၊ ခင်ဗျား ဘယ့်နှယ် ပြောလိုက်တာလဲ၊ ကိစ္စက အသေးအဖွဲ ကလေး ဆိုတာ ကျွန်တော် မငြင်းလိုပါဘူး၊ ဒါပေမဲ့ နေစမ်းပါဦး၊ နာရီတွေ ရိုက် ခွဲနေတဲ့ အရူးဆီကို ခင်ဗျားက ဘာဖြစ်လို့ စာတွေ ရေးတာလဲ'

ရှားလော့ဟုမ်းသည် ရှေ့သို့ ကုန်းကာ ကျွန်ုပ် ဒူးကို ရှည်လျား သေး သွယ်သည့် လက်ညှိုးဖြင့် တို့လိုက်ပြီးနောက်

'အိုင်ဆေး၊ ဘာ စာမှ ကျုပ် မရေးဘူးဗျ'

'ဗျာ'

'ကျုပ် နာမည်ကို ဒီလိုပဲ အလွဲသုံးစား လုပ် လုပ်သွားကြတာ များလှပြီ လေ၊ ခုလည်း တစ်ယောက်ယောက်တော့ ကျုပ် နာမည်ကို သုံးပြီး တစ်ခုခု မကောင်း ကြံစည်နေပြီ ထင်တာပဲ'

'ဒါဖြင့် ဒီကိစ္စကို ခင်ဗျား အရေးတကြီး ထားတယ်ပေါ့'

'ထားပါသော်ကောဗျာ၊ ဘယ့်နှယ် ပြောပါလိမ့်၊ ဒီကိစ္စ အတွက် ကျုပ် ဒီနေ့ ညရထားနှင့် ဥရောပတောင် လိုက်သွားတော့မလို့'

'ဥရောပကို လိုက်မယ် ဟုတ်စ၊ ဆွစ်ဇာလန်ကိုပေါ့'

'ဘယ်ကလာ ဆွစ်ဇာလန်ရမှာလဲဗျာ၊ ဆွစ်ဇာလန်ကို သွားပြီး ဘာလုပ် မှာလဲ'

mgyoe.com

mgyoe.com SAMPLE BOOK

'ဒါဖြင့် ဘယ်ကို သွားမှာလဲ'

'ဒါတောင် ဘယ်ကို သွားမလဲ ဆိုတာ မရိပ်မိသေးဘူးလားဗျ'

'တကယ်ပါဗျာ၊ ကျွန်တော်ဖြင့် ဘယ်လို စဉ်းစားရမှန်းတောင် မသိတော့ဘူး'

'ခင်ဗျားလည်း အချက်အလက်တွေ အားလုံးလောက် ရနေပြီကပဲ၊ ပြီးတော့ မစ္စ ဖောဆိုက်ကို ပြောလိုက်တဲ့ စကားတွေကိုလည်း ကြားပြီးပြီ၊ ကျုပ်နည်းတွေကို ခင်ဗျား ကောင်းကောင်း သိနေပြီ၊ အဲဒီ နည်းတွေကို သုံးပြီး စဉ်းစားကြည့်ဗျာ'

ရှားလော့ဟုမ်း ခရီး သွားရန် အထုပ်အပိုးများ ပြင်ပြီးသည့် အချိန်လောက်၌ နှင်းမှောင်ကျနေသည့် ဘေကာလမ်းထဲတွင် မီးပွင့်များ လင်းစပြုလာခဲ့လေပြီ။ ရှားလော့ဟုမ်းသည် နားကာ ပါသည့် ခရီးသွား ဦးထုပ်၊ အင်ဖားနစ် ကုတ်အင်္ကျီရှည်တို့ကို ဝတ်ဆင်ကာ ဂလက်စတုံ လက်ဆွဲအိတ်ကို ခြေရင်းတွင် ချလျက် ကျွန်ုပ်တို့ တိုက်ခန်း ဧည့်ခန်းတွင် မားမားကြီး ထိုင်ရင်း ကျွန်ုပ်အား စိုက်ကြည့်လျက် ရှိလေ၏။

'အင်း ခင်ဗျားကို ကြည့်ရတာ အဖြေ ထွက်မယ့်ပုံ မပေါ်ပါဘူး၊ ဒီတော့ တစ်ခွန်းတော့ ပြောလိုက်မယ်၊ ချားလ် ဟင်ဒန်ဟာ နာရီကို'

'ဒါကတော့ ရှင်းပါတယ်လေ၊ နာရီကို မြင်ရင် စိတ် မထိန်းနိုင်ဘူး မဟုတ်လား'

ရှားလော့ဟုမ်းက ခေါင်းကို ယမ်းလိုက်လေ၏။

'မဟုတ်ဘူးဗျ၊ နာရီ ငါးလုံး ကိစ္စကို ခင်ဗျား စဉ်းစားကြည့်ပေါ့၊ သူ့အစေခံ ပြောတဲ့ နာရီ ငါးလုံးရယ်လေဗျာ'

'နို့ သူက ဒီနာရီ ငါးလုံးကိုတော့ ရိုက်မခွဲဘူး မဟုတ်လား'

'ဒါကြောင့်မို့ အဲဒီ နာရီ ငါးလုံး ကိစ္စကို စဉ်းစားကြည့်လို့ ပြောတာပေါ့ဗျ၊ စဉ်းစားလို့ မရရင်လည်း နောက်တစ်ပတ် ဒီနေ့ည ကိုးနာရီ အထိ စောင့်ဦးပေါ့'

ခဏ အကြာတွင် ရှားလော့ဟုမ်းသည် အောက်သို့ ဆင်းသွားလေရာ အခန်းထဲတွင် ကျွန်ုပ် တစ်ယောက်တည်း ကျန်ရစ်ခဲ့လေ၏။

ပျင်းရိဖွယ် ကောင်းသည့် ထိုသီတင်း တစ်ပတ်လုံး ကျွန်ုပ်သည် ထိုအကြောင်းကိုသာ စဉ်းစားလျက် ရှိလေ၏။ သို့ဖြင့် ကျွန်ုပ်သည် ထိုရက်သတ္တပတ်အတွင်း၌ သာစတန်နှင့် ဘီလိယက် ထိုးခြင်း၊ ရှစ် ဆေးတံ သောက်ဆေး



mgyoe.com

mgyoe.com SAMPLE BOOK

ကောင်းကောင်းဖြင့် ဆေးတံ သောက်ခြင်း၊ ချားလ် ဟင်ဒန်၏ အမှုနှင့် ပတ်သက်သည့် မှတ်စု မှတ်တမ်းများကို ပြန်လည် ကြည့်ရှုခြင်း စသည့် အလုပ်များဖြင့် အချိန်ကုန်လျက် ရှိပေ၏။ ကျွန်ုပ်မှာ ရှားလော့ဟုမ်းနှင့် နှစ်ရှည်လများ ပေါင်းသင်းလာခဲ့သည့် အတွက် စဉ်းစား တွေးတောခြင်း မပြုရလျှင် မနေနိုင်သလောက် ဖြစ်နေလေပြီ။

ကျွန်ုပ်၏ စိတ်၌ မစ္စ ဖောဆိုက် ဆိုသည့် သူငယ်မကလေး အဖို့ ဘေးအန္တရာယ် တစ်စုံတစ်ရာ ကျရောက်လေမည်လောဟု တွေးတော စိုးရိမ်လျက်ရှိပြီး ချောမော ခံ့ညားသော ချားလ် ဟင်ဒန်နှင့် အကဲခတ်ရ ခက်လှသော လေဒီမေယိုတို့ အတွက်လည်း စိတ်မချနိုင်အောင် ဖြစ်လျက် ရှိလေ၏။

နိုဝင်ဘာလ ၂၃ ရက်နေ့ ဗုဒ္ဓဟူးနေ့၌ ကျွန်ုပ်တို့၏ အမွေ ကိစ္စများ ပြီး၍ ကျွန်ုပ် ဇနီး ပြန်ရောက်လာသည့် အတွက် ကျွန်ုပ် အဖို့လည်း ဆေးကုရန် တိုက်ခန်းကလေး တစ်ခန်း ဝယ်နိုင်တော့မည် ဖြစ်သဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက် ရှိလေ၏။

ထိုနေ့ညသ္၌ ကျွန်ုပ်တို့ ဇနီး မောင်နှံသည် ကျွန်ုပ်တို့ တိုက်ခန်းရှိ ဧည့်ခန်း မီးလင်းဖို ဘေးတွင် ထိုင်ကာ စကား စမြည် ပြောဆိုလျက် ရှိကြရင်း ကျွန်ုပ်က ကျွန်ုပ် တွေ့ကြုံခဲ့ရသည့် ထိုကိစ္စ အကြောင်းကို ဇနီးသည်အား ထုတ်ဖော် ပြောဆိုခြင်း ပြုလေ၏။ ကျွန်ုပ်က မစ္စ ဖောဆိုက် ဆိုသည့် သူငယ်မကလေး ချစ်စရာကောင်းပုံ၊ လှပပုံ၊ ယဉ်ကျေး သိမ်မွေ့ပုံတို့ကို ပြောဆိုပြီးနောက် အကျဉ်းအကျပ် ကျနေသည့် သူ့ အခြေအနေတို့ကို ပြောပြလေ၏။ ကျွန်ုပ်၏ ဇနီးမှာ မည်သို့မျှ ပြောဆိုခြင်း မရှိဘဲ မီးဖိုမှ မီးတောက်များကိုသာ ငေးကြည့်လျက် ရှိလေ၏။

ခပ်လှမ်းလှမ်းရှိ ဘစ်ဘင် နာရီကြီးမှ ရှစ်နာရီခွဲ ထိုးသံကို ကြားရသည့် အခါကျမှ ကျွန်ုပ်မှာ အိပ်ရာမှ လန့်နိုးလာသကဲ့သို့ ဆတ်ခနဲ သတိရလာကာ

'ကြည့်စမ်း မေရီရေ၊ ငါ လုံးလုံးကို သတိ မရဘူးကွာ၊ ခုမှပဲ သတိရတော့တယ်'

'ဘာကို သတိရတာလဲ' ဟု ကျွန်ုပ် ဇနီးက ကျွန်ုပ်ကို အလန့်တကြား ကြည့်၍ မေးလိုက်လေ၏။

'ဒီနေ့ည ကိုးနာရီမှာ ဘေကာလမ်းကို လာခဲ့မယ်လို့ ကတိ ပေးထားခဲ့တာကွ၊ မစ္စ ဖောဆိုက် ဆိုတဲ့ သူငယ်မကလေးရော အဲဒီကို လာမှာ'

ကျွန်ုပ်၏ ဇနီးသည်က ကျွန်ုပ် လက်ကို ကိုင်ထားရာမှ လွှတ်လိုက်လျက်

'အမယ်လေး၊ ဒီလိုဆိုရင်လည်း ခုချက်ချင်းပဲ ကြွတော်မူပါ၊ ရှင့်မှာလည်း


mgyoe.com

mgyoe.com SAMPLE BOOK

မစ္စတာ ဟုမ်းရဲ့ အမှုတွေကို ဒီလောက်တောင်ပဲ စိတ်ဝင်စားနေရသတဲ့လား' ဟု ခပ်ငေါ့ငေါ့ ပြောလိုက်လေ၏။

ကျွန်ုပ်မှာ ခပ်ငေါ့ငေါ့ အပြော ခံလိုက်ရသည့် အတွက် စိတ်မကောင်း ဖြစ်သွားသည့်တိုင် မနေသာတော့ဘဲ ဦးထုပ်ကို ကောက်ကိုင်ကာ အပြင်သို့ ထွက်လာခဲ့လေ၏။

ထိုနေ့ညမှာ နှင်းကျခြင်း မရှိသော်လည်း အလွန် ချမ်းအေးသည့် ည တစ်ည ဖြစ်လေ၏။ လမ်းမပေါ်တွင် နှင်းခဲတို့ မရှိသည့်တိုင် နှင်းတို့ အရည် ပျော်ထားသည့် အတွက် ဗွက်တွေ ထလျက် ရှိလေ၏။ နာရီဝက် အတွင်းတွင် ကျွန်ုပ်သည် ပက်လက် ရထားကလေး တစ်စင်းဖြင့် ဘေကာလမ်း တိုက်ခန်း သို့ ရောက်လာခဲ့လေ၏။

ကျွန်ုပ်သည် ရင်တထိတ်ထိတ်ဖြင့် ဘေကာလမ်း တိုက်ခန်းကို လှမ်း ကြည့်လိုက်ရာ အပေါ်ထပ်ခန်း ပြတင်းပေါက်များမှ မီးရောင်တို့ ထိန်လင်းလျက် ရှိပြီး ခန်းဆီးပေါ်တွင် အရပ် ရှည်ရှည်၊ ပိန်ပိန်ပါးပါး သဏ္ဌာန်ကို မြင်ရသည့် အတွက် ရှားလော့ဟုမ်း ပြန်ရောက်နေပြီ ဖြစ်ကြောင်းကို သိရလေ၏။

ကျွန်ုပ်သည် ကျွန်ုပ်ထံတွင် ရှိသည့် သော့ တစ်ချောင်းဖြင့် တံခါးကို ဖွင့် လိုက်လေ၏။ သူ့ ထုံးစံ အတိုင်း အခန်းထဲတွင် အဝတ် ဦးထုပ်၊ ကုတ်အင်္ကျီ ရှည်နှင့် ဂလက်စတုံ လက်ဆွဲအိတ်တို့ ဖရိုဖရဲ ပြန့်ကျဲနေသည်ကို ထောက်ခြင်း အားဖြင့် ရှားလော့ဟုမ်းမှာ ခရီးမှ ပြန်လာကာစ ဖြစ်ဟန် ရှိလေ၏။

ရှားလော့ဟုမ်းသည် ကျွန်ုပ်ကို ကျောပေးကာ သူ့ စာရေးနေကျ ခုံတွင် ရပ်လျက် ရှိပြီး စာအိတ်များကို တစ်အိတ်ပြီး တစ်အိတ် ဖောက်လျက် စာရွက် များကို အထပ်လိုက် စုပုံနေသည်ကို အစိမ်းရောင် အုပ်ထားသည့် စားပွဲတင် မီးအိမ်မှ အရောင်တွင် အတိုင်းသား မြင်ရလေ၏။ တံခါး ဖွင့်သံ ကြားလိုက် သည့် အခါ၌ ရှားလော့ဟုမ်းသည် နောက်သို့ ပြန် လှည့်ကြည့်လိုက်သော်လည်း မျက်နှာမှာ ရှုံ့မဲ့သွားသည်ကို တွေ့ရလေ၏။

'လက်စသတ်တော့ ခင်ဗျားကိုးဗျ၊ ကျုပ်က သူငယ်မလေး မစ္စ ဖော ဆိုက်ကို မျှော်နေတာ၊ သူငယ်မကလေးက တယ် နောက်ကျတာကိုး'

'ဟိုလူဆိုးတွေကများ သူငယ်မကလေးကို ဒုက္ခ ဖြစ်အောင် လုပ်ထား သလားမှ မသိတာ၊ လုပ်ရင်တော့ ကျွန်တော်နှင့် တစ်ပွဲတစ်လမ်း တွေ့ကြဦးမှာ ပေါ့ဗျာ'

'ဘယ်လူဆိုးတွေလဲဗျ'


mgyoe.com

mgyoe.com SAMPLE BOOK

'ချားလ် ဟင်ဒန်နှင့် လေဒီ မေယို ဆိုတဲ့ မိန်းမပေါ့ဗျ၊ အင်း မိန်းမ တစ်ယောက်ကို ဒီလို ပြောရတာတော့ မကောင်းဘူးပေါ့ဗျာ၊ ဒါပေမဲ့ ဘယ် တတ်နိုင်မလဲ'

တင်းမာ ခက်ထန်နေသော ရှားလော့ဟုမ်း၏ မျက်နှာသည် အနည်းငယ် ပျော့ပျောင်း သွားလေ၏။

'အင်း၊ ကျုပ်လူကတော့ အလျင်က အတိုင်းပဲကိုးဗျ၊ ဒုက္ခ ရောက်နေတဲ့ မိန်းမချောကလေးတွေ ဆိုရင် တယ်ပြီးတော့ ကယ်တင်ချင်တာကိုး၊ တစ်ခါတလေကျတော့ ခင်ဗျားဟာ ပါးမလိုလိုနှင့် တော်တော် အတဲ့လူ'

ကျွန်ုပ်က ခပ်တည်တည်ဖြင့်

'ဒါဖြင့် ဥရောပကို သွားတဲ့ ခင်ဗျား ကိစ္စကကော အောင်မြင်ခဲ့ပြီလား'

'ဆောရီးဗျာ၊ အပြစ်တင် စောလို့ စိတ်မရှိပါနှင့်၊ ကျုပ်က စိတ် နည်းနည်း တိုနေလို့ပါ၊ ဥရောပကို သွားတဲ့ ကျုပ်ကိစ္စကလည်း တယ်ပြီး ဟန်မကျခဲ့ပါဘူး၊ ကျုပ်မှာဖြင့် ကြိမ်စကြာ ရိုက် အခေါ်ခံလိုက်ရသလို ဥရောပတိုက်က မြို့တစ်မြို့ကို သုတ်ခြေတင် လိုက်သွားလိုက်ရတာ၊ အချိန်စေ့တော့ ပြန်လာခဲ့ရရုံပဲ'

'လိုက်သွားတော့ ဘာဖြစ်သလဲ'

'အိုင်ဆေးရေ၊ ချားလ် ဟင်ဒန် ဆိုတဲ့ လူဟာ တော်တော် ကြောက်တတ်တဲ့ လူနှင့် တူတယ်ဗျ၊ သို့သော်လည်း လူက ဉာဏ်တော့ သိပ်မခေလှဘူး၊ ဆွစ်ဇာလန်ကလည်း ထွက်သွားရော၊ ကျုပ်ရဲ့ လက်မှတ်တု ထိုးထားတဲ့ စာလိမ်ဟာ သူ့ကို မှားခေါ်တဲ့ စာလို့ ရိပ်မိသွားပုံ ရတယ်ဗျ၊ သို့သော်လည်း ဘယ်လိုပဲ ဖြစ်ဖြစ် သူ့ကိုတော့ ကျုပ် ရှာလို့ မတွေ့ခဲ့ဘူး၊ ခုလောက်ဆို ဘယ်ဆီများ ရောက်နေပြီလဲ မဆိုနိုင်ဘူး၊ ဒါ့ထက် နေစမ်းပါဦး၊ ခင်ဗျားက ဘာဖြစ်လို့ သူ့ကို လူဆိုးလို့ ခေါ်ရတာလဲ၊ လင်းစမ်းပါဦး'

'အင်း၊ ကျွန်တော်လည်း စိတ်လိုက်မာန်ပါ ပြောလိုက်မိဟန် တူပါရဲ့ဗျာ၊ သို့သော်လည်း ဘယ်လိုပဲဖြစ်ဖြစ် ဒီလူကိုတော့ ကျွန်တော် တယ်ပြီး သဘောမတွေ့လှဘူးဗျ'

'အကြောင်းက ...'

'အထက်တန်းကျကျ လူတစ်ယောက်က အမူအရာ ယဉ်ကျေး သိမ်မွေ့ရမယ်၊ ရည်မွန်ရမယ် ဆိုတာ ကျွန်တော် မငြင်းလိုပါဘူး၊ သို့သော်လည်း ခင်ဗျားလူကတော့ များလွန်းသဗျ၊ အမျိုးသမီး တွေ့ရင် ဦးညွှတ် ပြလိုက်ရတာကလည်း

mgyoe.com

mgyoe.com
SAMPLE BOOK

အမေ၊ ဥရောပတိုက်မှာ အင်္ဂလိပ် အမျိုးသမီး တစ်ယောက်ကို ပြင်သစ် အသံထွက်နှင့် ခေါ်တတ်လေတော့ သူ့ခမျာမှာ ရိုးရိုးတန်းတန်း မခေါ်ဘဲ ဥရောပတိုက်သားများ ခေါ်သလို ခေါ်လိုက်ရတာကလည်း အမေ၊ သူ့ခမျာ အင်္ဂလိပ်လိုပီသအောင် ကြိုးစားတော့ ခေါ်ပါရဲ့၊ ဒါပေမဲ့ အင်္ဂလိပ်သံ မပေါက်ဘဲ ဖြစ်နေတယ်ဗျ၊ တန်တော့ ဒီကတည်းက ခင်ဗျား လူဟာ အင်္ဂလိပ် တစ်ယောက် မဟုတ်ဘူးလို့ ကျွန်တော် တွက်လိုက်ပြီ'

ရှားလော့ဟုမ်းသည် အံ့အားသင့်ဟန်ဖြင့် ကျွန်ုပ်ကို စိုက်ကြည့်လျက်ရှိရာမှ တစ်စုံတစ်ရာ ပြန်ပြောမည် အပြုတွင် ကျွန်ုပ်တို့ တိုက်ခန်းရှေ့ လမ်းမ၌ မြင်းရထား တစ်စင်း ထိုးဆိုက်သံကို ကြားလိုက်ရလေ၏။ တစ်မိနစ် အတွင်း၌ မစ္စ ဖောဆိုက်သည် ဘိုလာဟက် ခေါ် ဦးထုပ် မြင့်မြင့်ကို ဆောင်းထားသည့် ခပ်သေးသေး ခပ်ညှက်ညှက် လူတစ်ယောက်ကို ခေါ်လျက် အခန်းထဲသို့ ဝင်လာလေ၏။

ထိုလူ၏ နှုတ်ခမ်းမွေး ကျင်စွယ် ကားကားကြီးများကို ကြည့်၍ ထိုလူမှာ ချားလ် ဟင်ဒန်၏ တပည့် ထရက်ပလေ ဖြစ်လိမ့်မည်ဟု ကျွန်ုပ် ခန့်မှန်းလိုက်မိပေ၏။

မစ္စ ဖောဆိုက်၏ မျက်နှာမှာ အအေးဒဏ်ကြောင့် နီရဲလျက် ရှိလေ၏။ မစ္စ ဖောဆိုက်မှာ သားမွေးအင်္ကျီတိုကလေးကို ဝတ်ထားပြီး လုပသည့် သားမွေးလက်အိတ်ကို လက်တွင် ကိုင်လာလေ၏။

မစ္စ ဖောဆိုက်သည် နိဒါန်းပျိုးခြင်း မရှိဘဲ

'စုံထောက်ကြီးရေ၊ ချားလ်တော့ အင်္ဂလန်ကို ရောက်နေပြီရှင့်'

'အင်း ကျုပ် ထင်သားပဲ၊ ခု သူ ဘယ်မှာလဲ'

'ဂရောက်စတန် စံအိမ်မှာပါ၊ မနေ့တုန်းက စုံထောက်ကြီးဆီကို ကြေးနန်းရိုက် အကြောင်း ကြားမလို့ လုပ်သေးတယ်ရှင့်၊ ဒါပေမဲ့ လေဒီ မေယိုက တားတာနှင့် မရိုက်ဖြစ်တော့ဘူး'

ရှားလော့ဟုမ်းသည် စားပွဲကို လက်သီးဖြင့် ထုလိုက်လျက်

'သေပါတော့ဗျာ၊ ဂရောက်စတန် စံအိမ်ဟာ ချောင်ကျတယ်လို့ ခင်ဗျားပြောဖူးတယ် မဟုတ်လား ဝပ်ဆင်၊ ကဲ လုပ်စမ်းပါဗျာ၊ ဆာရေး နယ် မြေပုံကြီး ရှာပေးစမ်းပါ၊ ကျေးဇူးပဲ၊ အင်း ဒါက ဘာလဲဗျ၊ ဒါကကော'

ရှားလော့ဟုမ်း၏ အသံမှာ အနည်းငယ် မာကျောလျက် ရှိခြင်းကို ကျွန်ုပ်သတိ ပြုလိုက်မိလေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

'နေစမ်းပါဦး အိုင်ဆေးရ၊ လူတစ်ယောက် ယုတ်မာ ကောက်ကျစ်တာကို မြေပုံ ကြည့်ရုံနှင့် သိနိုင်လို့လား'

'ဒါက ကွင်းပြင်ကြီးတွေ၊ ဒါက လယ်ကွင်း၊ ဟောဒါက တောအုပ်တွေဗျ၊ ဂရောက်စတန် စံအိမ်က အနီးဆုံး ဘူတာရုံဟာ သုံးမိုင်တောင် ဝေးပါကလားဗျာ၊ ဒုက္ခပါပဲ၊ ကဲ သူငယ်မရေ၊ မင်း တာဝန်ပဲ၊ မင်း တာဝန်ပဲ'

မစ္စ ဖောဆိုက်သည် တအံ့တသြဖြင့် နောက်ခြေ တစ်လှမ်း ယောင်၍ ဆုတ်လိုက်မိလေ၏။

'ဟုတ်ပါတယ်ရှင်၊ တာဝန် ရှိရင် ကျွန်မ တာဝန်ပဲ ဖြစ်မှာပါ၊ ကျွန်မလည်း ဒီလောက် ရှုပ်ရှုပ်ထွေးထွေးတွေကို မြင်နေရတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိတော့ပါဘူး၊ သူတို့ နှစ်ယောက်ကလည်း ဘာမှ မပြောကြဘူး'

'အကျိုးအကြောင်းကို ရှင်းမပြဘူး ဆိုပါတော့'

'ဟုတ်ပါတယ်၊ ချားလ်က ထရက်ပလေကို စာ တစ်စောင်နှင့် လန်ဒန်ကို လွှတ်လိုက်ပါတယ်၊ ဒီစာကို သူကိုယ်တိုင် သွားပေးရမယ် ဆိုပြီး လွှတ်လိုက်တာပါ၊ စာထဲမှာ ပါတဲ့ အကြောင်းအရာကိုတော့ ကျွန်မလည်း ဘာမှ မသိရပါဘူး'

'ဝမ်းနည်းပါတယ် မလေး၊ သူတို့က ကျွန်တော့်ကို ဘယ်သူ့ကိုမှ မပြရဘူး ဆိုလို့ပါ' ဟု ထရက်ပလေက ရိုသေစွာ ပြောလေ၏။

အစေခံ တစ်ယောက်နှင့် မတူဘဲ မြင်းထိန်း တစ်ယောက်ကဲ့သို့ ဝတ်ထားသည့် ထရက်ပလေ၏ လက်ထဲတွင် စာအိတ် တစ်အိတ် ကိုင်ထားသည်ကို ယခုမှပင် ကျွန်ုပ် သတိပြုမိလေ၏။ ထရက်ပလေသည် သူ့ လက်ထဲမှ စာအိတ်ကြီး တစ်ယောက်ယောက် လုယူမည် စိုးသည့်နှယ် ကျစ်ကျစ် ပါအောင် ကိုင်ထားရင်း ပြာလဲ့သော မျက်လုံးများဖြင့် အခန်း ပတ်လည်ကို ကြည့်ရှုလျက် ရှိလေ၏။

ရှားလော့ဟုမ်းက သူ့ အနီးသို့ တိုးလာကာ

'ကဲ ကျုပ်လူ၊ ခင်ဗျား လက်ထဲက စာ ကျုပ်ကို ပြစမ်းပါ'

အသိဉာဏ် နည်းသူများသည် အလွန် သစ္စာ ရှိကြောင်းကို ကျွန်ုပ် မကြာခဏ မြင်ဖူးပြီး ဖြစ်ပေ၏။ ထရက်ပလေ၏ မျက်နှာမှာ အသက်သာ အသေခံမည်၊ စာကိုမူ မပြ ဟူသော အမူအရာ ပေါ်လျက် ရှိလေ၏။

'ဝမ်းနည်းပါတယ် ခင်ဗျာ၊ မပြနိုင်ပါဘူး၊ ဘာပဲဖြစ်ဖြစ် ကျွန်တော့် ဆရာရဲ့ အမိန့် အတိုင်း လုပ်ရပါလိမ့်မယ်'


mgyoe.com

mgyoe.com
SAMPLE BOOK

'ဗျို့လူ၊ အချိန် သိပ်မရှိဘူးဗျာ၊ ခင်ဗျား စာကို ကျုပ် မဖတ်ချင်ပါဘူး၊ စာအိတ်ပေါ်က လိပ်စာနှင့် စာအိတ် နောက်ကျောက တံဆိပ်ကို ကြည့်ရရင် တော်ပါပြီ၊ ကဲ မြန်မြန်ဗျာ၊ ခင်ဗျား ဆရာရဲ့ အသက်ဟာ အဲဒီ အပေါ်မှာ တည်နေတယ်'

ထရက်ပလေသည် ဆုတ်ဆိုင်းဆိုင်း လုပ်ကာ နှုတ်ခမ်းကို လျှာဖြင့် လျက်လျက် ရှိရာမှ စာအိတ် ထောင့်စွန်းကို လက်ဖြင့် မြဲမြဲ ကိုင်ကာ ထိုး၍ ပြလေ၏။

ရှားလော့ဟုမ်းက လေချွန်လိုက်၏။

'ဟုတ်ပြီဗျ၊ စာက ပုလိပ်မင်းကြီး ဆာ ချားလ် ဝါရင်းကို လိပ်တပ်ထားတယ်၊ မှန်းစမ်း၊ တံဆိပ်ကကော၊ အင်း ကျုပ် ထင်တဲ့ အတိုင်းပဲဗျ၊ ဒီစာကို ခင်ဗျားကို ချက်ချင်း သွားပို့လိုက်ရမယ်လို့ ပြောတယ် မဟုတ်လား'

'ဟုတ်ပါတယ် မစ္စတာ ဟုမ်း'

'ကဲ ဒါဖြင့် မြန်မြန် သွားပို့ချေဗျ၊ ဒါပေမဲ့ မြင်းရထားကို ထားပစ်ခဲ့၊ ကျုပ်တို့ အတွက် အရေးတကြီး လိုချင် လိုလာမှာ'

လှေကားမှ ထရက်ပလေ တဒုန်းဒုန်း ပြေးဆင်းသွားသည် အထိ ရှားလော့ဟုမ်းသည် စကား တစ်လုံးမျှ ပြောဆိုခြင်း မရှိချေ။ သို့ရာတွင် မျက်နှာပေါ်၌ကား တုန်လှုပ်သည့် အမူအရာ ပေါ်လျက် ရှိလေ၏။

'ကဲ အိုင်ဆေးရေ၊ ဘရက်ရှောရဲ့ မီးရထား အချိန် စာရင်းမှာ ရထားချိန်တွေကို ကြည့်စမ်းဗျာ၊ ခင်ဗျားမှာ လက်နက်ကလေး ဘာလေးကော ပါရဲ့လား'

'တုတ်ကောက်ပဲ ပါတယ်ဗျ'

'အင်း၊ တုတ်ကောက်လောက်နှင့်တော့ မလုံလောက်ဘူးဗျ' ဟု ဆိုကာ ရှားလော့ဟုမ်းသည် အံဆွဲကို ဖွင့်လိုက်ပြီးနောက်

'ရော့၊ ဒါလေးကို ခင်ဗျား အိတ်ထဲ ထည့်ခဲ့၊ ပွိုင့် ၃၂၀ ဝက်ဗလေ သေနတ်၊ နံပါတ် တူး ကျည်ဆန်'

ပြောင်လက်သည့် သေနတ်ပြောင်းကို မြင်လိုက်သည့် အခါတွင် မစ္စ ဖောဆိုက်သည် လန့်၍ တစ်ချက်မျှ အော်လိုက်ပြီးနောက် နာရီစင်ကို လက် တစ်ဖက်ဖြင့် လှမ်းကိုင်ရင်း ကိုယ်ကို ထိန်းထားလိုက်ရလေ၏။

မစ္စ ဖောဆိုက်သည် 'မစ္စတာ ဟုမ်း' ဟု တစ်ခွန်းမျှ ခေါ်လိုက်ပြီးမှ စိတ်ပြောင်းသွားဟန်ဖြင့်

'ဂလောက်စတန် ဘူတာကို ထွက်တဲ့ ရထားတွေ အများကြီး ရှိပါတယ်

mgyoe.com

mgyoe.com SAMPLE BOOK

ရှင်၊ ဘူတာနှင့် အိမ်နှင့်ကတော့ စုံထောက်ကြီး ပြောသလို သုံးမိုင်လောက် ဝေး ပါတယ်၊ နောက် မိနစ် ၄၅ ဆယ် အတွင်းမှာ ရထား တစ်စင်း ရှိပါတယ်'

'ရွှေ. နိပ်ပြီဗျ'

'ဒါပေမဲ့ ကျွန်မတို့ ဒီရထားနှင့် လိုက်လို့ မဖြစ်ပါဘူးရှင်'

'လိုက်လို့ မဖြစ်ဘူး၊ ဟုတ်စ'

'သိပ် ရှင်းပြနေချိန် မရှိပါဘူးရှင်၊ ခုကိစ္စကတော့ လေဒီ မေယို ကိုယ် တိုင်က စုံထောက်ကြီးဆီကို အကူအညီ တောင်းခိုင်းလိုက်တာပါ၊ ဒီနေ့ နေ့ လယ်ပိုင်းမှာပဲ ကျွန်မက အတင်း တိုက်တွန်းတာနှင့် စုံထောက်ကြီးဆီကို သူ ကပဲ လွှတ်လိုက်တာပါ၊ ကျွန်မတို့ လိုက်လာရင် ဆယ်နာရီ နှစ်ဆယ့်ငါးမှာ ထွက်တဲ့ နောက်ဆုံး ရထားနှင့် လိုက်ခဲ့ပါလို့ လေဒီ မေယို သေသေချာချာ မှာ လိုက်ပါတယ်၊ ဘူတာရုံကို မြင်းရထားနှင့် သူကိုယ်တိုင် လာကြိုမယ်လို့လည်း ပြောလိုက်ပါတယ်'

မစ္စ ဖောဆိုက်သည် နှုတ်ခမ်းကို တင်းတင်း ကိုက်လိုက်ပြီးနောက်

'လေဒီ မေယိုဟာ တစ်ဖက်သား အပေါ်မှာ သနားတတ်ပေမဲ့ သူ ပြော တဲ့ အတိုင်း လုပ်မှ ကြိုက်ပါတယ်၊ ဒါကြောင့် ကျွန်မတို့ နောက်ဆုံး ရထားနှင့် လိုက်မှ ဖြစ်မှာပါ၊ နောက်ဆုံး ရထားကိုတော့ လွှတ်လို့ မဖြစ်ပါဘူး'

သို့တိုင် ကျွန်ုပ်တို့မှာ ထိုနောက်ဆုံး ရထားကို မီရုံကလေးသာ ရှိလိုက် ပေ၏။ ကျွန်ုပ်တို့သည် လမ်းတွင် ရှုံ့ဖွက်ထူသည့် ကိစ္စ၊ ယာဉ် အသွားအလာ ထူထပ်သဖြင့် ရှောင်ရ တိမ်းရသည့် ကိစ္စတို့ကို ထည့်မတွက်ခဲ့ဘဲ အချိန်ကိုက် မှန်း၍ ထွက်လာခဲ့လေရာ ဝါတာလူး ဘူတာကြီးသို့ ရောက်သည့် အခါတွင် ရထား မီရုံကလေးသာ ရှိပေ၏။

မြို့ပြင်သို့ ရထား ထွက်လာသည့် အခါ၌ ခပ်မှိန်မှိန်ကလေးသာ လင်း လျက် ရှိသည့် ကျွန်ုပ်တို့ မီးရထားတွဲမှာ တရျက်ရျက် မြည်သော ရထား ဘီး သံနှင့် အတူ ကျက်သရေ မင်္ဂလာ ကင်းမဲ့သည့် အသွင်ကို ဆောင်သည်ထက် ဆောင်လာခဲ့လေပြီ။ ရှားလော့ဟုမ်းမှာ ကိုယ်ကို အနည်းငယ် ရှေ့သို့ ကုန်းကာ တိတ်ဆိတ်စွာ လိုက်ပါလာလေ၏။ ကြက်လျှာစွန်း ဦးထုပ်ကလေး အောက်မှ သိန်းငှက် နှုတ်သီးနှင့် တူသော သူ့ နှာခေါင်းနှင့် တကွ ဘေးတိုက် ကောက် ကြောင်း ပုံသဏ္ဌာန်ကို ရထား ပြတင်းပေါက်မှ ဖြာကျလာသော လရောင် အရိပ် ထဲတွင် ထင်ရှားစွာ မြင်နေရလေ၏။

တိတ်ဆိတ် မည်းမှောင်လျက် ရှိသော ရွာကလေး တစ်ရွာရှိ ဘူတာ

mgyoe.com

mgyoe.com SAMPLE BOOK

ရုံကလေးတွင် ရထား ဆိုက်၍ ကျွန်ုပ်တို့ ဆင်းကြသော အခါ၌ကား ဆယ့်တစ်နာရီ ခွဲခါနီးလေပြီ။

ရွာကလေး တစ်ရွာလုံးမှာ တိတ်ဆိတ်၍ ငြိမ်ချက်သား ကောင်းလျက် ရှိလေ၏။ ခွေးဟောင်သံကိုမျှပင် မကြားရချေ။ ဘူတာရုံ အပြင်ဘက်တွင်မူ အမိုးဖွင့်ထားသည့် ပက်လက် ရထားကလေး တစ်စင်း ရပ်လျက် ရှိ၏။ ထိုမြင်းလှည်းဆီမှလည်း ဇက်ကြိုးသံ ချိုးချိုးချွင်ချွင် မြည်သံကိုမျှ မကြားရချေ။ ရထား ရှေ့ပိုင်းတွင် ရထားသမားသည် မတ်မတ်ကြီး ထိုင်လျက် ရှိသကဲ့သို့ ရထား နောက်ပိုင်းတွင်လည်း အသက် ကြီးကြီး အမျိုးသမီးကြီး တစ်ဦးသည် မလှုပ်မယှက် ထိုင်ကာ ကျွန်ုပ်တို့အား စူးစိုက်ကြည့်လျက် ရှိသည်ကို တွေ့ရလေ၏။

ဖောဆိုက်က အကျိုးအကြောင်းကို ဝမ်းသာအားရ ပြောမည် ပြုစဉ် မီးခိုးရောင် သားမွေး ဝတ်ရုံကြီးကို ခြုံထားသည့် ထိုအမျိုးသမီးကြီးက လက်ပြ၍ တားလိုက်ပြီးနောက် ခပ်အေးအေး ရှိသော်လည်း ချိုသာသည့် အသံဖြင့်

'မစ္စတာ ရှားလော့ဟုမ်းနော်၊ နောက်တစ်ယောက်ကတော့ ဒေါက်တာ ဝပ်ဆင် ထင်ပါရဲ့၊ ကျွန်မက လေဒီ မေယိုပါ'

အမျိုးသမီးကြီးသည် ထူးထူးခြားခြား စူးရှ ထက်မြက်သည့် မျက်လုံးများဖြင့် ကျွန်ုပ်တို့ကို အတန်ကြာမျှ စိုက်ကြည့် အကဲခတ်လျက် ရှိလေ၏။

'ကဲ ကြွကြပါ၊ အေးရင်လည်း ရထားထဲမှာ စောင်တွေ ပါပါတယ်၊ ဒီလောက် အေးတဲ့ ညမျိုးမှာ ရထား ပက်လက်ကလေးနှင့် လာကြိုရတာကိုတော့ စိတ်မရှိကြပါနှင့်၊ ကျွန်မ ရထားသမားက ရထားမောင်း ကြမ်းတော့ အလုံပိတ်ရထားကြီး ဝင်ရိုး ကျိုးသွားလို့၊ ကဲ ဘီးလင်း၊ အိမ်ကို မောင်း၊ ခပ်သွက်သွက်ကလေး မောင်းစမ်း'

ရွမ်းခနဲ ကျာပွတ် ရိုက်သံ ပေါ်လာလေ၏။ ထိုနောက်မှာကား အရိုးပြိုင်းပြိုင်း ထနေသော သစ်ပင်များနှင့် ထိုးထိုးထောင်ထောင် ဖြစ်နေသော ခြံစည်းရိုးကလေးများ ကြားရှိ ကျဉ်းမြောင်းသော လမ်းကလေးပေါ်တွင် ကျွန်ုပ်တို့၏ ပက်လက် ရထားကလေးသည် တစ်ဟုန်ထိုး ပြေးလျက် ရှိလေ၏။

'ကျွန်မတို့ အဖို့ကတော့ အရေး မကြီးတော့ဘူး မစ္စတာ ဟုမ်းရေ၊ ကျွန်မက အဘွားကြီး ဖြစ်နေပြီ၊ ကျွန်မ ငယ်ငယ်တုန်းကလည်း ဒီလိုပဲ၊ အရမ်း မောင်းတာပဲ၊ လုပ်ချင်ရင်လည်း အရမ်း လုပ်တာပဲ'

ရှားလော့ဟုမ်းက

'သေတော့လည်း အရမ်းများ သေနေမလား မသိဘူး ခင်ဗျာ၊ ဥပမာ

mgyoe.com

mgyoe.com SAMPLE BOOK
ဒီနေ့ည ကျွန်တော်တို့ မိတ်ဆွေ လူငယ်ကလေး ကြုံရမယ့် အဖြစ်မျိုး ဆိုပါတော့'

မြင်းခွာသံများမှာ တဖြောင်းဖြောင်းလျက် မြည်လျက် ရှိလေ၏။ အမျိုးသမီးကြီးက လေသံ ခပ်အေးအေးဖြင့်

'စုံထောက်ကြီးနှင့် ကျွန်မတို့ဟာ တစ်ယောက်ကို တစ်ယောက် နားလည်တယ် ထင်ပါတယ်နော်'

'ဟာ သိပ်နားလည်တာပေါ့ ခင်ဗျာ၊ ဒါပေမဲ့ ကျွန်တော့် မေးခွန်းကိုတော့ အစ်မကြီး အဖြေ မပေးသေးဘူးနော်'

'သိပ် မစိုးရိမ်ပါနှင့် မစ္စတာ ဟုမ်း၊ ခုလောက်ဆိုရင် စိတ်ချရလောက်ပါပြီ'

'သေချာတယ်နော်'

'သေချာပါတယ်ရှင်၊ ကျွန်မ အိမ်ထဲက ပန်းခြံထဲမှာလည်း ပတ္တရောင်တွေ ချပြီးပါပြီ၊ အိမ်ကိုလည်း သေသေချာချာ အစောင့် ချထားပါတယ်၊ ဒီကောင်တွေ သူ့ကို ရန်မရှာနိုင်တော့ပါဘူး'

ကျွန်ုပ်မှာ ဂနာမငြိမ် ဖြစ်လျက် ရှိလေပြီ။ မြင်းရထား ဘီးများ၏ တဂျက်ဂျက် မြည်သော အသံများကြောင့်လော၊ နားထဲသို့ လေ တဝီးဝီး တိုက်နေခြင်းကြောင့်လော၊ ပြဿနာကိုယ်၌က ရှုပ်ထွေး နောက်ကျိသည့် ပြဿနာ ဖြစ်နေသည့် အတွက်ကြောင့်လော ဆိုသည်ကိုမူ ယနေ့တိုင် ကျွန်ုပ် ခွဲခြား မရသေးချေ။

ကျွန်ုပ်သည် မနေနိုင်တော့ဘဲ ဖွင့်၍ မေးလိုက်လေ၏။

'ကျွန်တော်က စစ်သားက လာတဲ့လူ ဆိုတော့ တဲ့တိုးပဲ မေးရတော့မှာပဲဗျာ၊ စိတ်တော့ မရှိကြပါနှင့်၊ ကျွန်တော်တော့ ခုအချိန် အထိ ခင်ဗျားတို့ ပြောနေတာတွေကို ဘာတစ်လုံးမှ နားမလည်သေးဘူး၊ ထားပါလေ၊ ကျွန်တော့်ကို မပြောချင်တောင် ဟောဒီက သူငယ်မကလေးကိုတော့ ရှင်းပြ လိုက်ကြပါဦး၊ ချားလ် ဟင်ဒန် ဆိုတဲ့ လူဟာ ဘယ်သူလဲ၊ ဘာဖြစ်လို့ နာရီတွေကို ရိုက်ခွဲနေရတာလဲ၊ ဘာဖြစ်လို့ သူ့မှာ အသက် အန္တရာယ်ကို စိုးရိမ်နေရတာလဲ'

ရှားလော့ဟုမ်းသည် စိတ်တိုသွားဟန်ဖြင့်

'တော်စမ်းပါဗျာ၊ ခင်ဗျားပဲ ချားလ် ဟင်ဒန်ဟာ အင်္ဂလိပ်တော့ ဟုတ်ဟန် မတူဘူး ပြောလို့ ကျုပ်တောင် တအံ့တသြ ဖြစ်ခဲ့ရသေးတယ် မဟုတ်လား'

'အေးလေ၊ အဲဒါနှင့် ဘာဆိုင်လို့လဲ'


mgyoe.com

mgyoe.com SAMPLE BOOK

'ချားလ် ဟင်ဒန် ဆိုတဲ့ လူဟာ ခင်ဗျား ပြောတဲ့ အတိုင်းပဲ အင်္ဂလိပ် မဟုတ်ဘူးဗျ'

မစ္စ ဖောဆိုက်က

'ရှင်၊ အင်္ဂလိပ် မဟုတ်ဘူးလား၊ ဒါပေမဲ့ စကား ပြောတော့လည်း တစ်လုံးမှ မဝဲပါလား၊ ပြောလိုက်တာမှ ချောလို့ရှင့်'

မစ္စ ဖောဆိုက်သည် သက်ပြင်းကို ချလိုက်ရင်း ခပ်တိုးတိုး ပြောလိုက်လေ၏။

'ဒါဖြင့် အထက်တန်းစားထဲကလည်း မဟုတ်ဘူးပေါ့'

'အင်း ဒီတစ်ချက်တော့ ခင်ဗျား မှားသွားပြီဗျ၊ တော်တော် အထက်တန်း ကျတဲ့ အမျိုးအနွယ်က ဆင်းသက်လာတာ၊ ကဲ ဒီလောက်တောင် သိချင်တယ် ဆိုရင် ဥရောပတိုက်မှာ ရှိတဲ့ ဧကရာဇ် နိုင်ငံကြီး တစ်ခုက မင်းမျိုး မင်းနွယ်တွေကို စဉ်းစားကြည့်စမ်းဗျာ၊ မှတ်ထားနော်၊ ဧကရာဇ် နိုင်ငံကြီးက မင်းမျိုး မင်းနွယ်၊ သာမန် ချောက်တီး ချောက်ချက် နိုင်ငံကလေးက မင်းမျိုး မဟုတ်ဘူး၊ ပြီးတော့ အဲဒီ တိုင်းပြည်ကြီးဟာ ကိုယ့် တိုင်းပြည်ရဲ့ မူရင်း ဘာသာ စကား ထက်တောင် အင်္ဂလိပ် ဘာသာ စကားကို အပြော များတဲ့ တိုင်းပြည်လည်း ဖြစ်ရမယ်၊ ဒီတော့ အဲဒီ တိုင်းပြည်ကြီးက မင်းမျိုးမင်းနွယ်ကို စဉ်းစားကြည့်ဗျာ'

'အင်း ကျွန်တော်တော့ မစဉ်းစားတတ်ဘူးဗျ'

'စဉ်းစားစမ်းပါဦးလေ၊ ကျုပ်တို့ တိုက်ခန်းကို မစ္စ ဖောဆိုက် ပထမဆုံး ရောက်မလာခင်ကလေးတုန်းက ကျုပ်တို့ ဘာလုပ်နေကြသလဲ၊ ကျုပ်က အဲဒီနေ့ မနက်က ထုတ်တဲ့ သတင်းစာတွေကို ဖတ်နေတယ်လေ၊ သတင်းတွေက ဘာမှ စိတ်ဝင်စားစရာ မကောင်းဘူးလို့တောင် ကျုပ် ပြောခဲ့သေးတယ်၊ ရုရှား ဧကရာဇ် နိုင်ငံကြီးကို ဖြိုချမယ်လို့ ကြုံးဝါးနေတဲ့ မင်းမဲ့ ဝါဒီ နဟီးလစ် ဂိုဏ်းသားတွေဟာ နယ်စားကြီး အိမ်ရှေ့ မင်းသား အယ်လက်ဇီကို လုပ်ကြံဖို့ ကြံစည်နေကြတယ်လို့ ဆိုတဲ့ သတင်း တစ်ပုဒ် ပါလာတယ် မဟုတ်လား၊ ခု လေဒီ မေယိုက ချားလ် ဟင်ဒန်ကို ဘယ်လို ခေါ်သလဲ၊ အဲလက်လို့ ခေါ်တယ် ဆိုတော့'

'ဟုတ်ပြီ၊ အဲလက်လို့ ခေါ်တယ်လေဗျာ' ဟု ကျွန်ုပ်က အားရဝမ်းသာ ပြောလိုက်လေ၏။ ရှားလော့ဟုမ်းက ပခုံးကို တွန့်ပြလိုက်လျက်

'အင်း ဒါကတော့ တိုက်ဆိုင်သွားတာ ဖြစ်မှာပါ၊ သို့သော်လည်း ဒါက ထားပါတော့လေ၊ သမိုင်းမှာ လောလောလတ်လတ် ဖြစ်ခဲ့တဲ့ ကိစ္စကို ကျုပ်တို့ ပြန်ကြည့်လိုက်ရင် ၁၈၈၁ ခုနှစ်တုန်းက ရုရှား ဇာဘုရင်ကို ဒိုင်းနမိုက်နှင့် လုပ်


mgyoe.com

mgyoe.com SAMPLE BOOK

ကြဲခဲ့တယ် မဟုတ်လား၊ ဒိုင်းနမိုက်နှင့် ချိန်ကိုက်ဗုံး လုပ်ထားတဲ့ အခါကျတော့ အချိန် စေ့တာနှင့် အဲဒီ ဗုံး ပေါက်ပြီး ဇာဘုရင် နတ်ရွာစံသွားခဲ့တယ်လေ၊ အဲဒီ တုန်းက တိုင်းဗုံးကို စန္ဒရား အောက်မှာ ဝှက်ထားတယ်၊ စန္ဒရား တီးနေတုန်း ဆိုတော့ တိုင်းဗုံးထဲက နာရီ တစ်ချက်ချက် မြည်နေတဲ့ အသံကို ဘယ်သူမှ မကြားလိုက်ကြဘူးပေါ့၊ ဒိုင်းနမိုက် ဗုံးမှာ နှစ်မျိုး ရှိတယ်ဗျ၊ တစ်ခုက သံမဏိခွံ အုပ်ထားပြီး ခပ်ပေါ့ပေါ့လေးရယ်၊ ဗုံးမှာ ပါတဲ့ စနက်တံကလေးကို မီးရှို့ပြီး ပစ်ထည့်လိုက်ရုံပဲ၊ တစ်မျိုးကတော့ သံမဏိနှင့်ပဲ အထဲမှာ အချိန်ကိုက် နာရီ ထည့်ထားပြီး တိုက်ထားတဲ့ အချိန် ရောက်တာနှင့် တစ်ပြိုင်နက် ဗုံးပေါက်တာပဲ၊ အဲဒီတုန်းကတော့ ဗုံးလို့တောင် မထင်ရဘူးဗျ၊ ရုတ်တရက် ကြည့်လိုက်ရင် နာရီ လို့ပဲ ထင်ရတာပဲ'

ရွှမ်းခနဲ မြည်သော ရထားသမား၏ ကျာပွတ်သံ ပေါ်လာလေ၏။ လမ်းဘေးရှိ ခြံစည်းရိုးများသည် ဝိုးတိုးဝါးတား ဖြစ်လာကာ ပုံသဏ္ဌာန် တစ်မျိုးကို ဆောင်လျက် ရှိသည်ဟု ထင်မှတ်ရလေ၏။

ရှားလော့ဟုမ်းနှင့် ကျွန်ုပ်တို့မှာ ရထားသမားကို ကျောပေး ထိုင်လျက် ရှိကြပြီး လရောင် ဖြာကျသဖြင့် ထင်ရှားစွာ မြင်နေရသော လေဒီ မေယို၊ မစ္စ ဖောဆိုက်တို့နှင့် မျက်နှာချင်းဆိုင် လိုက်ပါ လာကြလေ၏။

'သြော် ဟုတ်ပြီဗျို့၊ ခုတော့လည်း တော်တော့်ကို ရှင်းသွားပြီ၊ ဒါကြောင့် ချားလ် ဟင်ဒန်ဟာ နာရီကို မြင်ရင် စိတ် မထိန်းနိုင် ဖြစ်တာကိုး'

'နာရီကို မြင်ရင် မဟုတ်ဘူးဗျ၊ နာရီသံကို ကြားရင်'

'ဘာ၊ နာရီသံကို ကြားရင် ဟုတ်လား'

'ဟုတ်တယ်၊ ခင်ဗျားက ကျုပ် ပြောတာမှ ဆုံးအောင် နားမထောင်ဘဲ ဖြတ် ဖြတ် ပြောတာကိုးဗျ၊ လူရှေ့ သူရှေ့မှာ နာရီတွေကို နှစ်ခါ ရိုက်ခွဲခဲ့တုန်း က အဖြစ်အပျက်ကို ကြည့်လေ၊ အဲဒီတုန်းက သူ နာရီ မြင်ရတာ မဟုတ်ဘူး၊ မှတ်မိသေးလား၊ ပထမ တစ်ခါတုန်းက ပန်းအိုးတွေ ကြားထဲမှာ ထည့်ထားတာ၊ ဒုတိယ တစ်ခေါက်ကျတော့ အခန်းဆီး ကန့်လန့်ကာ နောက်မှာ ထားတာ၊ နာရီ သံကို ကြားလိုက်ရုံနှင့် ဘာကိုမှ ထွေထွေထူးထူး စဉ်းစား မနေနိုင်တော့ဘဲ ရိုက် ခွဲတော့တာပဲ၊ ရည်ရွယ်ချက်ကတော့ နာရီကို ရိုက်ခွဲပြီး အထဲက စနက်တံကို ဖြုတ်ပစ်ဖို့ဗျ'

'ဒါပေမဲ့ဗျာ၊ တုတ်နှင့် ရိုက် မိ တော့ စနက်တံကို သွားထိပြီး ဗုံးက မပေါက်ပေဘူးတဲ့လား'



mgyoe.com

mgyoe.com
SAMPLE BOOK

ရှားလော့ဟုမ်းက ပခုံးကို တွန့်ပြလိုက်ရင်း

'တကယ့်ဖုံး ဆိုရင်တော့ ဘယ်ပြောနိုင်မလဲဗျာ၊ ပေါက်ချင်လည်း ပေါက်မှာပေါ့၊ သို့သော်လည်း သံမဏိ အိမ်ထဲကို ထည့်ထားတဲ့ အတွက် ပေါက်ချင်မှလည်း ပေါက်မယ်ဗျ၊ အတပ်တော့ မပြောနိုင်ပေဘူး၊ ဘယ်လိုပဲ ဖြစ်ဖြစ်လေ ကျုပ်တို့လူ ချားလ် ဟင်ဒန်ကတော့ တော်တော် သတ္တိ ကောင်းတဲ့ လူလို့ ဆိုရမှာပဲ၊ သူ့ခမျာ နောက်က အမဲလိုက်သလို အလိုက်ခံနေရတဲ့ ကြားထဲက တွေ့ရာ နာရီကို ရမ်းသန်းပြီး ရိုက်ခွဲ နေရတယ် ဆိုတာ နည်းတဲ့ စွန့်စားမှုကြီးမှ မဟုတ်တာ၊ ခမည်းတော်ကြီးဟာလည်း ဒီလက်ချက်နှင့် သေခဲ့ရတယ်၊ ခုလည်း သူ့ နောက်ကို အဲဒီ ဂိုဏ်းက လိုက်နေပြီ ဆိုတာ သိတဲ့ အခါကျတော့ သူ ဒီလောက် စိုးရိမ်တကြီး ဖြစ်နေတာဟာလည်း သိပ်တော့ အပြစ် မဆိုထိုက်ပါဘူး၊ သဘာဝကျပါတယ်'

'ပြီးတော့ကော'

သို့တိုင်အောင် ရှားလော့ဟုမ်းမှာ ဂနာမငြိမ် ဖြစ်လျက် ရှိလေ၏။ ရှားလော့ဟုမ်းသည် တိတ်ဆိတ်လျက် ရှိသည့် ချိုင့်ဝှမ်း ကမူကလေးများဖြင့် ပြည့်နေသည့် ပတ်ဝန်းကျင်ကို တစ်ကြိမ် နှစ်ကြိမ်မျှ လှမ်းကြည့်လိုက်သည်ကို ကျွန်ုပ် သတိပြု မိလေ၏။

'အင်း မစ္စ ဖောဆိုက်နှင့် ပထမ အကြိမ် တွေ့ခဲ့တုန်းက ကျုပ် တွက်ခဲ့တဲ့ အတိုင်းပါပဲ၊ ကျုပ် လက်မှတ် အတု ထိုးထားတဲ့ စာဟာ အိုဒက်ဆာကို သွားဖို့ ကျုပ် အနေနှင့် တိုက်တွန်းထားလေဟန် ရေးထားတဲ့ စာပဲဗျ၊ ဒါပေမဲ့ ဒီစာကို အိမ်ရှေ့ မင်းသားက သံသယ ဖြစ်တဲ့ အခါကျတော့ ဒီလူဟာ ဘယ်ပြေးမလဲ၊ ဘယ်ကို သွားမလဲ'

'အင်္ဂလန်ကို လာမှာပေါ့ဗျ၊ တိတိကျကျ ပြောရရင် ဂရောက်စတန် စံအိမ်ကိုပဲ လာမှာပေါ့၊ မစ္စ ဖောဆိုက်လို မိန်းကလေး တစ်ယောက်က ခေါ်ရင် သူ ဘယ်နေမလဲ၊ သူ့ အတွက် ဒီလောက် သံယောဇဉ် ကြီးနေရတဲ့ မိန်းကလေးပဲဟာ'

ရှားလော့ဟုမ်းမှာ ကျွန်ုပ်၏ အဖြေကြောင့် စိတ်ပျက်သွားဟန် ရှိလေ၏။

'ဟုတ်ပါပြီလေ၊ လာချင်း လာရင်တော့ အဲဒီကိုပဲ လာရမှာပေါ့၊ တစ်ခုတော့ သေချာတာ ရှိတယ်ဗျ၊ လေဒီ မေယိုလို အမျိုးသမီးဟာ သိဟောင်း ကျွမ်းဟောင်း မဟုတ်ခဲ့ရင် ရထားတွဲထဲမှာ တွေ့ရတဲ့ လူတစ်ယောက်ကို ဒီလောက် ရင်းရင်းနှီးနှီး စကား ပြောမယ့် အစားမျိုးထဲက မဟုတ်ဘူး'



mgyoe.com

mgyoe.com SAMPLE BOOK

လေဒီ မေယိုက မစ္စ ဖောဆိုက်၏ လက်ကို ပွတ်သပ်လျက် ရှိရာမှ

'ကျွန်မ စုံထောက်ကြီးကို အထင်သေးခဲ့မိတယ်ရှင်၊ ဟုတ်ပါတယ်၊ စိန့် ပီတာစဘတ်မှာ ရေတပ်မတော် ဝတ်စုံကလေးနှင့် ဝတ်ထားတဲ့ သူငယ်ကလေး တစ်ယောက် ဘဝကတည်းက အဲလက်ကို ကျွန်မ သိခဲ့တာပါ'

'အဲဒီတုန်းက အစ်မကြီးရဲ့ ခင်ပွန်းက ပီတာစဘတ်မှာ ရှိတဲ့ ဗြိတိသျှ သံရုံးမှာ ပထမ အတွင်းဝန် ထင်ပါရဲ့၊ အိုဒက်ဆာ ရောက်တော့လည်း နောက်ထပ် စိတ်ဝင်စားစရာ တစ်ခုကို တွေ့ခဲ့ရသေးတယ် ခင်ဗျ'

'ဘာများပါလိမ့်ရှင်'

'အိမ်ရှေ့ မင်းသား နောက်ကို လိုက်နေတဲ့ နဟီးလစ် ဂိုဏ်း ခေါင်းဆောင်ရဲ့ နာမည် ခင်ဗျ၊ တော်တော်လည်း သတ္တိ ကောင်းပြီး ဖွဲ့နပဲလည်း တော်တော် ကြီးတယ်လို့ သိခဲ့ရတယ်ဗျ'

'ဟုတ်ကဲ့လားရှင်'

'သိပ် သေချာတာပေါ့ဗျာ'

လေဒီ မေယိုသည် ရှားလော့ဟုမ်းကို စိုက်ကြည့်လျက် ရှိလေ၏။

လေဒီ မေယို၏ မျက်နှာသည်လည်း စောစောကလောက် တင်းမာခြင်း မရှိတော့ချေ။

'ဒီလိုဆို မစ္စတာ ဟုမ်း၊ ကျွန်မတို့ကို စောင့်ရှောက်ပါရှင်၊ အဲလက်က လည်း ပုလိပ်ကို စာရေးပြီးတော့ တိုင်တော့ တိုင်ပြီးပါပြီ၊ ပုလိပ် မင်းကြီး ဆာ ချားလ် ဝါရင်းဆီကို တိုင်ထားပါတယ်'

'ဟုတ်ကဲ့၊ ကျွန်တော် အဲဒီ တိုင်စာကို တွေ့ပြီးပါပြီ၊ တံဆိပ်ပေါ်မှာ ရုရှား ဧကရာဇ် ဘုရင်ရဲ့ အမှတ်အသား နှိပ်ထားတာကိုလည်း ကျွန်တော် မြင် ပြီးပါပြီ'

'ခု လောလောဆယ်မှာတော့ ပန်းခြံကို ပတ္တရောင် ချထားပြီး အိမ်ကို လည်း အစောင့် ချထားပါတယ်'

'ဒါပေမဲ့ မြေခွေး ဆိုတာ အမဲလိုက် ခွေးတွေ ကြားထဲက လွတ်ထွက်ချင် လွတ်ထွက်သွားတတ်တယ် ခင်ဗျ'

'အစောင့်တွေ ချထားရုံတွင် မကပါဘူး စုံထောက်ကြီး၊ အဲလက်ရဲ့ အခန်း က နံရံကလည်း တော်တော် ထူပါတယ်၊ ပြီးတော့ တံခါးကိုလည်း သော့ နှစ်ထပ် တောင် ခတ်ထားပါတယ်၊ ပြတင်းပေါက်တွေကလည်း သံတိုင်တွေ စေ့အောင် စိုက်ထားတော့ အထဲ လက်နှိုက်လို့တောင် မရပါဘူး၊ မီးခိုးခေါင်းတိုင်တွေက


mgyoe.com

mgyoe.com
SAMPLE BOOK

လည်း ရှေး မီးခိုးခေါင်းတိုင်ကြီးတွေ ဖြစ်ပြီး အပေါ်မှာ အုပ်ဆောင်း ပါသေးတော့ မီးခိုးခေါင်းတိုင်ကနေ လူ ဆင်းလာလို့ မရပါဘူး၊ ဒီလောက် လုံလုံခြုံခြုံ ကာကွယ်ထားတယ် ဆိုရင် တော်တော့ ရန်သူတို့ လာဖို့ မလွယ်တော့ဘူး ထင်တာပဲ'

ရှားလော့ဟုမ်းက နှုတ်ခမ်းကို ကိုက်ကာ ဒူးကို လက်ချောင်းကလေးများဖြင့် တောက်လျက် ရှိရာမှ

'ဒါကတော့ အထင်ကိုး၊ တစ်ည တွက်တော့ လုံလောက်ချင် လုံလောက်မှာပေါ့၊ ဒါပေမဲ့ ...'

လေဒီ မေယိုက ခပ်ကြွားကြွားဖြင့်

'အားလုံးတော့ စိတ်ချရအောင် လုပ်ထားတာပဲရှင်၊ အမိုးပေါ်မှာတောင် အစောင့် ချထားသေးတယ်၊ အဲလက်ရဲ့ တပည့်ကျော်ကြီး ထရက်ပလေဟာ လန်ဒန်ကို အမြန်ဆုံး စာ သွားပေးပြီး အစောဆုံး ရထားနှင့် ပြန်လာ၊ ရွာရောက်တော့ မြင်း တစ်ကောင် ငှားပြီး အိမ်ကို တတ်နိုင်သမျှ စောစော ရောက်အောင် ပြန်လာတာပဲ၊ ခုဆိုရင် အမိုးပေါ်မှာ သူ ကိုယ်တိုင် တက်စောင့်နေတယ်'

ထိုစကား၏ အကျိုး သက်ရောက်မှုမှာ ထူးခြားလှပေ၏။ ရှားလော့ဟုမ်းသည် ရထားပေါ်တွင် ထိုင်လိုက်လာရာမှ ဖြုန်းခနဲ ထလိုက်သည်တွင် ယိုင်လဲမည် ပြုသဖြင့် ရထားအိမ်ကို လှမ်းကိုင်ထားလိုက်ရလေ၏။ ပခုံးပေါ်တွင် တင်ထားသည့် သူ့ ဝတ်ရုံ အင်္ကျီကြီးမှာ လွင့်လျက် ရှိသည်ကို အမှောင်ထဲတွင် ခပ်ရေးရေး မြင်ရလေ၏။

'ဘာ၊ အမိုးပေါ်မှာ ဟုတ်လား၊ အမိုးပေါ်မှာလား'

ထို့နောက် ရှားလော့ဟုမ်းသည် နောက်သို့ လှည့်ကာ ရထားသမား၏ ပခုံးကို ကိုင်လှုပ်လိုက်ရင်း

'ကဲ ကိုယ့်လူ မြန်မြန် မောင်းစမ်း၊ မြန်မြန်၊ မြင်းတွေကို ခပ်စပ်စပ်ကလေး ရိုက်စမ်းဗျာ၊ အချိန် နောက်ကျသွားလိမ့်မယ်၊ မြန်မြန်'

လေထဲတွင် တရွမ်းရွမ်း မြည်သံများကို ကြားရလေ၏။ မြင်းများသည် တရှူးရှူး မှုတ်လျက် ရှိရာမှ ဒုန်းပြေးလျက် ရှိကြလေ၏။ ရုတ်ရုတ်သဲသဲ ကြားမှ ဒေါသ အမျက် ခြောင်းခြောင်း ထွက်လျက် ရှိသော လေဒီ မေယို၏ အသံ ပေါ်လာလေ၏။

'မစ္စတာ ဟုမ်း၊ ရှင် ဘာဖြစ်သွားတာလဲဟင်၊ စိတ်မှ ကောင်းသေးရဲ့လား'

'စိတ်ကောင်းသလား မကောင်းဘူးလား ဆိုတာကို နောက်တော့ သိလိမ့်

mgyoe.com

mgyoe.com SAMPLE BOOK
မယ် မစ္စ ဖော့ဆိုက်၊ အိမ်ရှေ့ မင်းသားက သူ့ တပည့် ထရက်ပလေကို ဘယ်လို ခေါ်သလဲ၊ ကြားဖူးသလား'

မစ္စ ဖော့ဆိုက်မှာ အကြီးအကျယ် ထိတ်လန့်သွားကာ

'ရှင်၊ မကြားဖူးဘူးရှင့်၊ အို ကြားဖူးတယ်ရှင့်၊ ချားလ်က အို ... ကိုယ်တော်လေးက သူ့ကို ထရက်လို့ ခေါ်တယ် ထင်တယ်ရှင့်'

'အမှန်ပဲဗျ၊ ထင်တာ မဟုတ်ဘူး၊ အဲဒါ အမှန်ပဲ၊ သူ့ရဲ့ နာမည်ရင်းက ထရက်ပေါ့တဲ့ဗျ၊ သူငယ်မက သူ့ပုံပန်းသဏ္ဌာန်ကို ပထမဆုံး စပြော ကတည်းက အဲဒီလူဟာ ထရက်ပေါ့ ဆိုတဲ့ လူလိမ် သစ္စာဖောက် ဆိုတာ ကျုပ် တွက်လိုက်ပြီးပြီ'

လမ်းဘေးမှ ခြံစည်းရိုးကလေးများသည် တရိပ်ရိပ် ကျန်ရစ်ခဲ့ကြလေ၏။ ဇက်ကြိုးများမှာ တချွင်ချွင် မြည်လျက် ရှိလေ၏။ ရထားကလေးမှာ လေ၏ အဟုန်ဖြင့် ပြေးလျက် ရှိလေ၏။

'သူ့ဆရာက ပထမဆုံး နာရီကို ရိုက်ခွဲလိုက်တုန်းက သူ ဘယ်လောက် ဟန်ဆောင်လိုက်သလဲ ဆိုတာကို ခင်ဗျားတို့ ပြန် စဉ်းစားကြည့်စမ်း၊ သူ့ပုံက ရက်ကြောက် အားနာတဲ့ပုံ ဖြစ်နေတယ် မဟုတ်လား၊ သူ့ ဆရာ ချားလ် ဟင်ဒန် ရူးနေတယ် ဆိုတဲ့ အထင်မျိုး ရောက်အောင် သူက လုပ်ပြလိုက်တာလေ၊ တခြား နာရီ ငါးလုံးကိုလည်း ရိုက်ခွဲတယ် ဆိုတာက အလကား သူ ထွင်ပြောတာ၊ ခင်ဗျားတို့လည်း သူ ပြောမှ သိရတာ မဟုတ်ဘူးလား၊ ခင်ဗျားတို့ ကိုယ်တိုင် မမြင်ဘူး မဟုတ်လား၊ ဘယ့်နှယ်ဗျာ၊ ကြံကြီးစည်ရာ၊ နာရီတို့ ဖုံးတို့ကို ဗီရိုထဲ ထည့်ပြီး ဝှက်ထားမတဲ့လား'

'ဒါပေမဲ့ ထရက်ပေါ့ဟာ သူ့ရဲ့ တပည့်ရင်း ဟန်ဆောင်ပြီး သူ့ ယုံကြည်မှုကို ရနေတယ်ဗျ၊ ဒီတော့ ...'

'ကဲ ရထားဆရာရေ၊ မြန်မြန်လေးဗျာ၊ မြန်မြန်လေး'

'ထရက်ပေါ့ဟာ သူ့ ဆရာကို သတ်ချင်တယ် ဆိုရင် နည်းလမ်းတွေ အများကြီး ရှိနေတာပဲဗျ၊ ဓားနှင့် ထိုးသတ်မလား၊ အဆိပ် ခတ်သတ်မလား၊ ကြိုက်တဲ့ နည်းနှင့် သတ်နိုင်သားပဲ၊ တိုင်းဖုံး ခွဲပြီး ခက်ခက်ခဲခဲ လုပ်စရာ မလိုပါဘူး'

'အင်း၊ ခင်ဗျား ပြောတဲ့ အတိုင်း သူ့ နည်းကတော့ ခက်ခက်ခဲခဲဗျ၊ ဒါပေမဲ့ ဖုံးခွဲပြီး သတ်တာဟာ သူတို့ ဂိုဏ်းရဲ့ နည်းဗျ၊ သူတို့ သတ်ရင် အဲဒီ နည်းနှင့်ပဲ သတ်ကြတာပဲ၊ သူတို့ သတ်လိုက်တဲ့ လူဟာ အစိတ်စိတ် အမွှာမွှာ


mgyoe.com

mgyoe.com
SAMPLE BOOK
စုတ်ပြတ်သွားရမယ်၊ ဒီလို စုတ်ပြတ်ပြီး တစ်ပိုင်းတစ်စ ဖြစ်သွားတဲ့ နည်းနှင့် လုပ်နိုင်မှ သူတို့ အင်အားကို ကမ္ဘာ သိမယ်လို့ ယုံကြည်ကြတာကိုး၊ ဒါတော့ ဘယ်တတ်နိုင်မလဲ'

'ပုလိပ်မင်းကြီးဆီကိုတော့ စာရေး အကြောင်းကြားထားပြီးသားပါရှင်' ဟု လေဒီ မေယိုက ပြောလေ၏။

'ဒါကလည်း စာကို မပေးဘဲ တွေ့ရာ အမှိုက်ပုံးထဲ ဆုတ်ဖြဲပစ်ခဲ့ရင် ဖြစ်တာပဲ၊ ဟော ရှေ့ကဟာ ဂရောက်စတန် စံအိမ် မဟုတ်လားဗျ'

နောက် ဆက်လက် ကြုံတွေ့ရသည့် အဖြစ်အပျက်များမှာ ကျွန်ုပ်၏ ခေါင်းထဲတွင် ဝိုးတိုးဝါးတား ဖြစ်လျက် ရှိလေ၏။ ဂရောက်စတန် စံအိမ်ကြီးမှာ ဂျက်ကိုဗင် ခေတ်တွင် ဆောက်ထားသည့် အနီရောင် အုတ်တိုက်ကြီး ဖြစ်ပြီး အမိုးပြားပြားနှင့် ပြတင်းပေါက်ကျယ်ကြီးများ ရှိသည့် အိမ်ကြီး ဖြစ်ကြောင်းလောက်ကိုသာ ကျွန်ုပ် မှတ်မိလေ၏။

ကျွန်ုပ်တို့သည် ရထား ဆိုက်လျှင်ဆိုက်ချင်း ခြံလာသည့် စောင်များကို ခွာချလိုက်ကာ လေဒီ မေယိုမှာ တုန်လှုပ် ချောက်ချားလျက် ရှိသော အစေခံများကို အော်ဟစ် အမိန့်ပေးလျက် ရှိသည်ကို ကျွန်ုပ် ဝိုးတိုးဝါးတား မှတ်မိပေ၏။

ထိုနောက်၌ ကျွန်ုပ်နှင့် ရှားလော့ဟုမ်းတို့သည် မစ္စ ဖောဆိုက် ခေါ်ရာ လှေကားကလေး တစ်ခုဆီသို့ ရောက်သွားကြလေ၏။ လှေကားရင်းသို့ ရောက်သည့် အခါတွင် ရှားလော့ဟုမ်းသည် မစ္စ ဖောဆိုက်၏ လက်မောင်းကို လှမ်းဆွဲလိုက်မိလျက် 'ကလေးမ ဒီမှာ နေရစ်ခဲ့' ဟု ခပ်တိုးတိုး ပြောလေ၏။

အိတ်ထဲသို့ လက်နှိုက်လိုက်သည်တွင် ဂျောက်ခနဲ အသံကို ကြားလိုက်ရသည့် အတွက် ရှားလော့ဟုမ်းတွင်လည်း သေနတ် ပါလာကြောင်းကို ထိုအချိန်ကျမှ ကျွန်ုပ် သိရပေ၏။

'ကဲ အိုင်ဆေး လာဗျို့'

ကျွန်ုပ်သည် လှေကား ကျဉ်းကျဉ်းကလေး အတိုင်း ရှား လော့ ဟုမ်းနောက်မှ တက်၍ လိုက်လာခဲ့လေ၏။ ကျွန်ုပ်တို့ နှစ်ယောက် အပေါ်သို့ ရောက်သည့် အခါတွင် ရှားလော့ဟုမ်းသည် လှေကား အရှင်ကလေးကို အမိုးပေါ်သို့ အသာ ဆွဲတင်လိုက်လေ၏။

'ဘာသံမှ မကြားစေနှင့်ဗျို့၊ မြင်တာနှင့် တစ်ပြိုင်နက် ပစ်သာ ထည့်လိုက်ပေတော့'

ခေါင်မိုးပေါ်၌ကား အေးစိမ့်သော လေသည် မျက်နှာကို စွတ်တိုက်လျက်

mgyoe.com

mgyoe.com SAMPLE BOOK

ရှိလေ၏၊ ကျွန်ုပ်တို့သည် ခေါင်မိုး ပြင်ညီပေါ်တွင် သတိကြီးစွာ ထားကာ ရှေ့သို့ ဝမ်းလျား ဟိုး၍ တက်လာခဲ့ကြလေ၏။ ကျွန်ုပ်တို့၏ ပတ်ပတ်လည်တွင်မူ မီးခိုး ခေါင်းတိုင် မည်းမည်းကြီးများသည် တစ္ဆေကြီးများ ငုတ်တုတ် ထိုင်နေသကဲ့သို့ ထိုးထိုးထောင်ထောင် ဖြစ်လျက် ရှိကြပြီး လရောင်တွင် ဖြူဖြူကြီး မြင်နေရသည့် အမိုး ခုံးခုံးကြီး တစ်ခု၏ ပတ်လည်တွင်လည်း ကျပ်ခိုးတွေ စွဲသဖြင့် မည်းနက်နေသည့် အိုးကြီးများကို မြင်ရလေ၏။

အမိုး အစွန် အုတ်ကြားမှ ပေါက်သည့် သစ်ပင် တစ်ပင် အနီးရှိ မီးခိုး ခေါင်းတိုင်ကြီး တစ်တိုင် အနီးတွင်မူ ကုန်းကုန်းကြီး လုပ်နေသော မည်းမည်း သဏ္ဌာန် တစ်ခုကို မြင်ရလေ၏။

ခဏ အတွင်း၌ ကန့်ကို ရှို့လိုက်သဖြင့် မီးတောက် ပြာပြာကလေး တစ်ခုသည် လင်းလာကာ မရှေးမနှောင်း ဆိုသလိုပင် စနက်တံကို မီးရှို့လိုက်သဖြင့် တရှူးရှူး မြည်သော အသံကို ကြားလိုက်ရပြီးလျှင် မီးခိုး ခေါင်းတိုင်ထဲမှ တချွင်ချွင် မြည်သော အသံများကို ကြားရလေ၏။ ရှားလော့ဟုမ်းသည် ထိုးထိုးထောင်ထောင် ဖြစ်နေသော မီးခိုးခေါင်းတိုင်များ ကြားမှ ကုန်းကုန်းကြီး လုပ်နေသည့် လူမည်းမည်း သဏ္ဌာန်ဆီသို့ တစ်ဟုန်ထိုး ပြေးသွားလေ၏။

'ဖျို့ ဝပ်ဆင်၊ ပစ်ဖျို့၊ ပစ် ပစ်'

ကျွန်ုပ်တို့ သေနတ်သံများသည် ပြိုင်တူ အသံ ထွက်သွားကြလေ၏။

ကျွန်ုပ်တို့ ဘက်သို့ လှည့်ကြည့်လိုက်သည့် ထရက်ပေါ့၏ ဖြူဖပ်ဖြူရော် ဖြစ်လျက် ရှိသော မျက်နှာကို မြင်လိုက်ရလေ၏။ ချက်ချင်း ဆိုသလိုပင် မီးခိုး ခေါင်းတိုင်ကြီးသည် မီးစွဲ၍ လောင်ကာ အထက်သို့ ပြုတ်ထွက် လွင့်ပျံ လာသည်ကို မြင်လိုက်ရလေ၏။

ကျွန်ုပ်တို့ ခြေထောက် အောက်တွင် ရှိသည့် အမိုးကြီးသည် ကြွတက်လာသည်ဟု ထင်လိုက်ရလျက် ကျွန်ုပ်မှာ ခေါင်မိုးပေါ်တွင် တလိမ့်လိမ့် ဖြစ်သွားကာ ဖုံးဆန်စများ၊ အုတ်ခဲကျိုးများသည် ကျွန်ုပ်တို့ အနီးတစ်ဝိုက်တွင် ပျံ့ဝဲလျက် ရှိပြီးနောက် ပြာသာဒ်ဆောင် အခုံးကြီးကို သွား၍ ထိမှန်သည်ကိုသာ ကျွန်ုပ် သိလိုက်လေ၏။

ရှားလော့ဟုမ်းက ရုတ်ခနဲ ထလိုက်ပြီး အမောတကောဖြင့် 'အိုင်ဆေး၊ ထိသွားသေးသလား' ဟု လှမ်းမေးလေ၏။

'ကိစ္စ မရှိဘူး၊ ကိစ္စ မရှိဘူး၊ လေဟပ်သွားရုံကလေးရယ်၊ မှောက်ထားလိုက်ပေလို့ပေါ့ဗျာ၊ နို့မို့ရင်'



mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်ုပ်က အနီးရှိ ကွဲအက် ပြတ်ကျသွားသော မီးခိုး ခေါင်းတိုင်ကြီးကို ယှမ်းပြရင်း ပြောလိုက်လေ၏။

ကျွန်ုပ်တို့သည် ဖုန်မှုန့် ယမ်းမှုန့်တို့ ကြားထဲမှ ကိုက် အနည်းငယ် ရှေ့သို့ တိုးလာသည့် အခါတွင် ကျွန်ုပ်တို့ ရှာဖွေလျက် ရှိသူကို တွေ့ရလေ၏။

ရှားလော့ဟုမ်းက ခေါင်မိုးပေါ်တွင် စန့်စန့်ကြီး လဲနေသည့် သဏ္ဌာန်ကို ငုံ့ကြည့်လိုက်ရင်း

'အင်း ကံ တရားသူကြီးရဲ့ စီရင်တာကို ခံသွားရပြီဗျ၊ ကျုပ်တို့က သေနတ်နှင့် လှမ်းပစ်လိုက်တော့ လန့်ဖျပ်ပြီး ဗုံးကို ခွဲဖို့ဟာ အချိန်ကိုက် မခွဲလိုက်မိဘူး၊ ဒီတော့ ဗုံးက သူ့ လက်ထဲတွင် ပေါက်သွားပြီး သူ့ကို မှန်သွားတာပဲ'

ရှားလော့ဟုမ်းသည် တစ်ဖက်သို့ လှည့်လိုက်ပြီး မကျေမချမ်း ဖြစ်လျက် ရှိသည့် အသံဖြင့်

'အင်း ကျုပ်တို့အဖို့တော့ နွံလေသမျှ သဲရေကျ ဖြစ်ပြီပေါ့ဗျာ၊ ကျုပ်တို့ အမှုသည်လည်း ဆုံး၊ တရားခံကိုလည်း ဆုံး ဆိုတဲ့ ကိန်းကို ဆိုက်ပြီ ထင်ပါရဲ့'

ထိုသို့ ပြောနေရာမှ ရှားလော့ဟုမ်း၏ အမူအရာသည် ချက်ချင်း ပြောင်းသွားကာ ကျွန်ုပ်၏ လက်ကို ဖမ်းဆုပ်လိုက်ပြီးလျှင်

'အလို၊ ကံကောင်းတယ်ဗျို့ ဝပ်ဆင်၊ ကျုပ်တို့ အသက်ကို ကယ်လိုက်တာ ဟောဟိုက မီးခိုးခေါင်းတိုင်ကြီးရယ်၊ လေဒီ မေယို ပြောလိုက်တဲ့ စကားကို ခင်ဗျား မှတ်မိသေးလား၊ မီးခိုးခေါင်းတိုင်ကို အုပ်ဆောင်း အုပ်ထားတယ်လို့ ပြောလိုက်တာလေ၊ ဟုတ်တယ်ဗျ၊ မီးခိုးခေါင်းတိုင် အကြီးကြီးကို အုပ်ဆောင်းနှင့် အုပ်ထားတယ်၊ လာဗျို့ မြန်မြန်'

ကျွန်ုပ်တို့သည် စောစောက တက်လာခဲ့သည့် မလွယ်ပေါက် တံခါးကလေးမှ ထွက်ကာ လှေကားမကြီးဆီသို့ ဆင်းလာခဲ့ကြလေ၏။ ခပ်လှမ်းလှမ်းတွင် ယမ်းနံ့တွေ မွှန်လျက် ရှိကာ ကျိုးပဲ့ ပျက်စီးနေသော တံခါး တစ်ချပ်ကို မြင်ရလေ၏။

ကျွန်ုပ်တို့သည် အိမ်ရှေ့ မင်းသား ရှိရာ အခန်းထဲသို့ အပြေး ဝင်လာခဲ့ကြလေ၏။

ရှားလော့ဟုမ်းသည် မြင်လိုက်ရသော ရှုခင်းကြောင့် တစ်ချက်မျှ အသံထွက်၍ အော်လိုက်လေ၏။

ခပ်စောစောက လုပ ခံ့ညားသော မီးလင်းဖိုကြီးမှာ ယခု အချိန်တွင် အုတ်ခဲတို့ ကျိုးပဲ့ ပျက်စီးကာ ဟောင်းလောင်းပေါက်ကြီး တစ်ပေါက် အဖြစ်သာ

mgyoe.com

mgyoe.com SAMPLE BOOK
ကျန်ရစ်ခဲ့လေ၏။ မီးလင်းဖိုထဲမှ မီးများ ပျံ့နှံ့သွားသည့် အတွက် အခန်းထဲမှ ကော်ဇောများကို မီးလောင်ကာ အခန်းထဲတွင် မီးခိုးတွေ မွှန်လျက် ရှိလေ၏။ ရှားလော့ဟုမ်းသည် မီးခိုးလုံးကြီးများထဲမှ ဖြတ်၍ ပြေးသွားပြီးနောက် ပျက်စီးနေသော စန္ဒရား တစ်လုံး နောက်တွင် ကုန်းနေသည်ကို တွေ့ရလေ၏။

'မြန်မြန် လာဗျို့၊ မသေသေးဘူး၊ အသက် ရှိသေးတယ်၊ ကျုပ် လုပ်စရာ ရှိတာတော့ ကုန်ပြီ၊ ခင်ဗျား အလှည့်ပဲ ကျန်တော့တယ်'

သို့ရာတွင် ကျွန်ုပ်လည်း အာမ မခံနိုင်ချေ။ ကျွန်ုပ်တို့သည် အိမ်ရှေ့ မင်းသားကလေးအား ဝက်သစ်ချသား မှန်ကူကွက် နံရံ ကာထားသည့် အိပ်ခန်းထဲသို့ သယ်ယူလာခဲ့ကြကာ တစ်ညလုံး ပြုစုကြသည့်တိုင် သူ့ ကံကြမ္မာကို မပြောနိုင်သေးဘဲ သူနိုင် ကိုယ်နိုင် လုလျက် ရှိကြလေ၏။

နောက်ဆုံး မိုးထိန်ထိန် လင်း၍ ပန်းခြံထဲသို့ နေရောင် ဖြာကျလာသည့် အခါတွင်မူကား မင်းသားမှာ သွေးလန့်၍ သတိ မေ့သွားရာမှ ပြန်၍ သတိလည်လာကာ နှစ်ခြိုက်စွာ အိပ်ပျော် သွားခဲ့လေပြီ။

ကျွန်ုပ်က

'ကိစ္စ မရှိပါဘူး၊ ဒဏ်ရာက အပေါ်ယံတွင်ပါ၊ သို့သော်လည်း သွေးလန့်ရုံနှင့်ကို ကိစ္စများသွားနိုင်တာတော့ အမှန်ပဲဗျ၊ ခု အိပ်ပျော်သွားပြီ ဆိုတော့ စိတ်ချ ရပါပြီ၊ အနားမှာ ဟောဒီက ကျုပ်တို့ တူမကြီး ပြုစု စောင့်ရှောက်မယ် ဆိုရင်တော့ မကြာခင် နာလန်ထမှာပါ'

မိနစ် အနည်းငယ် ကြာ၍ နံနက်ခင်း နေရောင်ခြည်ထဲတွင် လှပ တင့်တယ်လျက် ရှိသော ပန်းခြံထဲသို့ ကျွန်ုပ်တို့ နှစ်ယောက် ခြေညောင်း လက်ဆန့် လမ်းလျှောက်နေကြသည့် အခါတွင် ရှားလော့ဟုမ်းက

'ဒီအမှုကလေးကို မှတ်တမ်းတင်မယ် ဆိုရင်တော့ ထိုက်သင့်တဲ့ လူကို ဂုဏ်ပြု ရေးသားရလိမ့်မယ်ဗျ'

'နို့ ခင်ဗျားကို ဂုဏ်မပြုလို့ ဘယ်သူ့ကို ဂုဏ်ပြုရဦးမှာလဲ'

'ထိုက်သင့်တဲ့ လူက ကျုပ် မဟုတ်ဘူးဗျ၊ ကျုပ်တို့ ခုလောက် အောင်မြင်မှု ရခဲ့တာက တခြားကြောင့် မဟုတ်ဘူး၊ အိမ် ဆောက်တဲ့ အတတ်ပညာကို ကောင်းကောင်း နားလည်ခဲ့တဲ့ ကျုပ်တို့ ဘိုးဘွားများရဲ့ ကျေးဇူးကြောင့် ခုလို အောင်မြင်ခဲ့တာ၊ လွန်ခဲ့တဲ့ အနှစ် နှစ်ရာလောက်ကတည်းက မီးဖိုကြီးပေါ်မှာ ကျောက်အုပ်ဆောင်းကြီး တင်ပြီး ဆောက်ခဲ့တဲ့ အတွက်ကြောင့် ကျုပ်တို့ အမှုသည် အသက်နှင့် ခန္ဓာကိုယ် အိုးစား မကွဲခဲ့တာ၊ ဒီအိမ်ကြီးဟာ ဂျိမ်း ဘုရင်

mgyoe.com

mgyoe.com
SAMPLE BOOK

လက်ထက်တုန်းက ဆောက်ခဲ့တာဗျ၊ အဲဒီ ခေတ်က အိမ်ဆောက်တဲ့ အိမ်ရှင်များဟာ သူ့ အိမ်နားနီးချင်းက သူ့ကို ရန်မူမယ် ဆိုတာကို ကြိုတင် တွက်ခဲ့မိတဲ့အတွက် ဒီလို အခိုင်အလုံ ဆောက်ခဲ့တာ ဖြစ်တယ်ဗျ၊ ဒါကြောင့် ရှရှားပြည်က အိမ်ရှေ့ ဥပရာဇာ မင်းသားလေးနှင့် ဘေကာလမ်းက ရှားလော့ဟုမ်းတို့ အဖွဲ့ဟာလည်း အဲဒီလို အမြော်အမြင် ကြီးကြီးနှင့် အိမ်ဆောက်ခဲ့တဲ့ အိမ်ပိုင်ရှင်များကိုသာ ကျေးဇူး တင်ရပေလိမ့်မယ်ဗျ'

[မူရင်း ဝတ္ထု *The Adventure of the Seven Clocks.* ခေါင်းစဉ်၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင် 'တိုင်ကပ် နာရီများ ရိုက်ခွဲမှု' ဟူသော အမည်ဖြင့် မြန်မာမှု ပြုပြီး။]




mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အကျိုးမဆောင်သော ရေ့နေ



'မစ္စတာ ဟုမ်းရေ၊ ခုသေပုံမျိုးကတော့ ဘုရားသခင်က ဒဏ်ခတ် လိုက်တာပဲ ခင်ဗျ'

ဘေကာလမ်းရှိ ကျွန်ုပ်တို့ တိုက်ခန်းကလေးထဲတွင် ဤသို့သော ထူးထူးခြားခြား ပြောဆိုသံများကို မကြာခဏ ကြားနေကျ ဖြစ်သော်လည်း သင်းအုပ်ဆရာ မစ္စတာ ဂျိမ်း အက်ပလေ၏ အထက်ပါ ပြောဆိုချက်မျိုးကဲ့သို့ အထိတ်တလန့် ပြောသံမျိုးကိုကား များစွာ မကြားရတတ်ချေ။

ထိုနေ့မှာ ၁၈၈၇ ခုနှစ် ရာသီဥတု သာယာ ကောင်းမွန်သည့် နေ့ တစ်နေ့ဖြစ်ကြောင်းကို မှတ်စု စာအုပ်ကို ပြန်မကြည့်ဘဲနှင့် ကျွန်ုပ် ကောင်းစွာ ပြောနိုင်ပေ၏။

ထိုနေ့က ကျွန်ုပ်တို့ နှစ်ယောက် မနက်စာ စားလျက် ရှိစဉ် ကြေးနန်းစာ တစ်စောင် ရောက်လာသည်။ ရှားလော့ဟုမ်းသည် စိတ်ပျက်လက်ပျက် ဖြစ်ဟန်ဖြင့် ကြေးနန်း စာရွက်ကို ကျွန်ုပ်ထံသို့ ပစ်ပေးလိုက်လေ၏။

အရေးကြီးသည့် ဘာသာရေး ကိစ္စ တစ်ခုကို တိုင်ပင်လိုပါသဖြင့် မိမိအား စောင့်ဆိုင်းစေလိုကြောင်းဖြင့် မစ္စတာ အက်ပလေ၏ ကြေးနန်းတွင် ပါရှိလေ၏။

ရှားလော့ဟုမ်းသည် မနက်စာ စားပြီးတိုင်း ဖွာလေ့ ရှိသည့် ဆေးတံကို ကောက်၍ မီးညှိလိုက်ပြီးလျှင် စိတ်ပျက်သည့် လေသံဖြင့်

'တယ်လည်း ခက်ပါလားဗျို့၊ သင်းအုပ် ဆရာတွေကလည်း ဘယ် အချိန် တရားချရမလဲ၊ ကောက်သိမ်းပွဲမှာ ဘယ်လို တရားမျိုး ဟောရမလဲ ဆိုတာ စုံထောက်ကို လာပြီး တိုင်ပင်ကုန်ကြပြီ ထင်ပါရဲ့၊ သူတို့ လုပ်တာနှင့် စုံထောက်



mgyoe.com

mgyoe.com
SAMPLE BOOK

တောင် ဘဝင် မြင့်ချင်သလိုလို ဖြစ်လာပြီ၊ ကဲ အိုင်ဆေးရေ၊ သင်းအုပ်ဆရာ မစ္စတာ ဂျိမ်း အက်ပလေ ဆိုတာ ဘယ်လို ပုဂ္ဂိုလ်မျိုးလဲ ဆိုတာ သိရအောင် ကရောက်ဖို့ရဲ့ လမ်းညွှန် စာအုပ်ကို လှန်ကြည့်လိုက်ပါဦးဗျာ'

မိတ်ဆွေကြီး ရှားလော့ဟုမ်း၏ နည်းကို ကြိုးစား၍ အတု ယူလျက် ကျွန်ုပ်သည် သာသနာရေးဆိုင်ရာ ပုဂ္ဂိုလ်များ၏ လမ်းညွှန် စာအုပ်ကို လှမ်းယူ လိုက်လေ၏။

ကျွန်ုပ်တို့ထံသို့ လာမည့် မစ္စတာ အက်ပလေမှာ ဆွမ်းမားဆက်နယ်ရှိ ကျောင်းတိုက်ငယ်ကလေး တစ်ခုမှ သင်းအုပ်ဆရာ တစ်ဦး ဖြစ်ပြီး ရှေး ဘိုင်ဇင် တိုင်းခေတ် ပရ ဆေးဝါးများနှင့် ပတ်သက်၍ ကျမ်းတစ်စောင် ရေးဖူးသူ ဖြစ် ကြောင်း တွေ့ရလေ၏။

'တောက သင်းအုပ်ဆရာ တစ်ယောက်က စုံထောက်ဆီ လာရတာက တော့ တော်တော်တော့ ထူးဆန်းတာပဲဗျို့၊ ဟော ပြောရင်း ဆိုရင်း လာပြီ ထင် တယ်ဗျ'

ထိုသို့ ပြောနေစဉ် တံခါး ခေါင်းလောင်းကို အလောတကြီး နှိပ်သံ ဆက် တိုက် ပေါ်လာပြီးလျှင် ကျွန်ုပ်တို့၏ အိမ်ရှင် အဘွားကြီး မစ္စက် ဟတ်ဆန် လာ ရောက် အကြောင်းကြားသည်ကို မစောင့်နိုင်တော့ဘဲ အခန်းထဲသို့ သင်းအုပ်ဆရာ ဝင်လာသည်ကို တွေ့ရလေ၏။

သင်းအုပ်ဆရာ မစ္စတာ အက်ပလေမှာ အရပ် ထောင်ထောင် မောင်း မောင်း၊ ပိန်ပိန်ပါးပါး၊ ပခုံး မြင့်မြင့် ဖြစ်၍ တောသင်းအုပ်ဆရာများ ဝတ်လေ့ ရှိသည့် အဝတ်အစားကို ဝတ်ဆင်ထားလျက် ကြင်နာ သနားတတ်ဟန် ရှိ၍ ကျမ်းဂန် စာပေတို့ကို ကျွမ်းကျင် နှံ့စပ်ဟန် ရှိပေ၏။ ရှေးလူကြီးများ ထားလေ့ ရှိသော နှုတ်ခမ်းမွေး ကျင်စွယ် ကားကားကြီးမှာ ဝဲကျလျက် ရှိလေ၏။

အခန်းထဲသို့ ရောက်သည်နှင့် မစ္စတာ အက်ပလေသည် ဘဲဥပုံ မျက်မှန် အောက်မှ မှုန်မွဲသော မျက်လုံးများဖြင့် ကျွန်ုပ်တို့ကို လှမ်းကြည့်လိုက်လျက်

'မိတ်ဆွေကြီးတို့ရေ၊ ဘယ်လိုမှတော့ မအောက်မေ့ကြနှင့်ဗျ၊ ဒီကိစ္စက အင်မတန် အရေးကြီးလွန်းလို့ ခင်ဗျားတို့ကို လာပြီး ခုလို အနှောင့်အယှက် ပေး ရတာ၊ တကယ်ပါ'

ရှားလော့ဟုမ်းသည် မီးငြိမ်းနေသော မီးလင်းဖိုဘေးရှိ ကြိမ်ကုလားထိုင် ကို ထိုးပြလိုက်ပြီးနောက် သွက်လက် ရွှင်လန်းစွာဖြင့်

'ရပါတယ် ခင်ဗျာ၊ ရပါတယ်၊ ကျွန်တော်တို့လို အတိုင်ပင်ခံ စုံထောက်

mgyoe.com SAMPLE BOOK

ဆိုတာ ဆရာဝန်များနှင့် အတူတူပါပဲ၊ လာသမျှကို လက်ခံရတာပေါ့၊ အနှောင့်အယှက် ဖြစ်တယ် ဘယ်ဟုတ်မလဲ'

သင်းအုပ်ဆရာသည် ကုလားထိုင်ပေါ် ထိုင်လိုက်သည်နှင့် တစ်ပြိုင်နက် အထက်တွင် ကျွန်ုပ် ဖော်ပြခဲ့သည့် စကားများကို ပြောဆိုလိုက်ခြင်း ဖြစ်လေ၏။

ရှားလော့ဟုမ်းက သူ့ စကားကို သံယောင်လိုက်ကာ

'ဗျာ၊ ဘုရားသခင်က ဒဏ်ခတ်လို့ သေတာ ဟုတ်စ၊ ဒီလိုဆိုရင် ပြဿနာက ကျွန်တော့်ထက် ခင်ဗျားနှင့် ပိုပြီး ဆိုင်လိမ့်မယ် ထင်တယ် ခင်ဗျ'

ရှားလော့ဟုမ်း၏ အသံမှာ ခပ်တိုးတိုး ဖြစ်သည့်တိုင် ထိုစကားထဲတွင် အနည်းငယ် ထိတ်လန့်သံ ပေါက်နေခြင်းကို ကျွန်ုပ် သတိ ထားလိုက်မိလေ၏။

'ဒီလိုပါလေ၊ ကျွန်တော် ပြောတာက နည်းနည်း လောကြီးသွားလို့ပါ၊ စကားက ဂိုဏ်း မလွတ်သလိုတောင် ဖြစ်သွားတယ် ထင်တယ်၊ ဒါပေမဲ့ အဖြစ်က ကြောက်စရာ ကောင်းလွန်းတော့ ....'

သင်းအုပ်ဆရာသည် အသံကို နှိမ့်လိုက်ကာ ကုလားထိုင်မှ ကိုယ်ကို ရှေ့သို့ ကုန်းလိုက်ပြီးလျှင်

'အဖြစ်ကတော့ တော်တော်လေးကို ဆိုးတယ်ဗျာ၊ သွေးအေးအေးနှင့် လုပ်တာ ဆိုတော့ ...'

'ဟုတ်ကဲ့၊ ကျွန်တော် နားထောင်နေပါတယ် ခင်ဗျာ'

'မစ္စတာ ထရီလော်နေ၊ အဲဒီနား တစ်ဝိုက်မှာတော့ မြေပိုင်ရှင် ထရီလော်နေလို့ ခေါ်ကြတာပေါ့လေ၊ မစ္စတာ ထရီလော်နေဟာ ဒီနား တစ်ဝိုက်မှာ အချမ်းသာဆုံး မြေရှင် တစ်ယောက်လို့ ပြောနိုင်ပါတယ်၊ လွန်ခဲ့တဲ့ လေးည သူ အသက်ခုနစ်ဆယ် ပြည့်ဖို့ သုံးလ အလိုမှာ အိပ်ရာထဲမှာ သေသွားတယ်ဗျ'

'အမယ်လေး ခင်ဗျာ၊ ဒါလောက်က ဘာဆန်းတာ မှတ်လို့'

သင်းအုပ်ဆရာသည် ထိပ်တွင် စွန်းပေနေသည့် လက်ညှိုးကို ထောင်လိုက်ပြီး အသံ ခပ်ကျယ်ကျယ်ဖြင့်

'နေပါဦးလေဗျာ၊ နားထောင်စမ်းပါဦး၊ မစ္စတာ ထရီလော်နေဟာ သန်သန်မာမာ ကျန်းကျန်းမာမာကြီးဗျ၊ ဘာရောဂါမှ ရှိတာ မဟုတ်ဘူး၊ နေမယ် ဆိုရင် နောက်ထပ် ဆယ့်လေးငါးနှစ်တော့ အသာကလေး နေနိုင်သေးတယ်၊ ခုတော့ ကျုပ်တို့ ရွာမှာ ရှိတဲ့ ဆရာဝန် ဒေါက်တာ ဂရစ်ဖင်က ... ဒေါက်တာ ဂရစ်ဖင် ဆိုတာလည်း တခြားလူ မဟုတ်ဘူး၊ ကျုပ်တူ အရင်း ခေါက်ခေါက်ကြီးရယ်၊


mgyoe.com

mgyoe.com SAMPLE BOOK

သေစာရင်းမှာ လက်မှတ် မထိုးဘူး လုပ်နေတယ်၊ လုပ်ရုံတွင် မကဘူး၊ အလောင်းကို ခွဲကြည့်ရမယ်လို့လည်း ပြောနေတယ်'

ရှားလော့ဟုမ်းသည် မီးခိုးရောင် ညဝတ် အင်္ကျီကြီးကို မချွတ်သေးဘဲ ကုလားထိုင်တွင် ပျင်းတိ ပျင်းတွဲ ထိုင်လျက် ရှိလေ၏။ သို့ရာတွင် ထိုစကားကို ကြားသည်နှင့် ရှားလော့ဟုမ်းသည် ကိုယ်ကို မတ်လိုက်ကာ

'ဘာရယ်၊ အလောင်းကို ခွဲကြည့်မယ် ဟုတ်စ၊ ခင်ဗျားတူ ကိုယ်တိုင် ခွဲကြည့်တယ်ပေါ့'

သင်းအုပ်ဆရာက ခပ်ထွေထွေဖြင့်

'မဟုတ်ဘူးဗျ၊ ကျုပ်တို့မှာ မှုခင်း ဆေးပညာကို အကျွမ်းကျင်ဆုံးလို့ ဆိုတဲ့ ဆရာဝန်ကြီး အာလီယိုပို ဟားပါး ကိုယ်တိုင် ခွဲကြည့်တာ၊ ခွဲကြည့်လိုက်တော့ သွေးရိုးသားရိုး သေတာ မဟုတ်ဘူး ဆိုတာကို တွေ့ရတယ်၊ ခုတော့ ပုလိပ်တွင် မကဘူး၊ စကော့တလန်ယာဒ် ကိုယ်တိုင် ဝင်ကိုင်နေတယ်'

'အင်း'

'ဒါပေမဲ့ ခက်တာက ထရီလော်နေဟာ အသတ်ခံရလို့ သေတာ မဟုတ်ဘူးဗျ၊ ဖြစ်လည်း မဖြစ်နိုင်ဘူး၊ ခွဲစိတ်ကြည့်လိုက်တဲ့ အခါကျတော့ သေနိုင်တဲ့ အကြောင်း ဆိုလို့လည်း ဘာကိုမှ ရှာလို့ မတွေ့ဘူးလို့ ဆရာဝန်ကြီး ကိုယ်တိုင်က ထုတ်ပြောနေတယ်'

ပူပြင်းသော နွေရာသီ နေရောင်ကို ကာကွယ်ရန် အတွက် ခန်းဆီးများ ချထားသည့် ကျွန်ုပ်တို့ အခန်းကလေးထဲတွင် အတန်ကြာ တိတ်ဆိတ်လျက် ရှိလေ၏။

ရှားလော့ဟုမ်းသည် ကျွန်ုပ်ဘက်သို့ လှည့်ကာ ရင်းနှီးစွာဖြင့်

'အိုင်ဆေး ဝပ်ဆင်ရေ၊ ဆိုဖာနောက် စင်ပေါ်က ကျုပ် ဆေးတံကလေးကို လှမ်းလိုက်ပါလား၊ အင်း ကျေးဇူးပဲ၊ မြေဆေးတံကို ခဲပြီး စဉ်းစားရတာ တော်တော် ဉာဏ်ထွက်တယ်ဗျ၊ မီးသွေးခြင်းကော ဘယ်နားမှာလဲဗျို့၊ ဟောဒီက သင်းအုပ် ဆရာကြီးကိုလည်း ဆေးပြင်းလိပ်ကလေး ဘာလေး တည်စမ်းပါဦး'

သင်းအုပ် ဆရာသည် စွန်းပေနေသည့် လက်ချောင်းများဖြင့် နှုတ်ခမ်းမွေးများကို သပ်လိုက်ပြီးလျှင်

'နေပါစေ ခင်ဗျာ၊ ခုလောလောဆယ်တော့ မသောက်ပါရစေနှင့်ဦး၊ ဆေးလိပ် သောက်လို့လည်း မရဘူး၊ သောက်လည်း မသောက်ရဲဘူး၊ ဆေးလိပ် သောက်လိုက်ရင် အသက်ရှူ ကျပ်ပြီး သေသွားလိမ့်မယ်လို့တောင် ထင်မိတယ်၊ ဖြစ်ပုံ


mgyoe.com

mgyoe.com
SAMPLE BOOK

အသေးစိတ်ကို သေသေချာချာ ပြောစမ်းပါရစေဦး၊ ပြောလို့သာ ပြောရတယ်၊ ပြောရမှာကလည်း ခပ်ခက်ခက်ရယ်၊ ကျွန်တော်ဟာ သတိ မေ့တတ်တဲ့ လူလို့ စုံထောက်ကြီးကတော့ ထင်ကောင်း ထင်မှာပဲ၊ ဟုတ်တယ် ခင်ဗျာ၊ ထင်စရာ ပါပဲ။

'ကျွန်တော် ငယ်ငယ် သာသနာရေးဘက်ကို မဝင်ခင်တုန်းက ဆေးဘက် ကို လိုက်မယ်လို့ စိတ်ကူးခဲ့ဖူးတယ်ဗျ၊ ဒါပေမဲ့ ကျွန်တော်က မေ့တတ်လွန်းလို့ ကျွန်တော့် အဖေက ကျွန်တော့်ကို ဆေးဘက်ကို မလိုက်ဖို့ တားခဲ့တယ်၊ မင်းသာ ဆရာဝန် ဖြစ်ရင် ချောင်းဆိုးလို့ လာပြတဲ့ လူနာကို ကလိုရိုဖောင်း ပေးပြီး ကျောက် ကပ်ကို ခွဲမယ့် ကောင်မျိုးတဲ့၊ ဒါ့ကြောင့် မင်းနှင့် ဆရာဝန်နှင့် မဖြစ်ပါဘူးကွယ် လို့ ဆုံးသွားတဲ့ ကျုပ် ခမည်းတော်ကြီးက ပြောဖူးတယ်ဗျ'

ရှားလော့ဟုမ်းက စိတ်မရှည်နိုင်ဟန်ဖြင့်

'တိုတို ပြောရရင် ခင်ဗျား ဒီနေ့ တစ်မနက်လုံး စိတ် လှုပ်ရှားနေတယ် မဟုတ်လားဗျာ၊ ဒီမလာခင် အိမ်မှာ စာအုပ်တွေကို မွှေနှောက် ရှာဖတ်ခဲ့သေး တယ် မဟုတ်လား'

ရှားလော့ဟုမ်းသည် ကျွန်ုပ်တို့၏ အမူသည်ကို အကဲခတ်ရင်း ပြောလိုက် လေ၏။

'ဟုတ်ပါတယ်ဗျာ၊ ဆေး စာအုပ်တွေကို ရှာဖတ်တာပါ'

'ခင်ဗျား အိမ်က စာအုပ်စင်ကြီးတွေက အမြင့်ကြီးတွေ ဆိုတော့ ရှာရ တာ ပင်ပန်းမှာပေါ့'

'မပင်ပန်းပါဘူးဗျာ၊ ကျွန်တော့် အဖို့တော့ ဘယ်လိုပဲ ရှာရ ရှာရပါ'

သင်းအုပ်ဆရာသည် လွှတ်ခနဲ ပြောလိုက်ပြီးမှ စကားကို ဖြတ်လိုက်လေ ၏။

နှုတ်ခမ်းမွှေး ကားကားကြီးများဖြင့် အနား ကွပ်ထားသည့် သူ၏ ရှည် မျောမျော မျက်နှာသည် ပို၍ ရှည်လျားသွားသည်ဟု ထင်ရလေ၏။

'ဩော် ဩော် နေဦးဗျ၊ သတိ ရသွားပြီ၊ ကျုပ် အိမ်မှာ စာအုပ်တွေ ရှိ တဲ့ အကြောင်းနှင့် ကျုပ် စာအုပ်စင်တွေ မြင့်တဲ့ အကြောင်းကို ကျုပ် တစ်လုံးမှ မပြောရသေးဘူး၊ စုံထောက်ကြီးက ဘယ့်နှယ်လုပ် သိနေတာလဲ'

'အသေးအဖွဲ့ကလေးတွေပါဗျာ၊ သင်းအုပ် ဆရာကြီးဟာ မုဆိုးဖို ဖြစ် တယ်ဗျာ၊ ခုတစ်ယောက်တည်း နေတယ်ဗျာ၊ အိမ်မှာ ခေါ်ထားတဲ့ အိမ်ထောင် ထိန်းတဲ့ မိန်းမကြီးကလည်း အပျင်း ထူတယ်ဗျာ၊ မဟုတ်ဘူးလား'

mgyoe.com

mgyoe.com SAMPLE BOOK

'ဗျို့ ဟုမ်း၊ မစ္စတာ အက်ပလေ မပြောနှင့်၊ ခင်ဗျား ကောက်ချက် ချလိုက်ပုံကို ကျွန်တော်တောင် လန့်သွားပြီ'

'ဖုန်တွေဗျ၊ ဖုန်တွေ'

'ဘာဖုန်တွေလဲ'

'မစ္စတာ အက်ပလေရဲ့ ညာဘက် လက်ညှိုးပေါ်ကို သေသေချာချာ ကြည့်စမ်း၊ လက်ညှိုး ထိပ်ပေါ်မှာ ပြာမွဲမွဲ စွန်းနေတာတွေဟာ စာအုပ်တွေပေါ်မှာ ကပ်နေတဲ့ ဖုန်မျိုးဗျ၊ မစ္စတာ အက်ပလေက အရပ် ရှည်ရှည်၊ လက်တံရှည်ရှည် ဆိုတော့ စင် အမြင့်ကြီးပေါ် တင်ထားတဲ့ စာအုပ်တွေကို အောက်ကနေပြီး လှမ်းယူလို့ ပေနေတာ၊ ဒါ့အပြင် ဦးထုပ်ကို တိုက်မထားတာကို ထောက်ရင် သူ့မှာ မိန်းမ မရှိဘူး၊ အိမ်ထောင်ထိန်းကလည်း တော်တော် အပျင်းထူတယ် ဆိုတာ ထင်ရှားပါတယ်၊ အထူးအထွေ စဉ်းစားဉာဏ် ကောင်းဖို့ မလိုပါဘူး'

'အင်း ထူးခြားပါပေတယ်ဗျာ' ဟု ကျွန်ုပ်က ပြောလေ၏။

'ဒီလောက်လည်း မဟုတ်ပါဘူးဗျာ၊ ဒါတွေက အပေါ်ယံတွေပါ၊ ကဲ ကျုပ်တို့ ဧည့်သည် မိတ်ဆွေကြီး ပြောတာကို နားထောင်စမ်းပါရစေဦး'

'သူ သေပုံကို ကျွန်တော်တို့ အားလုံး နားမလည်နိုင်အောင် ဖြစ်နေကြတယ် ခင်ဗျ၊ ဒါပေမဲ့ ဒါက အစပဲ ရှိသေးတယ်၊ နောက်မှာ ဒီထက် ဆိုးတာ လာလိမ့်ဦးမယ်၊ မစ္စတာ ထရီလော်နေမှာ ကျန်ရစ်တဲ့ ဆွေမျိုးသားချင်း ဆိုလို့ တစ်ယောက်ပဲ ရှိတယ် ခင်ဗျ၊ အဲဒါက သူ့ တူမကလေး၊ အသက် နှစ်ဆယ့်နှစ်နှစ်ပဲ ရှိသေးတယ်၊ သူ့ နာမည်က မစ္စ ဒလိုရီ ဒေးတဲ့၊ ဂလက်စတန်ဘာရီက ကွယ်လွန်သူ မစ္စက် ကော့ပလေ ဒေးရဲ့ သမီးကလေး။

'သူ့ တူမလေးက ချမ်းမြေ့ ရိပ်မြုံလို့ ခေါ်တဲ့ မစ္စတာ ထရီလော်နေရဲ့ အိမ်ကြီးမှာ အိမ်ထောင် ကိစ္စတွေကို ဦးဆောင်ပြီး ထိန်းသိမ်းလာတာ တော်တော်လေး ကြာသွားပြီ၊ ကလေးမကလေးက ဂျက်ဖရီ အိန်းစဝဲ့ ဆိုတဲ့ သူငယ်ကလေးနှင့် စေ့စပ်ထားတယ်၊ အဘိုးကြီး သေရင် အမွေတွေကို သူပဲ အားလုံး ရမယ် ဆိုတာ လူတိုင်း သိနေကြတယ်။

'ကလေးမကလေးက စိတ်ရင်း စေတနာကလည်း ကောင်းရှာပါတယ်၊ ရုပ်ကလည်း ပြောစရာ မရှိ၊ ဆံပင် ဆိုတာကလည်း ဟိုးမားရဲ့ ကဗျာထဲက မဟူရာ ပင်လယ်ရေ ဆိုတာမျိုးဗျ၊ သို့သော်လည်း တစ်ခါတလေမှာတော့ ကလေးမကလေးက စိတ်ဆတ်တယ်၊ တောင်ပိုင်းသွေး ဆိုတဲ့ အတိုင်း'

ရှားလော့ဟုမ်းက မျက်လုံးများကို မှိတ်ထားလျက် ရှိရင်းက

mgyoe.com

mgyoe.com SAMPLE BOOK

'ဟုတ်ပါပြီလေ၊ ဒါတွေ ထားပါတော့၊ စောစောက သင်းအုပ်ကြီး စပြော တော့ ဒါက အစ ရှိသေးတယ်၊ ဒီထက် ဆိုးတာတွေ ရှိသေးတယ် ဆို'

'ဟုတ်ပါတယ် ခင်ဗျာ၊ အဖြစ်အပျက်က ဒီလိုပါ၊ မစ္စတာ ထရီလော် နေဟာ မသေခင်ကလေးတွင်းမှာ သူ့ သေတမ်းစာကို ပြင်ပြီး ရေးလိုက်ပါတယ်၊ အဘိုးကြီးက သူ့ တူမ မစ္စ ဒလိုရီ ဒေးကို တယ် မကြိုက်ချင်ဘူး ခင်ဗျ၊ နည်း နည်း ခပ်ပျံ့ပျံ့ နေတယ်လို့ ထင်ဟန် ရှိတယ်၊ ဒါနှင့် သူ့ တူမကလေးကို ပေး မယ့် အမွေတွေ ဖြတ်ပစ်လိုက်ပြီး သူ့ ပစ္စည်းတွေကို ကျွန်တော့်တူ ဒေါက်တာ ပေါ ဂရစ်ဖင်ကို ပေးပစ်ခဲ့တယ်၊ ဒါကတော့ အဲဒီနား တစ်ဝိုက်မှာ ဖြစ်နေတဲ့ သတင်းပေါ့ ခင်ဗျာ၊ အဲ နောက်နှစ်ပတ်လောက် ကြာလို့ မစ္စတာ ထရီလော်နေ လည်း အိပ်ရာထဲမှာ သေနေတာ တွေ့ရော ကျွန်တော့်တူ လက်ချက် ဖြစ်မှာပဲ ဆိုပြီး ထင်လာကြတော့တာပေါ့ ခင်ဗျာ'

'အင်း အသေးစိတ်ကလေးတွေ ပြောစမ်းပါဦး'

သင်းအုပ်ဆရာက

'ပြောရမယ် ဆိုရင်တော့ သေသူ မစ္စတာ ထရီလော်နေဟာ တော်တော် စည်းကမ်းကြီးပြီး တိကျတဲ့ လူတစ်ယောက် ခင်ဗျ၊ အားအားရှိရင် လယ်ကွင်း တွေ တောတွေထဲ လျှောက် လျှောက် သွားနေတာကို မကြာခဏ မြင်ရတတ် တယ်၊ ညနေ ဆိုရင်လည်း သူ့ အခန်းထဲမှာ ထိုင်ပြီး တစ်နေ့ကို သမ္မာကျမ်းစာ ထဲက အခန်း တစ်ခန်း ဖတ်လေ့ ရှိတယ်၊ သမ္မာ ကျမ်းစာကို ဖတ်ပြီးရင် သံပတ် ကုန်လို့ ရပ်နေတတ်တဲ့ သူ့ နာရီကို သံပတ် ပေးလေ့ ရှိတယ် ခင်ဗျ၊ ပြီးတော့ ဆယ်နာရီ ဒေါင်ခနဲ ထိုးတာနှင့် အိပ်ရာ ဝင်တာပဲ'

'နေဦးဗျ၊ တစ်ခု မေးချင်တယ်၊ သူ့ အလေ့အထက နေ့တိုင်း ဒီအတိုင်း ပဲလား၊ တစ်ခါတလေတောင် အပြောင်းအလဲ မရှိတော့ဘူးလား'

'ဟုတ်ကဲ့၊ သမ္မာကျမ်းစာကို ဖတ်တာ တော်တော် စိတ်ပါသွားတဲ့ အခါ ကျရင်တော့ ညဉ့်နက် သန်းခေါင် အထိ ဖတ်တတ်တယ် ခင်ဗျ၊ ဒါပေမဲ့ ဒီလို နောက်ကျပြီး အိပ်တာမျိုးက သိပ်မရှိလှပါဘူး ခင်ဗျာ၊ တစ်ခါတလေမှသာ ဖြစ် တတ်လေတော့ မပြောလောက်ဘူးလို့ပဲ ပြောပါတော့'

'အင်း ဟုတ်ပါပြီလေ၊ ရှင်းပါပြီ'

'နောက်တစ်ချက် ပြောရတာ သိပ်တော့ မကောင်းဘူးပေါ့လေ၊ ဒါပေမဲ့ ပြောတော့ ပြောရမှာပဲ၊ အဘိုးကြီးက သူ့ တူမ ဒလိုရီ ဒေးနှင့်လည်း သိပ် အဆင် မပြေကြဘူး ခင်ဗျ၊ အဘိုးကြီးက သိပ် စည်းကမ်း ကြီးလွန်းတော့ တစ်ခါတလေ


mgyoe.com

mgyoe.com SAMPLE BOOK
မှာ ရက်စက်ရာတောင် ရောက်တယ်လို့ ဆိုနိုင်တယ် ခင်ဗျ၊ လွန်ခဲ့တဲ့ နှစ်နှစ် လောက်တုန်းကလည်း သူ့ တူမက ဗရုစ္စတိုမှာ ဆူလေဗန်တို့ ဇာတ် လာတော့ သွားကြည့်တယ် ခင်ဗျ၊ သူ့ကို မပြောဘဲ သွားကြည့်ရပါမို့လား ဆိုပြီး ကောင်မ လေးကို သင်တုန်းဓား သွေးတဲ့ သားရေပတ်ကြီးနှင့် ရိုက်လိုက်တာ ခင်ဗျာ၊ ဒါတွင် ဘယ်ကမလဲ၊ ရေနှင့် ပေါင်မုန့်ပဲ ကျွေးပြီး အခန်းထဲကိုလည်း နှစ်ရက် လှောင်ပိတ်ထားလိုက်သေးတယ် ခင်ဗျ၊ ကောင်မလေးကလည်း သူ့ကို ဒီလောက် ရက်စက်ရပါမို့လား ဆိုပြီး ငိုလိုက်တာ ခင်ဗျာ၊ လူယုတ်မာကြီးလို့ ပါးစပ်က ထုတ်ပြောတဲ့ အထိပဲ'

'ဒါဖြင့် ကလေးမကလေးရဲ့ အနာဂတ်ဟာ အဘိုးကြီးဆီက အမွေ ရ မရ ပေါ်မှာ မူတည်နေတယ်လို့ ယူဆနိုင်တယ်ပေါ့'

'ဒီလိုတော့လည်း မဟုတ်ပါဘူး ခင်ဗျာ၊ ကောင်မလေးနှင့် စေ့စပ်ထား တဲ့ ဂျက်ဖရီ အိမ်းစဝ့် ဆိုတဲ့ သူငယ်က တော်တော်လေး တက်လမ်း ရှိတဲ့ ရှေ့နေ တစ်ယောက်ပါ၊ ခုတောင် တော်တော်လေး ဟန်ကျနေပါပြီ၊ မစ္စတာ ထရီလော်နေတောင် အကြောင်းကိစ္စ ကြီးငယ် ရှိရင် သူ့ကိုပဲ ငှားတာပဲ'

'သင်းအုပ် ဆရာကြီးက တူတော်မောင် အတွက် တော်တော် စိုးရိမ်နေပုံ ရတယ်၊ တူတော်မောင် ဒေါက်တာ ဂရစ်ဖင်က မစ္စတာ ထရီလော်နေရဲ့ ပစ္စည်း တွေကို အမွေ ဆက်ခံခွင့် ရလိုက်တယ် ဆိုတော့ သူနှင့် သေသူ မစ္စတာ ထရီ လော်နေနှင့် တော်တော် အဆင်ပြေကြမှာပေါ့'

သင်းအုပ်ဆရာသည် ကုလားထိုင်ပေါ်တွင် ဂနာမငြိမ်နိုင်ဘဲ နေရာ ရွေ့ ၍ ထိုင်လိုက်ရင်း

'အဆင်ပြေတာကတော့ မပြောပါနှင့်တော့ ခင်ဗျာ၊ တစ်ခါတုန်းက ဆိုရင် တူတော်မောင်က မစ္စတာ ထရီလော်နေရဲ့ အသက်ကို ကယ်ခဲ့ဖူးတာကို ခင်ဗျ၊ ဒါပေမဲ့ တစ်ခုတော့ ပြောရဦးမယ် ခင်ဗျ၊ ကျွန်တော့် တူက တော်တော် စိတ် ထန်ပြီး ဒေါသလည်း တော်တော်ကြီးတဲ့ လူ၊ သူက တင်းတင်းမာမာ ဆက်ဆံ တဲ့ အတွက် အနားတစ်ပိုက်က ဆိုရင် သူ့ကို တယ် မကြိုက်ကြဘူး၊ မစ္စတာ ထရီလော်နေ ဘယ်နည်း ဘယ်ပုံ သေတယ် ဆိုတာကိုသာ ပုလိပ်က သက်သေ ပြနိုင်ခဲ့ရင် ခုလောက်ဆို ကျွန်တော့် တူတော်မောင် အဖမ်း ခံနေရပြီလား မဆို နိုင်ဘူး'

သင်းအုပ်ဆရာသည် အခန်း ပတ်ဝန်းကျင်ကို လှည့်ကြည့်လျက် ရှိလေ ၏။ ထိုစဉ် တံခါးမှ ခပ်ပြင်းပြင်း ခေါက်သံကို ကြားရလေ၏။ ခဏ ကြာလျှင်

mgyoe.com

mgyoe.com
SAMPLE BOOK

တံခါးသည် ပွင့်လာကာ အိမ်ရှင် အဘွားကြီး မစ္စက် ဟတ်ဆန်သည် ဦးထုပ် မြင့်နှင့် အပွင့်ဖော် ဝတ်စုံတို့ကို ဝတ်ဆင်ထားသည့် အရပ် ပုပု၊ ပိန်ပိန်ပါးပါး၊ ကြွက် မျက်နှာ ရှိသည့် လူတစ်ယောက်ကို ခေါ်လာလေ၏။ သင်းအုပ်ဆရာ မစ္စတာ အက်ပလေကို မြင်လိုက်သည်နှင့် ထိုလူသည် တံခါးဝတွင် တုံ့ခနဲ ရပ်လိုက်လျက် အာမေဍိတ်သံ တစ်ချက်ကို ပြုလိုက်လေ၏။

'ဗျို့ လက်စထရိတ်၊ ခင်ဗျားလည်း ဘယ်ဆိုးလို့လဲဗျ၊ အံ့ဩစရာကလေး တွေကို လုပ်ပြတတ်သားပဲ၊ ခုဆို ကြည့်စမ်း၊ မထင်ဘဲနှင့် ဖြုန်းခနဲ ပေါ်လာတာ၊ လုပ်လိုက်ပုံကလေးက ဘယ်လောက် လှသလဲ'

ရှားလော့ဟုမ်းက များစွာ အရေး မကြီးဟန်ဖြင့် ပြောလေ၏။ စကော့ တလန်ယာဒ် စုံထောက် လက်စထရိတ်သည် ဦးထုပ်ကို အနီးရှိ ဓာတ်ငွေ့ မီး တိုင်ပေါ်သို့ တင်လိုက်ပြီးနောက်

'ခင်ဗျားကသာ လှတယ်လို့ ထင်ပေမဲ့ တချို့လူတွေ အဖို့တော့ လှချင်မှ လှမှာပေါ့ဗျ၊ ဟောဒီက သင်းအုပ်ဆရာကြီး ရောက်နေတာ ထောက်ရင် ခင်ဗျား လည်း ဆွန်းမားဆက်က လူသတ်မှုကလေး အကြောင်းကို အသေးစိတ် သိပြီး လောက်ရောပေါ့၊ အချက်အလက်တွေကတော့ တော်တော်လေးကို ရှင်းပါတယ် ဗျာ၊ အချက်အလက်တွေ အားလုံးက တစ်နေရာတည်းကို ညွှန်ပြနေကြတာပဲ၊ ထင်ရှားလိုက်သမှ ဆိုင်းဘုတ်တိုင်ကြီး စိုက်ထားတာကမှ ဝါးချင် ဝါးဦးမယ်၊ မဟုတ်ဘူးလား မစ္စတာ ဟုမ်း'

'ဆိုင်းဘုတ် ဆိုတာမျိုးက ဟိုဘက်ပြောင်း စိုက် ဒီဘက်ပြောင်း စိုက် အမျိုးမျိုး လုပ်လို့ ရတတ်တာမျိုးနော်၊ ကျုပ် ဆိုင်းဘုတ် ပြောင်းစိုက်ပြခဲ့တာ ခင်ဗျားလည်း တစ်ခါ နှစ်ခါ တွေ့ခဲ့ဖူးပြီပဲ၊ ဆိုင်းဘုတ် တစ်ခု တွေ့တိုင်း လမ်း မှန်ပဲလို့ အမြဲ တရားသေ မမှတ်နှင့်'

စကော့တလန်ယာဒ် စုံထောက် လက်စထရိတ်၏ မျက်နှာသည် နီရဲသွား လေ၏။

'ဟိုတုန်းကတော့ ဆိုင်းဘုတ်ကို ပြောင်းစိုက်ခဲ့တယ် ဆိုတာ ဟုတ်ကောင်း ဟုတ်မှာပေါ့ဗျာ၊ ဒါပေမဲ့ ဒီတစ်ခါတော့ မရတော့ဘူး ခင်ဗျ၊ ရည်ရွယ်ချက်နှင့် အခွင့်အလမ်း ဆိုတာ ရှိတယ်ဗျ၊ ခု လူကိုလည်း တွေ့ထားပြီ၊ ကျွန်တော်တို့မှာ အဲဒီလူကို ဘယ်လို လက်ဆုပ်လက်ကိုင် မိအောင် လုပ်မလဲ ဆိုတဲ့ နည်းလမ်းပဲ လိုတော့တယ်'

'အင်း၊ ကျွန်တော့်တူကလေးတော့ဖြင့် ...'

mgyoe.com

mgyoe.com
SAMPLE BOOK

သင်းအုပ်ဆရာသည် ငိုသံပါကြီးဖြင့် ပြောလေ၏။

'ကျွန်တော် ပြောတဲ့ အထဲမှာ ဘယ်သူ ဘယ်ဝါလို့ အမည်နာမ ထုတ်ပြောတာ မပါသေးပါဘူး'

'ဒါပေမဲ့ ကျွန်တော့် တူဟာ မစ္စတာ ထရီလော်နေရဲ့ ဆရာဝန် ဖြစ်တယ် ဆိုတာကို သိကတည်းက ကျွန်တော့် တူကို အတပ်စွဲလိုက်ပြီ မဟုတ်လားဗျာ၊ သေတမ်းစာ ဂြိုဟ်မွှေတာနှင့်ပဲ ကျွန်တော့် တူတော့ ဒုက္ခ ရောက်ရတော့မှာ ထင်ပါရဲ့'

'ဒီလောက်လည်း စိတ်မပူပါနှင့်ဗျာ၊ သူလည်း ဆရာဝန် ဆိုတော့ သူ့သိက္ခာနှင့် သူ နေတဲ့ လူပဲ' ဟု လက်စထရိတ်က ခပ်ထန်ထန် ပြောလေ၏။

'ကျွန်တော့် တူဟာ စိတ်ထန်တယ် ဒေါသကြီးတယ် ဆိုတာတော့ ဟုတ်ပါတယ်ဗျာ၊ ဒါပေမဲ့ ခုလို လူတစ်ယောက်ကို သွေးအေးအေးနှင့် သတ်ဖို့ ဆိုတာတော့ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ပါဘူး၊ ကျွန်တော် သူ့ကို ပုခက်တွင်း ကတည်းက သိလာခဲ့တာပါ'

'အေးလေ၊ ဒါကတော့ စောင့်ကြည့်ရဦးမှာပေါ့၊ ကဲ မစ္စတာ ဟုမ်းနှင့် စကား နည်းနည်း ပြောစရာ ရှိတယ်ဗျာ'

ကျွန်ုပ်တို့၏ အမှုသည်နှင့် စကော့တလန်ယာဒ် စုံထောက် လက်စထရိတ်တို့ နှစ်ယောက် စကား ပြောဆိုလျက် ရှိစဉ် ရှားလော့ဟုမ်းမှာ သူ့ ထုံးစံအတိုင်း ရီဝေသော မျက်လုံးများဖြင့် မျက်နှာကြက်ကို မော့်ကြည့်လျက် ရှိလေရာ ထိုအမူအရာမျိုးမှာ အချက်အလက် များစွာထဲမှ သဲလွန်စ အထောက်အထား တစ်ခုကို မရ အရ လိုက်လံ ရှာဖွေနေသည့် အခါမျိုးတွင် တွေ့ရသော အမူအရာမျိုး ဖြစ်ပေ၏။

ရှားလော့ဟုမ်းသည် ထိုင်ရာမှ ဖြုန်းခနဲ ထလိုက်ပြီးနောက်

'သင်းအုပ် ဆရာကြီး၊ ဒီနေ့ ညနေ ဆွန်းမားဆက်ကို ပြန်မှာနော်'

'ပက်ဒင်တန် ဘူတာကြီးက နှစ်နာရီ သုံးဆယ် ရထားနှင့် ပြန်မှာပါ၊ ဒါဖြင့် စုံထောက်ကြီးလည်း ...'

သင်းအုပ် ဆရာ၏ မျက်နှာပေါ်တွင် သွေးရောင်လျှမ်းစ ပြုလာလေ၏။

'ဟောဒီက ဒေါက်တာ ဝပ်ဆင်နှင့် ကျွန်တော် လိုက်ခဲ့မယ်လေ၊ ကဲ သင်းအုပ် ဆရာကြီးရေ၊ အောက်ထပ်ကို ရောက်ရင်သာ ကျွန်တော်တို့ အိမ်ရှင်အဘွားကြီး မစ္စက် ဟတ်ဆန်ကို မြင်းရထား တစ်စင်း ခေါ်ထားပါလို့ ပြောလိုက်ပါ'

mgyoe.com

mgyoe.com
SAMPLE BOOK

သင်းအုပ်ဆရာသည် အောက်ထပ်သို့ ခပ်သုတ်သုတ် ဆင်းသွားလေ၏။ ရှားလော့ဟုမ်းသည် ပါးသျှား ရှေ့ထိုး ဖိနပ်သစ်ထဲတွင် ထိုးထည့်ထားသည့် ဆေးတံ သောက်ဆေးများကို ဆေးအိတ်ထဲသို့ ထိုးထည့်လျက်ရာမှ

'အမှုက နည်းနည်းတော့ ဆန်းပြီဗျို့'

'အင်း ခင်ဗျားက သဲလွန်စကလေး ရလိုက်တော့ ဂမ်းသာစရာပေါ့ဗျာ၊ ခပ်စောစောတုန်းက သင်းအုပ်ဆရာက သူ ငယ်ငယ်က ဆေးပညာကို ဝါသနာပါတဲ့ အကြောင်း၊ မေ့တတ်လို့ သူသာ ဆရာဝန် ဖြစ်ရင် ယောင်ပြီး ကျောက်ကပ်တို့ ဘာတို့ကို ခွဲစိတ်မိမယ့် အကြောင်းတွေကို ပြောနေတုန်းက ခင်ဗျားကို ကြည့်ရတာ စိတ်တိုနေတယ်လို့ အောက်မေ့ခဲ့မိတာ'

ကျွန်ုပ် ထိုသို့ အမှတ်မထင် ပြောလိုက်သည့် အခါ၌ ရှားလော့ဟုမ်းသည် တွေ၍ စဉ်းစားပြီးနောက် ရုတ်တရက် ထခုန်လိုက်ပြီးလျှင် 'ဟန်လိုက်လေဗျာ' ဟု အော်လျက် ရှိလေ၏။ ရှားလော့ဟုမ်း၏ မေးရိုး လေးထောင့်ကြီးပေါ်တွင် သွေးရောင်များ လျှမ်းလာခဲ့ကာ မျက်လုံးများတွင်လည်း ရှေးယခင်က အတိုင်း အရောင်များ တောက်လာခဲ့လေပြီ။ .

'အိုင်ဆေး၊ ခါတိုင်းလိုပဲ ခင်ဗျား အကူအညီဟာ တန်ဖိုး ရှိပါပေတယ်၊ ခင်ဗျားဟာ ကိုယ်တိုင်က အရောင်အဝါ မရှိလှပေမဲ့ အလင်းရောင် ရှိရာကိုတော့ ပြနိုင်တဲ့ လူပါ'

'နို့ နေစမ်းပါဦးဗျ၊ ကျွန်တော် ပြောတာက သင်းအုပ်ဆရာဟာ ကျောက်ကပ်ထဲက ကျောက်ကို ခွဲထုတ်နေများ နေဦးမလား မသိဘူးလို့ ပြောလိုက်တာပါ၊ ဒီလောက်ကလေး ပြောလိုက်တာနှင့် ကျွန်တော်က ခင်ဗျားကို ဘယ်လိုများ အကူအညီ ပေးနေလို့တုံး'

'အဲဒီ စကားကြောင့် အကူအညီ ပေးသလို ဖြစ်နေတာပေါ့ဗျ'

'ဟုတ်မှလည်း လုပ်ပါဗျာ'

'လောလောဆယ်မှာ ကျုပ်အဖို့ အရေးကြီးတာက မျိုးရိုး နာမည် တစ်ခုကို ရှာရမယ်ဗျ၊ မျိုးရိုးစဉ်ဆက် မှည့်တဲ့ နာမည် တစ်ခုကို ရှာရမယ်၊ ကဲဗျာ ဘီ အက္ခရာ အောက်မှာ ရှိတဲ့ ကျုပ် အညွှန်း စာအုပ်ကို လှမ်းလိုက်စမ်းပါ'

ရှားလော့ဟုမ်းသည် စိတ်ဝင်စားဖွယ် ကောင်းသည့် သတင်းများကို သတင်းစာများမှ ဖြတ်၍ စာအုပ်ကြီး တစ်အုပ်ထဲတွင် ကပ်ထားလေ့ ရှိရာ ကျွန်ုပ်သည် ဘီ အက္ခရာ တပ်ထားသည့် အညွှန်း စာအုပ် ထူထူကြီးကို သူ့ထံသို့ လှမ်းပေးလိုက်လေ၏။

mgyoe.com

mgyoe.com
SAMPLE BOOK

'နေစမ်းပါဦးဗျ၊ ခုကိစ္စမှာ ဘီက စတဲ့ မျိုးရိုး နာမည် တစ်ခုကို လိုက်ရှာရအောင် ဘီနှင့် စတဲ့ နာမည်ဟူ လူ ဆိုလို့လည်း တစ်ယောက်မှ မပါသေးပါကလား'

'ပါတော့ မပါသေးဘူးဗျ၊ ဒါပေမဲ့ ပါလိမ့်မယ်လို့ ထင်နေတယ်၊ ဘီ အေ၊ ဘီ အေ အာ၊ ဘီ အေ အာ အယ် အီး တီ၊ ဘားလက်၊ ယော တွေ့ပြီဗျို့၊ တော်တော် အဖိုးတန်တဲ့ စာအုပ်ဗျာ'

ရှားလော့ဟုမ်းသည် စာရွက်များကို တဖျပ်ဖျပ် လှန်ကြည့်ကာ စာအုပ်ကို ဖြန်းခနဲ မြည်အောင် ပိတ်လိုက်ပြီးနောက် ဂျပ်ထူဖုံးကို လက်ချောင်းကလေးများဖြင့် ခေါက်လျက် ရှိလေ၏။ သူ့နောက်ရှိ စင်များပေါ်တွင် တင်ထားသည့် ဓာတုဗေဒ စမ်းသပ်ရာ ဖန်ပြွန်များ၊ ပုလင်းများသည် နေရောင်တွင် ပြောင်လက်လျက် ရှိ၏။ အတန်ကြာမျှ စဉ်းစားနေပြီးနောက်

'အင်း အချက်အလက် စုံအောင်တော့ မရသေးဘူးပေါ့လေ၊ သို့သော်လည်း တစ်ပိုင်းတစ်စတော့ ဖော်လို့ ရပါပြီ'

လက်စထရိတ်က ကျွန်ုပ်ကို လှမ်းကြည့်ပြီး မျက်စိ မှိတ်ပြလိုက်လေ၏။ ထို့နောက် ပြုံးဖြဲဖြဲဖြင့်

'ကျွန်တော့် အဖို့တော့ ပြည့်စုံသလောက် ဖြစ်နေပြီဗျ၊ ဒီက ကောင်ကို ဘယ်လိမ်လို့ ရမလဲဗျာ၊ တရားခံက မုတ်ဆိတ်နီနီနှင့် ဆရာဝန်ဗျ၊ လူကိုလည်း သိပြီ၊ ရာဇဝတ်မှု ကျူးလွန်တဲ့ အကြောင်းကိုလည်း သိပြီဗျ'

'ဒါဖြင့် ဘာဖြစ်လို့ ကျုပ်ဆီ လာနေသေးသလဲဗျ'

'အချက်ကလေး တစ်ချက် လိုနေလို့ဗျ၊ ဒီဆရာဝန် လက်ချက် ဆိုတာ ကျွန်တော်တို့ ကောင်းကောင်း သိတယ်၊ ဒါပေမဲ့ ဘယ်လို သတ်သလဲ ဆိုတာကို ရှာလို့ မရဘဲ ဖြစ်နေလို့'

တစ်လမ်းလုံး မီးရထားပေါ်တွင် လက်စထရိတ်သည် အဆိုပါ မေးခွန်းကိုသာ အထပ်ထပ် မေးလျက် ရှိလေရာ ကျွန်ုပ်၏ နားထဲတွင် မီးရထားဘီးများ တဂျက်ဂျက် မြည်သည့် အသံကိုပင် မကြားတော့ဘဲ သူ့ စကားလုံးများကိုသာ ကြားယောင်လျက် ရှိပေ၏။

ထိုနေ့မှာ ပူအိုက်၍ နေ့တာ ရှည်သည့် နေ့တစ်နေ့ ဖြစ်လေရာ လမ်းဘေးရှိ ဘူတာကလေး တစ်ခုသို့ ကျွန်ုပ်တို့ ဆင်းကြသည့် အခါ ဆွန်းမားဆက် တောင်တန်းများ နောက်တွင် နီရဲသော နေခြည် အကြွင်းအကျန်များကို မြင်ရပေသေး၏။ လယ်ပွဲ့ပင်အိုကြီးများပေါ်မှ ကျီးကန်းများ၏ တအာအာ အော်မြည်

mgyoe.com

mgyoe.com SAMPLE BOOK

သံများသည် သန့်ရှင်း လတ်ဆတ်သော ညနေခင်း လေပြည်ထဲတွင် မျောပါလာလေ၏။ လယ်ပွဲပင်အိုကြီးများနှင့် ရွာကလေးရှိ ရေးအိမ်ကြီးများ အကြားမှ ထိုးထွက်နေသော အိမ်ဖြူဖြူကြီး တစ်လုံးကို အဝေးမှပင် လှမ်းမြင်ရလေ၏။

'တစ်မိုင်လောက်တော့ လျှောက်ရဦးမှာပါဗျာ' ဟု လက်စထရိတ်က စိတ်တိုတိုဖြင့် ပြောလေ၏။

'ကျုပ်ကတော့ အိမ်ကြီးဆီကို အလျင် မသွားချင်သေးဘူးဗျ၊ ရွာထဲမှာ ထမင်းဆိုင်ကလေး ဘုံဆိုင်ကလေးများကော မရှိဘူးလား'

'ကမ်ဘာဝဲအမ်း ဆိုတဲ့ ထမင်းဆိုင်ကလေး တစ်ဆိုင်တော့ ရှိတယ် ခင်ဗျ'

'ဒါဖြင့် အဲဒီကို အလျင် သွားကြည့်ကြရအောင်ဗျာ၊ ကျုပ်က ဘာမှ မဖြစ်တဲ့ အဖြူထည် နေရာက စပြီး စုံစမ်းချင်တယ်'

'ဟုတ်မှလည်း လုပ်ပါဗျာ၊ အဲဒီ သွားပြီး စုံစမ်းလို့ကတော့'

'လိုက်မှာ လိုက်ခဲ့စမ်းပါလေ' ဟု ဆိုကာ ရှားလော့ဟုမ်းသည် ရှေ့မှ စိုက်စိုက် စိုက်စိုက်ဖြင့် ထွက်သွားလေရာ ရေးကုလားထိုင်များ ခင်းထားသည့် ထမင်းဆိုင်ကလေးထဲသို့ ရောက်သည် အထိ စကား တစ်ခွန်းမျှ ပြောဆိုခြင်း မပြုတော့ချေ။

ရှားလော့ဟုမ်းသည် မှတ်စုစာအုပ်ကလေးထဲတွင် စာ တစ်ကြောင်း နှစ်ကြောင်း ရေးခြစ်လိုက်ပြီးလျှင် စာရွက် နှစ်ရွက်ကို ဆုတ်လိုက်လေ၏။

'ကဲ သင်းအုပ် ဆရာကြီးရေ၊ ခင်ဗျား ရထားသမားကို ခေါ်ပြီး ဟောဒီ စာလေး နှစ်စောင်ကို အပေးခိုင်းပေးပါ၊ တစ်စောင်က ချမ်းမြေ့ ရိပ်မြုံကို၊ နောက်တစ်စောင်က မစ္စတာ ဂျက်ဖရီ အိန်းစဝါ့ဆီကို'

'ရပါတယ် ခင်ဗျာ'

'ဟုတ်ပြီဗျ၊ မစ္စတာ အိန်းစဝါ့နှင့် သူ့ ကလေးမ ဒလိုရီတို့ မရောက်ခင် ကျုပ်တို့ ဆေး တစ်ဆုံ နှစ်ဆုံ ဖွာကြသေးတာပေါ့'

ကျွန်ုပ်တို့သည် စကား တစ်လုံးမျှ မပြောမိကြဘဲ ကိုယ့် အတွေးနှင့် ကိုယ် တိတ်ဆိတ်စွာ ထိုင်လျက် ရှိကြလေ၏။

ကျွန်ုပ်အဖို့ကား ရှားလော့ဟုမ်း၏ စိတ်ထဲတွင် ရှုပ်ထွေးနေသည့်တိုင် သူ့အမူအရာကို ကြည့်၍ ထိုအရှုပ်အထွေးကို ဖြေရှင်းနိုင်မည်ဟု ယုံကြည်ပြီး သား ဖြစ်ပေ၏။

နောက်ဆုံးတွင် လက်စထရိတ်က


mgyoe.com

mgyoe.com
SAMPLE BOOK

'ကဲ မစ္စတာ ဟုမ်း၊ ခင်ဗျား လုပ်နေပုံက တခြားလူ မပြောနှင့်၊ ဟောဒီက ခင်ဗျား မိတ်ဆွေကြီး ဒေါက်တာ ဝပ်ဆင်တောင် မစဉ်းစားတတ်အောင် ဖြစ်နေပြီဗျ၊ ခင်ဗျား ကောက်ချက်ကလေးကို ပြောပြစမ်းပါဦး'

'ကျုပ်မှာ ကောက်ချက် မဆွဲရသေးပါဘူး၊ အချက်အလက်တွေကို စုဆောင်းတုန်းပဲ ရှိပါသေးတယ်'

'ဒါပေမဲ့ ခင်ဗျား အချက်အလက်က တကယ့် တရားခံကို မထိဘဲ ဘေးကို ချော်နေတယ်ဗျ'

'ဒါတော့ စောင့်ကြည့် ရဦးမှာပေါ့ဗျာ၊ ဒါ့ထက် သင်းအုပ် ဆရာကြီး၊ ဒလိုရီ ဆိုတဲ့ သူငယ်မကလေးနှင့် ခင်ဗျားတူ ဆရာဝန် ဒေါက်တာ ဂရစ်ဖင်တို့ ဆက်ဆံရေးကော အဆင်ပြေကြရဲ့လား'

'စုံထောက်ကြီး မေးမှပဲ သတိရတော့တယ်၊ ပြောရဦးမယ် ခင်ဗျ၊ သူတို့နှစ်ယောက် ဆက်ဆံရေးကို ကြည့်ပြီး ကျွန်တော် နည်းနည်းမှ စိတ်မကောင်းဘူး ခင်ဗျာ၊ ဒါပေမဲ့ တရားသဖြင့် ပြောရရင်တော့ သူငယ်မကလေး အပြစ်ပဲ ခင်ဗျ၊ ဘယ့်နှယ် ခင်ဗျာ ကျွန်တော့် တူကို နည်းနည်းလေးမှ အကောင်း မပြောတာကပဲ၊ အမြဲတမ်း ရန်လိုနေတာပဲ၊ ပိုပြီး ဆိုးတာက လူရှေ့သူရှေ့ မရှောင် ကျွန်တော့် တူကို သရော်မော်ကား ပြောနေတာပဲ ခင်ဗျ'

'မစ္စတာ အိမ်းစဝ့်ကကော'

'သူကတော့ ကောင်းရှာပါတယ်၊ ကောင်းလွန်းလို့ ခက်တောင် နေသေးတယ်၊ တကယ်ဆို သူ့ဇနီးလောင်းက ကျွန်တော့်တူ အပေါ်မှာ သရော်မော်ကား လုပ်တာမျိုးကို သူက တားသင့်တာပေါ့၊ ခုတော့ သူက မဆိုင်သလို ဘာသိဘာသာ နေလိုက်တယ် ခင်ဗျ'

'အင်း စိတ်ရှည်ရမှာပေါ့လေ၊ အလို ပြောရင်း ဆိုရင်း ကျုပ်တို့ ဖိတ်ထားတဲ့ ဧည့်သည်တွေ ရောက်လာကြပြီ ထင်တယ်ဗျို့'

တံခါးသည် ကျွီခနဲ ပွင့်လာကာ အရပ် မြင့်မြင့်နှင့် ကျက်သရေ ရှိသည့် မိန်းမပျို တစ်ယောက်သည် အခန်းထဲသို့ ဝင်လာလေ၏။ ထိုမိန်းမပျိုသည် နက်မှောင် တောက်ပသော မျက်လုံးများဖြင့် ကျွန်ုပ်တို့ အားလုံးကို တစ်လှည့်စီ ကြည့်လျက် ရှိလေရာ ထိုမျက်လုံးများထဲ၌ ရန်လိုခြင်း စိတ်ပျက်ခြင်းတို့သည် အထင်းသား ပေါ်လျက် ရှိလေ၏။ အသား လတ်လတ်၊ ဆံပင် ကောင်းကောင်း၊ ပြာလဲ့စူးရှသော မျက်လုံးတို့ ရှိသည့် လူရွယ် တစ်ယောက်သည် နောက်မှ လိုက်ပါလာကာ သင်းအုပ်ဆရာ မစ္စတာ အက်ပလေကို ချိုသာစွာ နှုတ်ဆက်လေ၏။

mgyoe.com

mgyoe.com
SAMPLE BOOK

'စုံထောက် မစ္စတာ ရှားလော့ဟုမ်း ဆိုတာ ဘယ်သူလဲ ရှင်၊ ဩော် ဦးလေးလား၊ နောက်ထပ် သက်သေ အထောက်အထား တွေ့ပြီပေါ့နော်'

'ကျုပ် တူမကြီးတို့ ပြောတာကို နားထောင်ဖို့ လာတာပါ၊ တူမကြီးရဲ့ ဦးလေး ဆုံးတဲ့ ညက အဖြစ်အပျက်က လွဲလို့ ကျန်တာ တော်တော်များများကို တော့ ကြားပြီးသလောက် ရှိပါပြီ'

'ဆုံးတယ် ဆိုတဲ့ စကားကို စုံထောက်ကြီးက အလေးအနက်ထား ပြော တယ် ဆိုပါတော့'

မစ္စတာ အိန်းစဝါ့က ကြိုးစား၍ ရယ်လိုက်ရင်း

'ဒါတွေ ထားပါတော့ကွယ်၊ စုံထောက်ကြီးကလည်း ဒီလောက်ပဲ ပြော နိုင်တော့မှာပေါ့၊ အင်္ဂါနေ့ညက မင်းဦးကြီးကို မိုးကြိုး ပစ်တယ်လို့ မင်းက ထင် နေတာ၊ တကယ်တော့ မင်း ဦးကြီးဟာ မိုးကြိုး မပစ်ခင် ကတည်းက သေနေ တာကွ'

'မောင်ရင်က ဘယ်လို လုပ်ပြီး သိသလဲ'

'မနက် သုံးနာရီလောက်မှ သေတာလို့ ဒေါက်တာ ဂရစ်ဖင်က ပြောပါ တယ်၊ စောစောတုန်းက အကောင်း ပကတိတဲ့'

'သေချာလှချည်လား'

လူရွယ်သည် ရှားလော့ဟုမ်းကို အကဲခတ်သည့်ဟန်ဖြင့် ကြည့်လျက် ရှိ လေ၏။

'သေချာပါတယ် ခင်ဗျာ၊ အချင်းဖြစ်တဲ့ ညက အဲဒီ အခန်းထဲကို ကျွန် တော် သုံးခေါက်တောင် ရောက်တာပဲ၊ ဟောဒီက မစ္စတာ လက်စထရိတ်လည်း သိပြီးသားပါ၊ ဦးကြီး ကိုယ်တိုင်က ကျွန်တော့်ကို ခေါ်လို့ အဲဒီ အခန်းထဲ ကျွန် တော် ရောက်တာပဲ'

'ကဲ ဒီလိုဆို အချက်အလက်တွေကို အစကနေပြီး ပြန်ပြောစမ်းပါဦး၊ ဟောဒီက ကျုပ်တူမကြီးများ ...'

'ကောင်းပါပြီရှင်၊ ပြောပြပါ့မယ်၊ အင်္ဂါနေ့ ညတုန်းက ကျွန်မ ဦးကြီးက ဟောဒီက ကျွန်မ ခင်ပွန်းလောင်းနှင့် ဒေါက်တာ ဂရစ်ဖင်ကို ချမ်းမြေ့ရိပ်မြုံကို ညစာစား ဖိတ်ပါတယ်၊ အဲဒီနေ့ညက သူ့ကို ကြည့်ရတာ တစ်မျိုး ဖြစ်နေပါတယ်၊ ကျွန်မ အထင်တော့ အဝေးက မိုးချုန်းသံတွေကို ကြားနေရလို့ပဲလို့ ထင်မိပါ တယ်၊ ဦးကြီးက မိုးချုန်းသံတို့ ဘာတို့ကို ကြောက်တတ်ပါတယ်၊ ခုမှ ပြန် စဉ်း စားတော့ အဲဒီနေ့ညက သူ တစ်မျိုး ဖြစ်နေတာဟာ အဲဒီ မိုးချုန်းသံကြောင့်

mgyoe.com

mgyoe.com SAMPLE BOOK

လား ဒါမှမဟုတ် စိတ်ထဲမှာ တစ်ခုခု လိပ်ပြာမသန့် ဖြစ်နေလို့လား ဆိုတာ တွေးမိပါတယ်၊ ဘာကြောင့်ပဲ ဖြစ်ဖြစ်ပေါ့လေ၊ အိမ်ရှင်က ဂနာမငြိမ် ဖြစ်နေတော့ ကျွန်မတို့လည်း အဲဒီညက ညစာသာ စားနေရတယ်၊ သိပ်ပြီး စိတ်မပါကြပါဘူး၊ အဲဒီတုန်းမှာ အနားက တောထဲက သစ်ပင် တစ်ပင်ကို မိုးကြိုးပစ်လို့ ဒေါက်တာ ဂရစ်ဖင်က စိတ်ပြေလက်ပျောက် ရယ်စရာတွေ ပြောပါသေးတယ်၊ ဒါပေမဲ့ သိပ်မထူးလှပါဘူး၊ ကျွန်တော်က ဒီည မြင်းရထားနှင့် ပြန်ရဦးမှာတဲ့၊ မိုးတွေ လေတွေထဲမှာ ဘာမှတော့ မဖြစ်တန်ပါဘူးလို့တောင် ပြောပါသေးတယ်၊ တကယ်ကတော့ ဒေါက်တာ ဂရစ်ဖင်ဟာ ကြောက်တတ်တဲ့ လူ မဟုတ်ပါဘူး။

'ဒီတော့ ကျွန်မ ခင်ပွန်းလောင်းက ရယ်ပြီး ကျွန်တော်တို့ကတော့ ဇိမ်ပဲဗျ၊ အိမ်မှာ နေရစ်ခဲ့ရမှာ၊ အိမ်မှာ မိုးကြိုးလွှဲတွေ တပ်ထားတော့ ဘာမှ စိုးရိမ်စရာ မရှိဘူးလို့ ပြောပါတယ်။

'ဒီတော့ ကျွန်မ ဦးကြီးက ဝုန်းခနဲ ထတဲ့ပြီး ''ဟေ့ မသိဘဲနှင့် ရမ်းပြောမနေနှင့်ကွ၊ ဒီအိမ်မှာ ဘာ မိုးကြိုးလွှဲမှ မရှိဘူး'' လို့ ပြောပါတယ်၊ ကျွန်မ ဦးကြီးကို ကြည့်ရတာ လိပ်ပြာ လွင့်မတတ် ကြောက်နေပါတယ်'

အိန်းစဝါ့က ကြားဖြတ်၍

'သူက ဒီလို ကြောက်လန့်တကြား ဖြစ်နေတော့ ကျွန်တော်လည်း ဘာ ပြောရမှန်းမသိ ဖြစ်နေတယ် ခင်ဗျ၊ ပြီးတော့ အဘိုးကြီးက ခြောက်အိပ်မက်တွေ မက်တဲ့ အကြောင်း'

'ဘာ ခြောက်အိပ်မက် ဟုတ်စ'

'ဟုတ်ပါတယ်၊ ခုတစ်လောမှာ အိပ်မက်ဆိုးတွေချည်းပဲ မက်နေတယ်တဲ့၊ ဒါ့ကြောင့်မို့ ဒီလို ညမျိုးမှာ တစ်ယောက်တည်း မအိပ်ချင်ဘူးတဲ့'

မစ္စ ဒလိုရီက

'ညကျတော့ သူက ဦးကြီး အခန်းကို တစ်ခေါက် နှစ်ခေါက် တက်ကြည့်ပါတယ်၊ အဲဒီတော့ ဦးကြီး အခြေအနေ တော်တော်လေး ကောင်းနေပါပြီ၊ ဦးကြီး ခမျာ သနားစရာပါရှင်၊ ကျွန်မ ခင်ပွန်းလောင်း ဝင်သွားတော့ ... ဘယ် အချိန်လောက် ရှိမလဲဟင် ဂျက်ဖရီ'

'တစ်ကြိမ်က ဆယ်နာရီခွဲ၊ နောက်တစ်ကြိမ်က သန်းခေါင်၊ နောက်ဆုံး အကြိမ်ကတော့ တစ်နာရီ'

'သူနှင့်ကော စကား ပြောခဲ့သေးသလား'

'မပြောခဲ့ပါဘူး ခင်ဗျာ၊ သူ အိပ်ပျော်နေပါပြီ'



mgyoe.com

mgyoe.com SAMPLE BOOK

'ဒါဖြင့် အဲဒီတုန်းက သူ အသက် ရှိနေသေးတယ် ဆိုတာ မောင်ရင် ဘယ်လို လုပ်ပြီး သိသလဲ'

'လူကြီး ဆိုတော့ ည ညမှာ မီးထွန်း အိပ်တတ်ပါတယ်၊ ကျွန်တော် ရောက်တုန်းက ဦးကြီး အခန်းမှာ မီးထွန်းထားပါတယ်၊ မီးဖိုကြီးပေါ်က မြေခွက်ထဲမှာ ဆီထည့်ပြီး ထွန်းထားလို့ မှိန်မှိန် လင်းနေပါတယ်၊ သဲသဲကွဲကွဲတော့ မမြင်ရဘူးပေါ့ ခင်ဗျာ၊ ဒါပေမဲ့ လေတိုက်သံတွေကြားကပဲ ဦးကြီး တခေါခေါ နှင့် အိပ်ပျော်နေတဲ့ အသံကို ကျွန်တော် ကြားရပါတယ်'

'နောက်တစ်နေ့ မနက် ငါးနာရီ ထိုးပြီးတော့မှ အို ... ကျွန်မ မပြောရက်ဘူးရှင်၊ ကျွန်မ မပြောရက်ဘူး' ဟု မစ္စ ဒလိုရီ ဒေးက ပြောလေ၏။

အိန်းစဝါ့သည် သူ့ ဇနီးလောင်းကို စိုက်ကြည့်လျက် ရှိရာမှ

'ဒလိုရီ၊ ဖြည်းဖြည်း ပြောလေ၊ ဖြည်းဖြည်း၊ စုံထောက်ကြီးရေ၊ သူလည်း တော်တော်လေး စိတ်ထိခိုက်နေတယ်ဗျာ'

သင်းအုပ်ဆရာက

'ဒီလိုဆိုရင် ကျွန်တော်ပဲ ဆက် ပြောပါ့မယ်လေ၊ ကျွန်တော့် ကျောင်းတံခါးကို တဒုန်းဒုန်း လာထုတော့ လင်းနေပြီ ခင်ဗျ၊ မြင်းထိန်း သူငယ်လေး တစ်ယောက် လာပြောတာ။

'အိမ်စေ သူငယ်မကလေးက အဘိုးကြီးကို မနက် စောစော သွားနှိုးသတဲ့၊ ကန့်လန့်ကာကိုလည်း ဆွဲလိုက်ရော အဘိုးကြီး စန့်စန့်ကြီး သေနေတာ တွေ့တော့ သူလည်း ကြောက်လန့်တကြား အော်သတဲ့၊ ဒါနှင့် ကျွန်တော့်ကို ပြောတော့ ကျွန်တော်လည်း အဝတ်အစား ခပ်သုတ်သုတ် လဲပြီး ချမ်းမြေ့ရိပ်မြုံကို လိုက်သွားတယ်၊ ဟိုရောက်တော့ ကျွန်တော်ရယ်၊ ဟောဒီက ဂျက်ဖရီ အိန်းစဝါ့ ရယ်၊ ဒလိုရီရယ် အခန်းထဲ ဝင်သွားကြတယ်၊ ကျွန်တော်တို့ ရောက်တော့ စောစောက ခေါ်ထားလို့ ရောက်နေနှင့်တဲ့ ဒေါက်တာ ဂရစ်ဖင်က အလောင်းကို စစ်ဆေး ကြည့်ပြီးနေပြီ။

'လွန်ခဲ့တဲ့ နှစ်နာရီလောက်က သေတာ၊ ဒါပေမဲ့ ဘာ့ကြောင့် သေရသလဲ ဆိုတာကို ရှာလို့ မတွေ့ဘဲ ဖြစ်နေတယ်လို့ ပြောပါတယ်။

'ဒါနှင့် ကျွန်တော်လည်း ခုတင် တစ်ဖက် ဘေးကို လာပြီး သူ့ အတွက် ဆုတောင်းပေးမယ် လုပ်တုန်းမှာ မနက်ခင်း နေရောင်ထဲမှာ ပြောင်လက်နေတဲ့ မစ္စတာ ထရီလော်နေရဲ့ အိတ်ဆောင် နာရီကို မြင်လိုက်တယ် ခင်ဗျ၊ နာရီက သော့နှင့် ပေးရတဲ့ နာရီမျိုး မဟုတ်ဘဲ အစတည်းက သော့တံငုတ်တိုကလေး

mgyoe.com SAMPLE BOOK
အသေ တပ်ထားတဲ့ နာရီမျိုး ခင်ဗျ၊ ကျောက်ဖြူ စားပွဲမှာ တင်လို့၊ အနားမှာလည်း သောက်ဆေး ပုလင်းတွေ၊ လိမ်းဆေး ပုလင်းတွေ ပြည့်လို့၊ တစ်ခန်းလုံး ဆေးနံ့ကို ထောင်းထောင်း ထနေတာပဲ။

'လူ့စိတ် ဆိုတာ အခက်အခဲ အကျပ်အတည်း ကြုံလာပြီ ဆိုရင် အသေးအဖွဲကလေးတွေကို သွားပြီး အာရုံ ရောက်တတ်တယ်လို့ ပြောတတ်ကြတယ် ဆိုတာ တကယ်ပဲ ခင်ဗျ၊ ကျွန်တော်လည်း ဘာရယ်လို့ မဟုတ်ပါဘူး၊ လက်က စားပွဲပေါ်က နာရီကလေးဆီ အလိုလို ရောက်သွားပြီး နားနား ကပ်ကြည့်လိုက်တယ်၊ စိတ်က နာရီ မသွားဘူး ရပ်နေတယ် ထင်တာနှင့် ကောက် နားထောင်ကြည့်လိုက်တာပါ၊ ဒါပေမဲ့ နာရီက မရပ်ဘူး ခင်ဗျ၊ တစ်ချက်ချက်နှင့် သွားနေတယ်၊ ဒါနှင့် ကျွန်တော်လည်း ကောက်ပြီး နာရီကို နှစ်ပတ်လောက် သံပတ်ပေးလိုက်တယ်၊ နှစ်ပတ်လောက် ပေးလိုက်တော့ သံပတ်က တင်းသွားတယ် ခင်ဗျ၊ နောက်ထပ် လှည့်လို့ မရတော့ဘူး၊ လှည့်လို့ မရရုံတွင် မကဘူး၊ ဖရတ်ဆို သံပတ်က ပြတ်သွားတယ်လို့ ထင်လိုက်ရတာပဲ၊ ဒီတွင် မစ္စ ဒလိုရီက အလန့်တကြား အော်လိုက်တယ်၊ သူ ပြောလိုက်တဲ့ စကားကို ကျွန်တော် ကောင်းကောင်း မှတ်မိပါသေးတယ်။

''ဆရာကြီး၊ ဆရာကြီး နာရီကို ချထားလိုက်စမ်းပါ၊ နာရီသံ ကြားရတာ ကျွန်မ စိတ်ထဲမှာ မင်္ဂလာ မရှိလွန်းလို့'' တဲ့'

ကျွန်ုပ်တို့သည် တိတ်ဆိတ်လျက် ရှိကြလေ၏။ မစ္စ ဒလိုရီမှာ မျက်နှာကို တစ်ဖက်သို့ လွှဲထားလေ၏။ ဂျက်ဖရီ အိန်းစဝ့်က စိုးရိမ်တကြီးဖြင့်

'မစ္စတာ ဟုမ်းရယ်၊ ဒလိုရီ သိပ် စိတ်ထိခိုက်နေတော့ မေးစရာ ရှိရင်လည်း ဒီနေ့ည မမေးသေးဘဲ နောက်နေ့မှ မေးပါလား ခင်ဗျာ'

'ကြောက်စရာ မရှိဘဲ ကြောက်နေရင် အလကားပဲပေါ့ တူမကြီးရယ်' ဟု ပြောကာ ရှားလော့ဟုမ်းသည် နာရီကို ထုတ်ကြည့်ပြီး စဉ်းစားနေလေ၏။

'အချိန်တော့ တော်တော် နှောင်းသွားပြီ မစ္စတာ ဟုမ်း' ဟု လက်စထရိတ်က ပြောလေ၏။

'ကျုပ် အတွက်ကတော့ အရေးမကြီးလှပါဘူး၊ ကောင်းပြီလေ၊ ဒါဖြင့်လည်း ကျုပ်တို့ ချမ်းမြေ့ရိပ်မြုံကို သွားကြည့်ကြတာပေါ့'

ကျွန်ုပ်တို့သည် သင်းအုပ် ဆရာ၏ မြင်းလှည်းကလေးဖြင့် လာခဲ့ကြရာ ခဏကြာ မောင်းမိလျှင် ဝင်းတံခါးကြီး အတိုင်း ဝင်လာခဲ့ကြပြီး အိမ် တစ်အိမ်ရှေ့သို့ ရောက်လာခဲ့ကြလေ၏။


mgyoe.com

mgyoe.com SAMPLE BOOK

လ ထွက်လာပြီ ဖြစ်သဖြင့် သစ်ပင်တို့ အုပ်ဆိုင်းလျက် ရှိသော အိမ်ကွက်လပ်ကလေးကို ခပ်ရေးရေး မြင်ရလေ၏။ လယ်ပွဲပင်အိုကြီးများ၏ အရိပ်များသည် လမ်းကလေးပေါ်သို့ ထိုးကျလျက် ရှိသဖြင့် လမ်းပေါ်တွင် လရောင်ပြောက်တိပြောက်ကျား ထင်လျက် ရှိလေ၏။ ကွေ့ တစ်ကွေ့ကို ချိုးလိုက်သည့်အခါ ရထား ရှေ့တွင် တပ်ထားသည့် မီးရောင်ကလေးများသည် အရုပ် ဆိုးလှသည့် အိမ်အိုကြီးပေါ်သို့ တစ်ပိုင်းတစ်စ ကျရောက်လျက် ရှိလေ၏။ ဆေးရောင်မှိန်လျက် ရှိသော ပြတင်းပေါက် တရုတ်ကတ် တံခါးများမှာ ပိတ်လျက်သားရှိလေ၏။ အိမ်ရှေ့ တံခါးမကြီးကိုမူ အဝတ်နက်ကြီးများဖြင့် ကာထားလေ၏။

အင်စပက်တော် လက်စထရိတ်သည် ခေါင်းလောင်းကြိုးကို ဆွဲလိုက်ရင်း လေသံကလေးဖြင့်

'အိမ်ကြီး ကြည့်ရတာကိုက မင်္ဂလာ မရှိဘူးဗျ၊ အလို ဘယ်လိုလဲ၊ ဒေါက်တာ ဂရစ်ဖင်ပါလား၊ ဘာလာ လုပ်နေတာလဲ'

တံခါး ပွင့်လာသည့် အခါတွင် ခါးပြတ် အင်္ကျီနှင့် ဖိနပ်ရှည်ကြီးများကို ဝတ်ဆင်ထားသည့် မုတ်ဆိတ်နီနီ၊ အရုပ် မြင့်မြင့် လူတစ်ယောက်သည် အဝတွင် ရပ်လျက် ရှိသည်ကို တွေ့ရလေ၏။

ထိုသူသည် ကျွန်ုပ်တို့ အားလုံးကို ခပ်ထန်ထန်ဖြင့် စိုက်ကြည့်လျက်ရှိလေရာ လက်သီးများကို ဆုပ်ထားခြင်း၊ အသက်ကို ပြင်းစွာ ရှူလျက် ရှိခြင်းတို့ကြောင့် ရင်ထဲတွင် ကြောက်မက်ဖွယ် တစ်စုံတစ်ရာကို တွေးတော ခံစားလျက် ရှိကြောင်းကို သတိပြုလိုက်မိပေ၏။

'မစ္စတာ လက်စထရိတ်ရေ၊ ခင်ဗျား ခွင့်ပြုမယ် ဆိုရင်တော့ ကျွန်တော် အပြင်ကို ထွက်ပြီး တစ်မိုင်လောက် လမ်းလျှောက် ထွက်လိုက်ချင်တယ်၊ ခင်ဗျား ကျွန်တော့်ကို သံသယ ဖြစ်တာနှင့် ဒီနား တစ်ဝိုက် လူတွေကပါ ကျွန်တော့်ကို တစ်မျိုးတစ်မည် ထင်ကုန်ပြီ၊ ဒီလောက် တစ်ဖက်သား ဒုက္ခ ရောက်အောင် လုပ်ရတာတောင် မကျေနပ်သေးဘူးလား'

ထိုလူသည် ကြီးမား ကျယ်ပြန့်သော လက်ကြီးဖြင့် ရှားလော့ဟုမ်း၏ ပခုံးကို ကိုင်လိုက်ပြီးနောက်

'မစ္စတာ ဟုမ်းနော်၊ စုံထောက်ကြီးရဲ့ စာကို ရလို့ ကျွန်တော် ဒီကို လာခဲ့တာပဲ၊ နာမည် ကျော်သလောက် အမှုမှန်ကိုလည်း ဖော်ထုတ်နိုင်ပါစေလို့ ဆုတောင်းပါတယ်ဗျာ၊ ကျွန်တော် မြင်သလောက် ပြောရရင်တော့ ကျွန်တော့်ကို စက်တိုင် တင်မယ့်သူ လက်ထဲက လုယူနိုင်မယ့် လူဟာ စုံထောက်ကြီး တစ်

mgyoe.com SAMPLE BOOK

ယောက်ပဲ ရှိတော့တာပဲ၊ သြော် ကျွန်တော်ကလည်း မဆင်မခြင် ပြောလိုက်မိတယ် ခင်ဗျာ၊ ဟိုမှာ မစ္စ ဒလိုရီတောင် တော်တော် လန့်သွားပြီ'

မစ္စ ဒလိုရီသည် တစ်ချက်မျှ ခပ်သဲ့သဲ့ အော်လိုက်ပြီး မျက်နှာကို လက်ဝါးဖြင့် အုပ်၍ ငိုလျက် ရှိလေ၏။

'ကျွန်မတော့ ဒုက္ခပါပဲရှင်၊ ကျွန်မတော့ ဒုက္ခ ရောက်ပါပြီ၊ ကျွန်မ ရင်တုန်လွန်းလို့ပါ'

ကျွန်ုပ်မှာ ရှားလော့ဟုမ်းကို ကြည့်၍ အနည်းငယ် စိတ်တိုသွားမိလေ၏။ ကျွန်ုပ်တို့ အားလုံးက မိန်းမပျိုကို ဝိုင်းဝန်း၍ နှစ်သိမ့် အားပေးစကား ပြောကြားလျက် ရှိစဉ် ရှားလော့ဟုမ်းသည် အိမ်ထဲတွင် အလောင်း ရှိ မရှိကို လက်စထရိတ်အား လှမ်းမေးလျက် ရှိသောကြောင့် ဖြစ်လေ၏။

ရှားလော့ဟုမ်းသည် ကျွန်ုပ်တို့ အားလုံးကို ကျောခိုင်းကာ အိတ်ထဲမှ မှန်ဘီလူးကို ထုတ်ပြီး အိမ်ထဲသို့ ဝင်သွားလေ၏။

ခဏမျှ ကြာလျှင် ကျွန်ုပ်နှင့် လက်စထရိတ်တို့လည်း အိမ်ထဲသို့ ဝင်လိုက်လာခဲ့ကြလေ၏။ အလယ်ခန်းဆောင်ကြီး အတိုင်း လျှောက်လာခဲ့ကြသည်တွင် လက်ဝဲဘက်နားလောက်၌ မီးရောင် မှိန်မှိန် လင်းနေသော အခန်း တစ်ခုကို တွေ့ရလေ၏။

အခန်းထဲတွင် ညှိုးနွမ်းစ ပြုနေပြီ ဖြစ်သည့် ပန်းခွေကြီးများနှင့် အဖုံးဖွင့်ထားသည့် ခေါင်းတစ်လုံး ရှေ့တွင် ကုန်းကုန်းကြီး ရပ်နေသော ရှားလော့ဟုမ်းကို မြင်ရလေ၏။ ရှားလော့ဟုမ်း၏ မှန်ဘီလူးသည် မီးရောင်တွင် လက်ခနဲ ဖြစ်သွားပြီး ရှားလော့ဟုမ်းမှာလည်း သေသူ၏ မျက်နှာနှင့် လက်မ အနည်းငယ်ခန့် အကွာသို့ ရောက်အောင် ငုံ့လျက် ရှိခြင်းကို မြင်ရလေ၏။ အလောင်းကို စစ်ဆေး ကြည့်ရှုလျက် ရှိစဉ် အခန်း တစ်ခန်းလုံးမှာ တိတ်ဆိတ်လျက် ရှိလေ၏။ ထို့နောက် ရှားလော့ဟုမ်းသည် အလောင်းကို အဝတ်ဖြင့် ဖုံးလိုက်ပြီး ပြန်ထွက်လာလေ၏။

တံခါးပေါက်သို့ အရောက်တွင် ကျွန်ုပ်က တစ်စုံတစ်ရာ မေးမည်ပြုလိုက်သေးသော်လည်း ရှားလော့ဟုမ်းသည် ကျွန်ုပ်တို့ အနားမှ ဖြတ်လျှောက်သွားကာ လှေကားဆီသို့ မေးငေါ့ပြလိုက်ပြီးလျှင် အပေါ်ထပ်သို့ ခပ်သုတ်သုတ် တက်သွားလေ၏။

အပေါ်ထပ်သို့ ရောက်သည့် အခါတွင် လက်စထရိတ်က အိပ်ခန်းကြီး တစ်ခန်းထဲသို့ ခေါ်သွားလေ၏။ အိပ်ခန်းထဲတွင် အုပ်ဆောင်း အုပ်ထားသည့်



mgyoe.com

mgyoe.com
SAMPLE BOOK

မီးအိမ် တစ်လုံး ထွန်းထားပြီး မီးအိမ်မှ အရောင်ထဲတွင် မည်းနက်သည့် ရှေးကုလားထိုင်ကြီးများ၊ စားပွဲများကို ဝိုးတိုးဝါးတား မြင်ရလေ၏။ စားပွဲပေါ်တွင် ထူထဲသည့် သမ္မာကျမ်း စာအုပ်ကြီး တစ်အုပ်သည် ပွင့်လျက် ရှိလေ၏။ အလောင်းအနီးတွင် ချထားသည့် ပန်းများ၏ အီတီတီ အနံ့ကြီးနှင့် အိမ်ကြီးထဲမှ မှိုနံ့ကြီးမှာ ကျွန်ုပ် နှာခေါင်းထဲမှ မထွက်တော့ချေ။

ရှားလော့ဟုမ်းမှာ မျက်မှောင်ကို ကုတ်လျက် ပြတင်းပေါက် အနီးတွင် လေးဖက်ထောက် သွားရင်း ကြမ်းပြင်ကို မှန်ဘီလူးဖြင့် သေချာစွာ စစ်ဆေးကြည့်ရှုလျက် ရှိလေ၏။

ကျွန်ုပ်က သတိ ပေးလိုက်သည့် အခါကျမှ ရှားလော့ဟုမ်းသည် မတ်တတ် ရပ်လိုက်ကာ

'အရေးကြီးတယ် အိုင်ဆေးရ၊ ဒီပြတင်းပေါက်တွေကို မဖွင့်ဘဲ ပိတ်ထားတာ သုံးရက်လောက် ရှိပြီ၊ လေတွေ မိုးတွေ ကျတုန်းကသာ ဒီပြတင်းပေါက်တွေကို ဖွင့်ထားခဲ့တယ် ဆိုရင် ခြေရာလက်ရာ အစအနကို တွေ့ရမယ်၊ သို့သော်လည်း ပြတင်းပေါက်တွေကို ဖွင့်ဖို့တော့ မလိုတော့ပါဘူးလေ' ဟု ဆိုကာ ရှားလော့ဟုမ်းသည် နှာခေါင်းကို ပွစိ ပွစိ လုပ်၍ အနံ့ခံလျက် ရှိလေ၏။

'နားထောင်စမ်းဗျို့၊ ဟောဒါ ဘာသံလဲ' ဟု ကျွန်ုပ်က ပြောလိုက်၏။

ကျွန်ုပ်သည် အနက်ရောင် ခန်းဆီးများ ချထားသည့် အိပ်ရာဆီသို့ လှမ်းကြည့်လိုက်သည်တွင် ခုတင် ခေါင်းရင်းရှိ ကျောက်ဖြူ စားပွဲ တစ်လုံးပေါ်၌ ဖုန်တက်နေသော ဆေးပုလင်းများကို မြင်ရလေ၏။

'ဗျို့ ဟုမ်း၊ အဘိုးကြီးရဲ့ ရွှေနာရီဗျ၊ တွေ့လား၊ စားပွဲပေါ်မှာ ခုထိ ရှိသေးတယ်၊ နာရီက ခုထက်ထိ တစ်ချက်ချက် သွားနေတုန်းဗျ'

'ဒါများ ဘာဆန်းလို့လဲဗျာ'

'သုံးရက် ရှိပြီဗျ၊ တကယ်ဆို ဒီနာရီကို ဘယ်သူ သော့ပေးမလဲ၊ ရပ်နေရမှာပေါ့၊ ခုထက်ထိ မရပ်ဘူး ဆိုတော့ ...'

'ကျုပ် ပေးထားခဲ့တာပါဗျ၊ အောက်ထပ်က အဘိုးကြီး အလောင်းကို မကြည့်ခင် အပေါ်ထပ်ကို ကျုပ် တက်ပြီး သော့ ပေးပစ်ခဲ့တာ၊ တကယ်ကတော့ ဒီအိမ်ကြီးကို ကျုပ် လာတာဟာ သေသူ အဘိုးကြီး ထရီလော်နေရဲ့ နာရီကလေးကို ဆယ်နာရီ တိတိမှာ သော့ ပေးဖို့ လာခဲ့တာ'

'ဗျာ၊ ဘယ်လိုဗျ'

ရှားလော့ဟုမ်းသည် စားပွဲဆီသို့ လျှောက်သွားကာ


mgyoe.com

mgyoe.com SAMPLE BOOK

'ကြည့်လေဗျာ၊ ကျုပ်တို့မှာ အဖိုး မဖြတ်နိုင်တဲ့ ဟောဒီ ရတနာကလေး ရထားပြီ၊ ကြည့်စမ်း၊ ဗျို့ လက်စထရိတ် ကြည့်စမ်းပါဦးဗျ'

'အမယ်လေးဗျာ၊ ဗယ်ဆလင်ဘူးများ အထူးအဆန်း လုပ်လို့၊ ဘယ် ဆေး ဆိုင်မှာ မဆို သည်လို ဘူးမျိုး ရှိတာပဲဟာ'

'ဒီဗယ်ဆလင်ဘူးက သာမန် ဘူး မဟုတ်ဘူးဗျ၊ တရားခံကို ကြိုးပေး မယ့် ကြိုးကွင်း၊ သိရဲ့လား၊ သို့သော်လည်း ကျုပ် မရှင်းတာ တစ်ချက် ကျန်နေ သေးတယ်ဗျ၊ ဆရာဝန်ကြီး ဆာ လီယိုပို ဟားပါးကို ခင်ဗျားတို့ ဘယ်လို လုပ် ပြီး ခေါ်သလဲ၊ သူက ဒီမှာ နေလို့လား'

'ဒီမှာတော့ မနေပါဘူး၊ ဒီနှင့် မလှမ်းမကမ်းမှာ သူ့ မိတ်ဆွေတွေနှင့် အတူ လာနေတာပါ၊ အလောင်းကို ခွဲကြည့်မယ် လုပ်တော့ ဒီနား တစ်ဝိုက်မှာ အင်္ဂလန်ပြည်မှာ နာမည် အကြီးဆုံး မှုခင်း ဆရာဝန်ကြီး တစ်ယောက် ရောက် နေတယ်လို့ ကြားတာနှင့် ပုလိပ်က ဆရာဝန်ကြီးကို သွားခေါ်တာ၊ အစက ဆရာ ဝန်ကြီး လိုက်မှ လိုက်ပါမလားလို့ စိတ်ပူနေတာ လိုက်လာတော့ တော်သေးတာ ပေါ့ဗျာ'

လက်စထရိတ်သည် ခပ်မိန့်မိန့် ပြုံးလျက် ရှိလေ၏။

'ဘာဖြစ်လို့ လိုက်ရတာလဲဗျ'

'အဲဒီ အချိန်မှာ ဆရာဝန်ကြီးက အအေးမိလို့ ရေနွေး ပုလင်း ကပ်ပြီး ထန်းရည် ပူပူ တစ်ခွက် သောက်ရင်း အိပ်ရာထဲမှာ လှဲနေရတယ်ဗျ'

ရှားလော့ဟုမ်းသည် လက်နှစ်ဖက်ကို မြှောက်လိုက်ပြီးနောက်

'နိပ်လိုက်လေဗျာ၊ ကဲ အမှုကတော့ ပြီးသွားပြီဗျ'

လက်စထရိတ်နှင့် ကျွန်ုပ်တို့သည် တစ်ယောက်ကို တစ်ယောက် တအံ့ တသြဖြင့် ငေးကြည့်နေမိကြလေ၏။

ရှားလော့ဟုမ်းက ကျွန်ုပ်တို့ဘက်သို့ လှည့်၍

'ဗျို့လူ လက်စထရိတ်၊ ကျုပ် တစ်ခုပဲ ပြောချင်တယ်ဗျာ၊ ဒီနေ့ညမှာ ဒီ အိမ်ထဲက ဘယ်သူမှ အပြင်ကို မထွက်ပါစေနှင့်၊ ဒီလောက်လေးကိုတော့ ခင်ဗျား နှင့် လွှဲထားပါရစေ၊ ကျုပ်နှင့် ဝပ်ဆင်ကတော့ မနက်ဖြန် မနက် ငါးနာရီ အထိ ဒီအခန်းထဲမှာ နေလိုက်ဦးမယ်၊ ဟုတ်လား'

ရှားလော့ဟုမ်း၏ အကျင့်ကို သိနေသည့် ကျွန်ုပ် အဖို့ကား ထိုထိုဤဤ မေးနေ၍လည်း အကြောင်းထူးမည် မဟုတ်သည်ကို သိသည့် အတွက် တစ်ခွန်းမျှ မေးမြန်းခြင်း မရှိတော့ဘဲ ခပ်မဆိတ်ပင် နေလိုက်လေ၏။


mgyoe.com

mgyoe.com SAMPLE BOOK

ရှားလော့ဟုမ်းသည် အခန်းထဲတွင် ရှိသည့် တစ်လုံးတည်းသော လှုပ်ကုလားထိုင်ပေါ်တွင် ထိုင်လျက် ရှိစဉ် ကျွန်ုပ်က သေသူ၏ ခုတင်ပေါ်တွင် တစ်ရေးတစ်မော အိပ်ဖို့ မပြောနှင့်၊ ထိုင်ပင် မထိုင်နိုင်ကြောင်း အကျောက်အကန် ပြောဆိုလျက် ရှိသော်လည်း ရှားလော့ဟုမ်းသည် ကျွန်ုပ်အား ထိုခုတင်ပေါ်တွင် အတင်း အထိုင်ခိုင်းလျက် ရှိလေ၏။

သို့ဖြင့် ငြင်းခုံနေကြသည်မှာ အတန်ငယ် ကြာသွားကြ၏။ နောက်ဆုံး၌ကား

'ဗျို့ ဝပ်ဆင်'

ကျွန်ုပ်သည် အိပ်မက် မက်နေရင်းမှ ထိုအသံကြောင့် ရုတ်တရက် လန့်နိုးလာခဲ့လေ၏။ ကြည့်လိုက်သည့် အခါတွင် နေရောင်သည် အခန်းထဲသို့ ဖြာကျလျက် ရှိပြီး စားပွဲပေါ်တွင် တင်ထားသည့် မစ္စတာ ထရီလော်နေ၏ နာရီမှာလည်း တစ်ချက်ချက် မြည်လျက် ရှိလေ၏။ ကျွန်ုပ်သည် ဖရိုဖရဲ ဖြစ်နေသည့် အိပ်ရာပေါ်တွင် ထထိုင်လိုက်လေ၏။

ရှားလော့ဟုမ်းမှာ သူ့ ထုံးစံအတိုင်း အဝတ်အစားများကို သပ်ရပ်စွာလဲလှယ် ဝတ်ဆင် ပြီးနေလေပြီ။

'ငါးနာရီ ထိုးပြီးလို့ ဆယ်မိနစ် ရှိပြီဗျ၊ ဒါကြောင့် ခင်ဗျားကို နှိုးရတာပဲ' ဟု ပြောနေစဉ် တံခါး ခေါက်သံ ကြားလိုက်ရသဖြင့်

'လက်စထရိတ်လားဗျို့၊ ဟိုလူကော ပါတယ် မဟုတ်လား၊ ဝင်ခဲ့ဗျာ'

အခန်းထဲသို့ မစ္စ ဒလိုရီ ဒေး၊ ဒေါက်တာ ဂရစ်ဖင်၊ ဂျက်ဖရီ အိန်းစဝို့နှင့် သင်းအုပ်ဆရာတို့ပါ ဝင်လာကြသဖြင့် ကျွန်ုပ်မှာ အိပ်ရာပေါ်မှ ကပျာကယာ ထထိုင်လိုက်ရလေ၏။

မစ္စ ဒလိုရီ ဒေးမှာ ဒေါသကြောင့် တဖျပ်ဖျပ် တောက်ပလျက် ရှိသော မျက်လုံးများဖြင့် ရှားလော့ဟုမ်းကို ကြည့်လိုက်ရင်း

'စုံထောက်ကြီး ဒီလို လုပ်တာ ဘာကောင်းသလဲ ဟင်၊ တကယ်ဆို စုံထောက်ကြီး စိတ်ကူးပေါက်တိုင်း ကျွန်မတို့ကို ဒီအိမ်ထဲမှာ ပိတ် အလှောင်ခိုင်းထားရသလား ဟင်၊ ကြည့်စမ်းပါဦး၊ သင်းအုပ် ဆရာကြီးကိုတောင် ပြန်ခွင့်မပေးဘူးတဲ့'

'စိတ်ကူး ပေါက်တာ မဟုတ်ပါဘူးကွယ်၊ နားထောင်ပါဦး၊ ကျုပ်က မစ္စတာ ထရီလော်နေဟာ သွေးအေးအေးနှင့် ဘယ်လို အသတ်ခံရတဲ့ အကြောင်းကို ရှင်းပြချင်လို့ပါ'


mgyoe.com

mgyoe.com SAMPLE BOOK

ဒေါက်တာ ဂရစ်ဖင်က

'ဘာ အသတ်ခံရတယ် ဟုတ်လား၊ ဒီလိုဆိုရင် အင်စပက်တော်ကြီးကို ပြောပြလိုက်စမ်းပါဗျာ၊ ဘယ်နည်း ဘယ်ပုံ'

'နည်းကတော့ တော်တော် ယုတ်မာ ပက်စက်တဲ့ နည်းဗျ၊ ဒီလို သိလာရတာလည်း တခြားကြောင့် မဟုတ်ဘူး၊ ဟောဒီက ကျုပ် မိတ်ဆွေကြီး ဒေါက်တာ ဝပ်ဆင်ကြောင့် ကျုပ် သတိ ထားမိလိုက်ရာက အဖြေ ပေါ်လာတာ၊ ဒေါက်တာ ဝပ်ဆင်၊ ကျုပ် ရှင်းပြမယ်၊ အမှန်ကတော့ ပထမဆုံး သဲလွန်စ ရလိုက်တာက သင်းအုပ် ဆရာကြီးရဲ့ စကားထဲက ရလိုက်တာ၊ သင်းအုပ် ဆရာကြီးက သူ ငယ်ငယ်တုန်းက ဆေးဘက်ကို သိပ် လိုက်ချင်တာပဲတဲ့၊ ဒါပေမဲ့ သူက မေ့တတ်တော့ ချောင်းဆိုးတဲ့ လူနာကို ကျောက်ကပ် ခွဲရင် ခွဲမိမှာတဲ့၊ ဒါတွင် မက ဘူး၊ လူနာကိုလည်း ကလိုရိုဖောင်း မေ့ဆေး ပေးချင် ပေးမိဦးမှာတဲ့၊ ဒီတော့ ကျုပ် စိတ်ထဲမှာ အစ ကောက်မိသွားတဲ့ စကားလုံးက ကလိုရိုဖောင်း ဆိုတဲ့ စကားလုံးဗျ'

'ခင်ဗျာ၊ ကလိုရိုဖောင်း၊ ဟုတ်လား' ဟု ဒေါက်တာ ဂရစ်ဖင်က ပျာယီး ပျာယာ မေးလေ၏။

'ဟုတ်တယ်ဗျ၊ ဒီစကားလုံးကိုလည်း ကြားလိုက်ရော၊ မနှစ်က ရုံးတင် စစ်ဆေးခဲ့တဲ့ လူသတ်မှု တစ်ခုက တရားခံကို ကျုပ် သွားပြီး သတိရတယ်ဗျ၊ အဲဒီတုန်းက မစ္စက် အယ်ဒီလိတ် ဘားတလက် ဆိုတဲ့ အမျိုးသမီးကြီးဟာ ယောကျ်ား အိပ်နေတုန်းမှာ ပါးစပ်ထဲကို ကလိုရိုဖောင်း အရေတွေ လောင်းထည့် သတ်တယ်လို့ ဆိုပြီး ရုံးတင် စစ်ခဲ့တယ်၊ ဒါပေမဲ့ အထောက်အထား မခိုင်လုံတဲ့ အတွက် လွှတ်ပစ်လိုက်ရတယ်'

'မဆိုင်တာ ခင်ဗျာ၊ ဦးကြီး ထရီလော်နေက ဘာ ကလိုရိုဖောင်းကိုမှ မထိရတာ'

'ဟုတ်ပါပြီလေ၊ ကလိုရိုဖောင်း ပါးစပ်ထဲ မျိုချထားတာကိုတော့ မတွေ့ရပါဘူး၊ သို့သော်လည်း ကလိုရိုဖောင်းကို ဝါဂွမ်း ဆွတ်ပြီး အိပ်မောကျနေတဲ့ အဘိုးကြီး တစ်ယောက်ရဲ့ ပါးစပ်နှင့် နှာခေါင်းကို မိနစ် နှစ်ဆယ်လောက် ပိတ်ထားလိုက်ရင် ဘယ်လို နေမလဲ ဆိုတာ တွေးကြည့်ကြပေါ့ဗျာ'

'သေတော့ သေမှာပေါ့လေ၊ ဒါပေမဲ့ ဒီလို လုပ်တဲ့ လက်ရာ ခြေရာကိုမှ ရှာလို့ မတွေ့တာ'

'အင်း၊ ဟုတ်ပြီ၊ ဘယ်လို လက်ရာ ခြေရာမျိုးလဲ'

mgyoe.com

mgyoe.com SAMPLE BOOK

'ကလိုရီဖောင်း ထိရင် အရေဟာ လောင်သွားရမယ်ဗျာ၊ အကယ်၍သာ ကလိုရီဖောင်း တော့ပြီး သတ်တယ် ဆိုရင် လောင်ရာ အနည်းအကျဉ်းတော့ တွေ့ရမယ်'

ရှားလော့ဟုမ်းသည် ရှည်လျားသော လက်တံဖြင့် စားပွဲပေါ်မှ ဗယ်ဆလင်ဘူးကို ကောက်ယူလိုက်ပြီးလျှင်

'ဒီမှာ ဒေါက်တာ ဂရစ်ဖင်၊ အကယ်၍ သေသူရဲ့ မျက်နှာပေါ်ကို ဒီလို ဗယ်ဆလင်မျိုး နည်းနည်းပါးပါး လိမ်းလိုက်မယ်ဗျာ၊ လိမ်းပြီးမှ ကလိုရီဖောင်း ဆွတ်ထားတဲ့ ဂွမ်းဖတ်နှင့် တော့လိုက်ရင် လောင်ရာ ရှိနိုင်ပါဦးမလား'

'ဒီလို ဆိုရင်တော့ မရှိနိုင်ပါဘူး'

'ခင်ဗျားက ဆရာဝန် ဆိုတော့ ကျွန်တော့်ထက် ပိုသိမှာပါ၊ ကလိုရီဖောင်းက မြန်မြန် အငွေ့ပြယ် လွယ်တယ်၊ အငွေ့ ပြယ်ပြီး သွေးထဲ ရောက်သွားရင် မကြာခင်မှာပဲ ပျောက်သွားတတ်တယ်၊ ဒီတော့ အလောင်းကို နှစ်ရက်တိုင်တိုင် မခွဲသေးဘဲ အချိန် ဆွဲထားတယ် မဟုတ်လား၊ ဒီလောက် အချိန် ဆွဲထားပြီး ခွဲရင် အလောင်းထဲမှာ ဘာတွေ့ရတော့မလဲဗျ'

'စုံထောက်ကြီး ပြောသလောက်တော့ မမြန်ဘူး ခင်ဗျ၊ နည်းနည်းပါးပါးတော့'

'ဟုတ်ပါတယ်လေ၊ အချင်း ဖြစ်တဲ့ အခန်းထဲမှာ ဖြစ်စေ အလောင်းကို ခွဲရာမှာ ဖြစ်စေ ကလိုရီဖောင်း အနံ့တော့ နည်းနည်း ကျန်နိုင်ပါတယ်၊ သို့သော်လည်း ဒီမှာတော့ ဆေးနံ့တွေနှင့် လိမ်းဆေး အနံ့တွေကြောင့် အအေးမိပြီး နှာစေးနေတယ် ဆိုတော့ ကလိုရီဖောင်း အနံ့ကို ဘယ်ရတော့မလဲ'

ဒေါက်တာ ဂရစ်ဖင်၏ ဖြူရော်လျက် ရှိသော မျက်နှာမှာ သူ၏ နီရဲသော ဆံပင်များနှင့် မုတ်ဆိတ်များကြောင့် ပို၍ ဖြူရော်နေသည်ဟု ထင်လေ၏။

'ဟုတ်မယ် ခင်ဗျာ၊ အမှန်ပဲ'

'ကဲ ဒီတော့ ဟောဒီ သင်းအုပ်ဆရာကြီး စဉ်းစားသလို စဉ်းစားကြည့်ရအောင်ဗျာ၊ ခုကိစ္စ ဖြစ်တဲ့ အတွက် ဘယ်သူ့မှာ အမြတ်ထွက်သလဲ'

ဤတွင် လက်စထရိတ်သည် ဒေါက်တာ ဂရစ်ဖင် အနီးသို့ ဖြတ်ခနဲ ကပ်သွားသည်ကို ကျွန်ုပ် သတိပြုလိုက်မိ၏။

'ဟော့ လူ၊ ကျုပ် မထိနှင့်နော်၊ ကျုပ် ဘာမှ မဆိုင်ဘူး'

ဒေါက်တာ ဂရစ်ဖင်က အော်လိုက်၏။

ရှားလော့ဟုမ်းသည် ဗယ်ဆလင်ဘူးကို ချလိုက်ပြီးနောက် ခပ်စောစော

mgyoe.com

mgyoe.com SAMPLE BOOK

ကထက်ပင် ကျယ်လောင်စွာ မြည်နေသည် ထင်ရသည့် သေသူ၏ ရွှေ အိတ်ဆောင် နာရီကို ကောက်ယူလိုက်လေ၏။

'ကဲ ခင်ဗျားတို့ကို ဒီအိတ်ဆောင် နာရီကို ပြရဦးမယ်၊ ဒီနာရီက မှန်အပေါ်မှာ ရွှေအဖုံးကလေး ပါတယ်ဗျ၊ မူလတုန်းက မုဆိုးတွေ ကိုင်ဖို့ လုပ်ထားတဲ့ နာရီ ဖြစ်တဲ့ အတွက် မှန်ပေါ်မှာ အဖုံး အုပ်ထားတဲ့ ဒီလို နာရီမျိုးကို မုဆိုးကိုင် နာရီလို့ ခေါ်ကြတယ်၊ မနေ့ညက ဆယ်နာရီမှာ ဒီနာရီကို ကျုပ် သံပတ် အပြည့် ပေးပစ်ခဲ့တယ်၊ ခုဆိုရင် ခင်ဗျားတို့ မြင်တဲ့ အတိုင်း ငါးနာရီနှင့် မိနစ် နှစ်ဆယ် ရှိနေပြီ'

'အဲဒီတော့ ဘာဖြစ်လဲရှင်' ဟု မစ္စ ဒလိုရီ ဒေးက မေးလေ၏။

'မင်း ဦးကြီး သေတဲ့ နေ့က ဟောဒီက သင်းအုပ် ဆရာကြီး သံပတ်ပေးခဲ့တာလည်း ဒီအချိန်ပဲဗျ၊ နည်းနည်း ရှုပ်သွားတယ် ဆိုရင်တော့ သည်းခံနားထောင်ကြပါလော၊ ကျုပ် ရှင်းပြပါ့မယ်'

ရှားလော့ဟုမ်းက သံပတ်ကို ထပ် တင်းပေးလိုက်သည့် အခါတွင် သံပတ်သည် ဖရတ် ခနဲ မြည်သွားလေ၏။ ထိုနောက် သံပတ်သည် တဖြည်းဖြည်း လည်လျက် ရှိလေ၏။

'မြဲမြဲ ကိုင်ထားနော်၊ နာရီက ဘာဖြစ်နေမှန်း မသိဘူး' ဟု ဒေါက်တာ ဂရစ်ဖင်က ပြောလေ၏။

'ဟုတ်ပြီဗျာ၊ ဘာဖြစ်တယ်လို့ ဒေါက်တာ ထင်လို့လဲ'

'ဘာဖြစ်ရမလဲဗျ၊ သင်းအုပ်ဆရာက သံပတ် ငုတ်ကလေးကို နှစ်ပတ်လောက် လှည့်လိုက်တာနှင့် သံပတ်က အပြည့် တင်းသွားပြီ၊ နောက်ထပ် လှည့်လို့ မရတော့ဘူး၊ ဒါပေမဲ့ ခု စုံထောက်ကြီးက ဒီနာရီ သံပတ်ငုတ်ကို လှည့်နေတာ ခုနစ်ပတ်လောက် ရှိနေပြီ၊ နာရီက ခုထက်ထိ သံပတ် မပြည့်သေးဘူး'

'ဟုတ်ပါ့ဗျာ၊ ကျုပ်လည်း ဒီနာရီတွင် ပြချင်တာ မဟုတ်ပါဘူး၊ နာရီတွေရဲ့ အလုပ် လုပ်ပုံကို ပြချင်တာပါ၊ ဘယ်နာရီ ဖြစ်ဖြစ် မနေ့ညက ဆယ်နာရီမှာ သော့ ပေးခဲ့ရင် ဒီနေ့ မနက်မှာ နှစ်ချက်လောက် လှည့်လိုက်ရုံနှင့် သော့တင်းမသွားနိုင်ဘူးဗျ'

'ဘုရားရေ' ဟု ဆိုကာ ဒေါက်တာ ဂရစ်ဖင်သည် ရှားလော့ဟုမ်းကို စိုက်ကြည့်လျက် ရှိလေ၏။

'ဒီတော့ သေသူ မစ္စတာ ထရီလော်နေဟာ အဲဒီ ညက ဆယ်နာရီမှာ အိပ်တာ မဟုတ်ဘူးဗျ၊ အိပ်လို့ မပျော်တဲ့ အတွက် မစ္စတာ ထရီလော်နေဟာ


mgyoe.com

mgyoe.com
SAMPLE BOOK
အဲဒီ ညက တော်တော် ညဥ့်နက်သည် အထိ သမ္ဘာ ကျမ်းစာကို ဖတ်နေခဲ့ရမယ်၊ ဒီလိုပဲ ဖတ်တတ်တယ်လို့ သင်းအုပ်ဆရာကြီးကလည်း ပြောဖူးတယ်၊ မစ္စတာ ထရီလော်နေဟာ နာရီကို ခါတိုင်းလို သံပတ် ပေးသော်လည်း မနက် သုံးနာရီ လောက် အထိ မအိပ်သေးဘူးဗျ၊ မနက် သုံးနာရီ နောက်ပိုင်း အိပ်ပျော်တော့မှ မစ္စတာ ထရီလော်နေကို မေ့ဆေး ပေးပြီး သတ်ပစ်တာ'

'ဒီတော့ ....'

'ဒီတော့ မစ္စတာ ထရီလော်နေဟာ ဆယ်နာရီခွဲမှာရော၊ နောက်တစ်ခါ ကျတော့ သန်းခေါင်မှာရော၊ နောက်တစ်ခါကျတော့ နာရီပြန် တစ်ချက်မှာရော အိပ်နေတယ်လို့ ပြောတဲ့ လူတစ်ယောက် ရှိတယ်၊ ဒီတော့ ဒီလူဟာ ကျုပ်တို့ကို လိမ်နေတယ် ဆိုတာ မထင်ရှားဘူးလား'

'ဗျို့ ဟုမ်း၊ ဒီမြားက ဘယ်ဆီကို သွားနေတယ် ဆိုတာ ကျွန်တော် သိပြီ ဗျို့၊ ဒီအတိုင်း ဆိုရင် တရားခံဟာ ...'

ဂျက်ဖရီ အိန်းစဝ့်သည် တံခါးဆီသို့ ထပြေးလေ၏။

'ဘယ်ရမလဲကွာ' ဟု ဆိုကာ လက်စထရိတ်သည် ဂျက်ဖရီကို ခုန်အုပ် လိုက်ပြီးနောက် လက်ထိတ်ကို ဖျောက်ခနဲ ခတ်လိုက်လေ၏။

မစ္စ ဒလိုရီသည် ရှိုက်၍ ငိုရင်း ပြေးလာလေ၏။

သို့ရာတွင် ဂျက်ဖရီထံသို့ သွားခြင်း မဟုတ်ဘဲ ဆန့်တန်းလျက် ရှိသော ဒေါက်တာ ဂရစ်ဖင်၏ ရင်ခွင်ထဲသို့ ပြေးသွားခြင်း ဖြစ်ပေ၏။

ထိုနေ့က ဘေကာလမ်းရှိ တိုက်ခန်းသို့ ပြန်ရောက်ပြီး ဝီစကီနှင့် ဆိုဒါတို့ကို ရော သောက်ရင်း အပန်းဖြေလျက် ရှိကြစဉ် ရှားလော့ဟုမ်းက

'ကောင်မလေးကို ဒီလောက်တောင် လက်ထပ်ချင်နေတဲ့ ဂျက်ဖရီဟာ တရားခံ ဖြစ်နိုင်တယ် ဆိုတာ နာရီကို မမြင်ရခင် ကတည်းက စဉ်းစားနိုင်ပါ တယ်ဗျ'

'ဘယ်လို လုပ်ပြီး စဉ်းစားမလဲဗျာ'

'ထရီလော်နေရဲ့ သေတမ်းစာကို ကြည့်လေဗျာ'

'ဒါဖြင့် သေတမ်းစာကို ထရီလော်နေ ရေးခဲ့တာ မဟုတ်ဘူးပေါ့'

'ထရီလော်နေ ကိုယ်တိုင် ရေးခဲ့တာတော့ ဟုတ်ပါတယ်၊ သေတမ်းစာ ကို ပြင်ရေးဖို့ ဆန္ဒ ရှိတယ် ဆိုတာကို ထုတ်လည်း ပြောခဲ့တယ်၊ ပြောတဲ့


mgyoe.com

mgyoe.com SAMPLE BOOK

အတိုင်းလည်း ပြင်ရေးခဲ့တယ်၊ ဒါပေမဲ့ အဲဒီ သေတမ်းစာကို သူ လက်မှတ် မထိုးခဲ့ဘူး ဆိုတာ သိသူ တစ်ယောက်ပဲ ရှိတယ်ဗျ'

'ဘယ်သူလဲ၊ ထရီလော်နေ ကိုယ်တိုင်လား'

'မဟုတ်ဘူးဗျ၊ သေတမ်းစာကို ရေးပေးတဲ့ ဂျက်ဖရီ အိန်းစဝ့်ရယ်၊ သူ ပြောတဲ့ စကားထဲမှာ ဒီအချက် ပါသွားပြီ'

ရှားလော့ဟုမ်းသည် ကုလားထိုင် နောက်မှီကို မှီ၍ ထိုင်လိုက်ရင်း

'ပြီးခဲ့တဲ့ ဘားတလက် အမှုမှာ ပါသလိုပေါ့ဗျ၊ ကလိုရိုဖောင်း ဆိုတာ အလွယ်တကူ ရနိုင်တဲ့ ပစ္စည်းမျိုးပဲ၊ ဒီလို တောရွာကလေးမျိုးမှာ ဂျက်ဖရီလို ရှေ့နေ တစ်ယောက်ဟာ သင်းအုပ်ဆရာရဲ့ ဆေးခန်းကို အချိန်မရွေး ဝင်နိုင် ထွက် နိုင်ပေတာပဲ၊ ဂျက်ဖရီဟာ အားအားရှိတိုင်း အကြံထုတ်နေတယ် ခင်ဗျ၊ မနေ့ ညက ကျုပ် စဉ်းစားကြည့်တော့ အကယ်၍များ သေသူ အဘိုးကြီးရဲ့ မျက်နှာ ကို အနီးကပ် မှန်ဘီလူးနှင့်များ မကြည့်ခဲ့မိရင် ကျုပ်လည်း ကလိုရိုဖောင်း လက် ချက်လို့ သေသေချာချာ ပြောရဲမှာ မဟုတ်ဘူး၊ ဒါပေမဲ့ ကပ်ကြည့်လို့ မျက်နှာရဲ့ ချွေးပေါက်ကလေးတွေထဲမှာ ဗယ်ဆလင် အကြွင်းအကျန်ကလေးတွေနှင့် အရည် လောင်ထားတာကလေးတွေ တွေ့လိုက်ရတော့ ကျုပ် တွက်ကိန်း သေချာသွားပြီ လေဗျာ'

'နို့ နေစမ်းပါဦးဗျ၊ မစ္စ ဒေးနှင့် ဒေါက်တာ ဂရစ်ဖင်တို့ကကော ဘယ်လို ဖြစ်သွားကြတာလဲ'

'သူတို့ ကိစ္စကို ခင်ဗျား မရှင်းဘူးလား'

'မိန်းမတွေဟာ တော်တော် နားလည်ရ ခက်တယ်လို့တော့ အစဉ်းစား မိသား'

'ဒီမှာ အိုင်ဆေး၊ ဒီသူငယ်မကလေးဟာ စိတ်ဆူတယ်၊ စိတ်မြန်တယ်၊ ဒီလို မိန်းကလေး တစ်ယောက်ဟာ သူ့လိုပဲ စိတ်ဆူပြီး စိတ်မြန်တဲ့ လူ တစ် ယောက်ကို လူမြင်ကွင်းမှာ သရော်မော်ကား ပြောတယ်၊ မကြိုက်သယောင်ယောင် ပြောတယ် ဆိုကတည်းက ကျုပ် ရိပ်မိလိုက်ပါပြီ'

'ဒါဖြင့် ရှေ့နေ ဂျက်ဖရီနှင့် စေ့စပ် ကြောင်းလမ်းထားတာကို ဖျက်ပြီး ဘာဖြစ်လို့ ဂရစ်ဖင်ကို မယူသလဲဗျာ'

'သူ့ဦးကြီးက အပြောင်းအလဲ မြန်တယ်၊ နန့် တန့် တန့် နိုင်တယ်လို့ ပြောတာကို ခင်ဗျား မေ့သွားတယ် ထင်တယ်၊ ဒီတော့ ဦးကြီး ဆူမှာလည်း ကြောက်တယ်၊ ပြီးတော့ ကိုယ့် သိက္ခာကိုလည်း စောင့်စည်းရသေးတာပေါ့ဗျာ၊

mgyoe.com

mgyoe.com SAMPLE BOOK
အလို နေစမ်းပါဦး၊ ခင်ဗျားက ဘာကိုများ သဘောကျလို့ တခစ်ခစ် ဖြစ်နေရတာလဲ'

'လောကကြီးရဲ့ အမြီး အမောက် မတည့်ပုံကို တွေးမိလို့ပါ၊ ဆွန်းမား ဆက်နယ်က ရွာကလေး နာမည်လေ'

ရှားလော့ဟုမ်းက ပြုံးလိုက်ရင်း

'ကမ်းဘာဝဲရွာတဲ့ဗျ၊ လန်ဒန် မြို့လယ်ကောင်က ကမ်းဘာဝဲ ရပ်ကွက်နှင့်တော့ မတူပါဘူးဗျာ၊ ကမ်းဘာဝဲရွာက အဆိပ်ခတ် သတ်မှု အကြောင်းကိုများ ရေးရင် စာဖတ်သူတွေ ရှုပ်မကုန်အောင် ခေါင်းစဉ်တော့ ပြောင်းရေးလိုက်ပါဘိ'

[မူရင်း ဝတ္ထု *The Gold Hunter.* ရွှေဥဒေါင်း၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင် ရှာမတွေ့။]




mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# ဖယောင်း ပြတိုက် အမှု



ကျွန်ုပ်၏ မိတ်ဆွေကြီး ရှားလော့ဟုမ်းမှာ ခြေကျိုးရသည့် အထဲတွင် ပြဿနာတွေ တစ်ခုပြီး တစ်ခု တက်လျက် ရှိလေ၏။ ခြေ ကျိုးပြီး နာရီပိုင်း အတွင်း၌ပင် နာမည်ကြီး မြေအောက်ခန်းထဲသို့ သွားရောက်ရန် ကိစ္စ တစ်ခု ပေါ်ပေါက်ခဲ့လေ၏။

ရှားလော့ဟုမ်း၏ အဖြစ်မှာ ဆိုးလှပေ၏။ ရှားလော့ဟုမ်းသည် အပျင်းပြေ သဘောဖြင့် ပင်တန်လမ်းရှိ တရစ် အားကစားကလပ်တွင် နာမည်ကျော် မစ်ဒဲဝိတ် လက်ဖွေ့ ချန်ပီယံ ဘူလီ ဘွိုင်နှင့် လက်ဖွေ့ထိုးရန် သဘောတူလိုက်လေ၏။ ဘူလီ ဘွိုင် တစ်ယောက် သွေးပူအောင်မှ မထိုးရသေးမီ ရှားလော့ဟုမ်းက နောက်ကောက်ကျအောင် ထိုးချလိုက်သည့် အခါတွင် ပရိသတ် အားလုံး အလန့်တကြား ဖြစ်ကုန်ကြလေ၏။

ရှားလော့ဟုမ်းသည် ဘူလီ ဘွိုင်၏ ဘယ်လက်သီးကွက်ကို အတင်း ထိုးဖောက် ဝင်ရောက်သည်တွင် ညာဖြောင့် တစ်လုံး၏ ဒဏ်ကို လှလှကြီး ခံလိုက်ရသော်လည်း နောက်ဆုံး၌ ဘူလီ ဘွိုင်ကို အလဲ ထိုးပြီး အုတ်အုတ်ကျက်ကျက် ဖြစ်လျက် ရှိသော လက်ဖွေ့ခန်းဆောင်ထဲမှ ထွက်အလာတွင် မီးမှိန်မှိန် ထွန်းထားသည့် ခနော်နီ ခနော်နဲ့ လှေကားမှ ဆင်းလာစဉ် ချော်ကျကာ ခြေကျိုးသွားခဲ့ခြင်း ဖြစ်ပေ၏။ ယခုလောက် အချိန်တွင်မူ ကလပ်၏ အတွင်းရေးမှူးကြီးသည် ထိုလှေကားအိုကို ပြင်ဆင်ပြီးလောက်ပြီဟု ကျွန်ုပ် ယူဆမိပေ၏။

မိုး တစိမ့်စိမ့် ရွာပြီး လေ တရှိုရှို အော်မြည်နေသည့် အေးစိမ့်သော နေ့တစ်နေ့၌ ကျွန်ုပ်တို့ ဇနီး မောင်နှံ နေ့လယ်စာ စားလျက် ရှိကြစဉ် ထိုသတင်းကို



mgyoe.com

mgyoe.com SAMPLE BOOK

ကြားရခြင်း ဖြစ်ပေ၏။ ကျွန်ုပ်ထံတွင် မှတ်စု မှတ်တမ်းများ အဆင်သင့် ရှိသည့်တိုင် ထိုနေ့မှာ ၁၈၉၀ မတ်လ ပထမပတ်ထဲတွင် ဖြစ်လိမ့်မည်ဟု ကျွန်ုပ် ထင်ပါသည်။ ကျွန်ုပ်သည် ထိုအကြောင်းကို ကြေးနန်း ရိုက်ကြားလိုက်သည့် မစ္စက် ဟတ်ဆန်၏ ကြေးနန်းကို ဖတ်၍ အလန့်တကြား အော်လိုက်မိပြီးနောက် ကြေးနန်း စာရွက်ကို ကျွန်ုပ် ဇနီးသည်ထံ လှမ်းပေးလိုက်လေ၏။

'တစ်ရက် နှစ်ရက်လောက် သွားနေပြီး ကြည့်ပေးလိုက်ပါဦးလား၊ ဆေးခန်းက အလုပ်ကိုတော့ ခါတိုင်းလိုပဲ အန်ထရုစသာနှင့် လွှဲခဲ့ပေါ့'

ထိုအချိန်က ကျွန်ုပ်မှာ ပက်ဒင်တန် ရပ်ကွက်တွင် နေထိုင်လျက် ရှိသဖြင့် ဘေကာလမ်းသို့ သွားလိုလျှင် အချိန်တိုတိုနှင့် ရောက်နိုင်ပေ၏။

ကျွန်ုပ် ထင်သည့် အတိုင်းပင် ရှားလော့ဟုမ်းမှာ ခရမ်းရောင် ညဝတ်အင်္ကျီကြီးကို ဝတ်ကာ ဆိုဖာ ပေါ်တွင် လဲလျောင်းလျက် ရှိရင်း ပတ်တီး စည်းထားသည့် ခြေထောက်ကို ကူရှင်များ ဆင့်၍ တင်ထားလေ၏။ လက်ဝဲဘက်ရှိ စားပွဲကလေး တစ်လုံးပေါ်တွင် မှန်ဘီလူး အသေးစားကလေး တစ်လက် ရှိပြီး လက်ယာဘက်တွင်မူ ဖတ်ပြီး ချထားသည့် သတင်းစာများကို တွေ့ရလေ၏။

သူ၏ ပင်ပန်း နွမ်းနယ်နေဟန်နှင့် လေးလံသော မျက်လုံးတို့သည် ထက်သန် တက်ကြွသော သူ့ အမူအရာကို ဖုံးကွယ်လျက် ရှိသည့်တိုင် ရှားလော့ဟုမ်းကို ကြည့်ရသည်မှာ ခါတိုင်းကဲ့သို့ပင် ဣန္ဒြေ မပျက်ဘဲ ခြေကျိုးသွားသည့်အတွက် စိတ် ထိခိုက်ခြင်း ဖြစ်သည့် လက္ခဏာကို မတွေ့ရချေ။

မစ္စက် ဟတ်ဆန် ရိုက်လိုက်သည့် ကြေးနန်းထဲတွင် ရှားလော့ဟုမ်းမှာ လှေကားပေါ်မှ ချော်ကျသည်ဟု သာမန်မျှလောက်သာ ပါသည့် အတွက် ကျွန်ုပ်က စုံစုံလင်လင် မေးမြန်းကြည့်သည့် အခါတွင် အထက်ပါ အတိုင်း သိရခြင်း ဖြစ်ပေ၏။

ရှားလော့ဟုမ်းက ခပ်ရှက်ရှက်ဖြင့်

'ကျုပ်လည်း ဘဝင်ကလေးနှင့် ဆိုတော့ လှေကားကို သတိ ထားပြီး မဆင်းလိုက်မိဘူးဗျာ၊ တော်တော် ညံ့တဲ့ ကျုပ်ပဲ'

'အေးလေ၊ နည်းနည်းပါးပါး ဘဝင် မြင့်မယ် ဆိုလည်း မြင့်လောက်ပါတယ်၊ ဘူလီ ဘွိုင်လို ကောင်မျိုးနှင့် ယှဉ်ရတယ် ဆိုတာ နည်းတာမှ မဟုတ်တာ'

'ဒီလောက်တော့လည်း မဟုတ်ပါဘူးဗျာ၊ ခင်ဗျား ကောင်က နာမည်ကြီးလို့သာ ကြီးနေတာပါ၊ ပြီးတော့ လူကလည်း နည်းနည်း မူးနေတယ်ဗျ၊ အလို ခင်ဗျား ကျန်းမာရေး အတွက် တော်တော် စိုးရိမ်နေပုံ ကျတယ်'

mgyoe.com

mgyoe.com SAMPLE BOOK

'ဗျာ ဘာဖြစ်လို့လဲ၊ ဟုတ်တယ်ဗျ၊ ခုတစ်လောမှာ အအေး သိပ်မခံနိုင်ဘဲ ဖြစ်နေတယ်၊ ဒါပေမဲ့ ကျွန်တော့် ရုပ်မှာရော အသံမှာရော အအေးမိတဲ့ပုံ မပေါက်ဘဲနှင့် ခင်ဗျား ဘယ့်နှယ် လုပ်ပြီး သိသလဲ၊ ကျွန်တော်တော့ အံ့ရောဗျာ'

'အံ့ဩစရာ မရှိပါဘူးဗျာ၊ ရိုးရိုးကလေးပါ၊ ဒီကို မလာခင်ကလေးတွင် ခင်ဗျား လက်ကောက်ဝတ်ကို သွေးစမ်းကြည့်လာခဲ့တယ် မဟုတ်လား၊ ခင်ဗျား ညာဘက် လက်ညှိုးပေါ်မှာ စွန်းနေတဲ့ ဆီးလဗား နိုက်ထရိတ်တွေ ဘယ်ဘက်လက်ကောက်ဝတ်မှာ စွန်းနေတာကို ကြည့်လိုက်ရင် သိတာပေါ့၊ နို့ နေစမ်းပါဦး၊ ခုတစ်လော ဘာတွေများ လုပ်နေသလဲ'

ရှားလော့ဟုမ်းက ကန့်ကွက်သည့်တိုင် ကျွန်ုပ်သည် ခြေထောက်မှ သူ့ဒဏ်ရာကို စစ်ဆေး ကြည့်ရှုပြီးနောက် ပြင်၍ ပတ်တီး စည်းပေးလေ၏။ ထို့နောက် ဆရာဝန် တစ်ယောက် အနေဖြင့် လူနာကို စိတ် ရွှင်လန်း ချမ်းသာအောင် ပြောရမည့် ဝတ္တရား ရှိသည့် အလျောက် ကျွန်ုပ်က

'ခင်ဗျားကို မလှုပ်မရှား အေးအေးဆေးဆေး အနားယူနေတာ မြင်ရတဲ့အတွက် ခုလို ဖြစ်တာတောင် ခပ်ကောင်းကောင်းလို့ ပြောရမလား မသိဘူး'

ရှားလော့ဟုမ်းသည် ကျွန်ုပ်ကို စိန်းစိန်းကြီး စိုက်ကြည့်လျက် ရှိသော်လည်း စကား တစ်ခွန်းမျှ မပြောချေ။

ကျွန်ုပ်က သူ့ကို အားပေးသောအားဖြင့်

'ဟုတ်တယ်လေဗျာ၊ ဆိုဖာပေါ်မှာ တစ်ပတ် နှစ်ပတ်လောက် ငြိမ်ငြိမ်ကလေး နေရဦးမှာ ဆိုတော့ စိတ်အေးအေးသာ ထားပေတော့၊ ကျွန်တော် ပြောတာက ဒီလိုပါလေ၊ မနှစ် နွေတုန်းက ခင်ဗျား နောင်တော်ကြီး မိုင်းကရော့နှင့်တွေ့တော့ စူးစမ်း လေ့လာတဲ့ နေရာ၊ ကျိုးကြောင်း ဆက်စပ်ပြီး ကောက်ချက်ဆွဲထုတ်တဲ့ နေရာမှာ သူဟာ ခင်ဗျားထက် တော်တယ်လို့ ခင်ဗျား ပြောခဲ့တယ် မဟုတ်လား'

'ဟုတ်သားပဲ၊ စုံစမ်း ထောက်လှမ်းမှု အတတ်ပညာဟာ ကုလားထိုင်ပေါ်မှာ ထိုင်ပြီး စဉ်းစားတာက အစပြုပြီး ကုလားထိုင်ပေါ်မှာ ထိုင် စဉ်းစားတာမှာ အဆုံးသတ်တယ် ဆိုလို့ ရှိရင် ကျုပ် နောင်တော်ကြီးဟာ ကမ္ဘာမှာ အတော်ဆုံးသော မှုခင်း စုံထောက်ကြီး တစ်ယောက် ဖြစ်မှာပဲ'

'မများလွန်းဘူးလား ဆရာကြီး၊ ဒီလောက်တောင်ပဲလား၊ ခင်ဗျားလောက်တော့ စွမ်းမယ် မထင်ပါဘူး၊ ခုကြည့်လေ၊ ခင်ဗျား ဘယ်ကိုမှ မသွားနိုင် မလာနိုင်ဖြစ်နေတုန်းမှာ အစွမ်းအစ ပြချင်တယ် ဆိုရင် အမှု တချို့'

mgyoe.com

mgyoe.com
SAMPLE BOOK

'ဘာအမှုလဲဗျ၊ ခုလောလောဆယ်မှာတော့ ကျုပ်မှာ ဘာအမှုမှ မရှိဘူး ဖြစ်နေတယ်'

'မပူပါနှင့်ဗျာ၊ အချိန်တန်တော့ လာမှာပေါ့'

ရှားလော့ဟုမ်းသည် သတင်းစာပုံကြီးကို တစ်ချက် လှမ်းကြည့်ပြီးနောက်

'လန်ဒန်တိုင်း သတင်းစာကြီးက ပစ္စည်းပျောက် လူပျောက် ကြော်ငြာ ကော်လန်ကလည်း တယ်ပြီး စိတ်ဝင်စားစရာ မကောင်းလှပါဘူးဗျာ၊ ဒီမှာ စိတ်ဝင်စားစရာ မရှိလို့ နောက်ထပ် တွေ့တဲ့ ရောဂါ ပိုးမွှားသစ် အကြောင်းကို လေ့လာကြည့်လိုက်တော့လည်း ခဏလေးနှင့် ကုန်သွားတယ်ဗျ၊ နောက်ထပ် လေ့လာစရာ ဘာမှ မရှိတော့ဘူး ဖြစ်နေတယ်၊ အိုင်ဆေးရေ၊ ရှင်းရှင်း ပြောရရင် သမ္မာကျမ်းစာကလေး ဖတ်နေရတာကမှ အပျင်းပြေလိမ့်ဦးမယ် ထင်တယ်'

ထိုသို့ ပြောဆိုလျက် ရှိစဉ် ကျွန်ုပ်တို့၏ အိမ်ရှင် အဘွားကြီး မစ္စက် ဟတ်ဆန် ဝင်ရောက်လာကာ စာတစ်စောင်ကို လာပေးသည့် အတွက် စကားပြတ်သွားလေ၏။

ကျွန်ုပ်သည် ခပ်စောစောက အချိန်တန်လျှင် အမှု လာပါလိမ့်မည်ဟု ပြောခဲ့သည့်တိုင် ယခုလောက် မြန်မြန်ဆန်ဆန် ရောက်လာလိမ့်မည် ဟူ၍ကား မထင်မိခဲ့ချေ။

ကျွန်ုပ်တို့ထံသို့ ရောက်လာသည့် စာရွက်မှာ စက္ကူပေါ်တွင် သရဖူ တံဆိပ်တစ်ခု ရိုက်ထားပြီး တစ်ထုပ်လျှင် ကရောင်း ဒင်္ဂါးပြားဝက်လောက် ပေးရသည့် အဖိုးတန် စာရေး စက္ကူမျိုး ဖြစ်သည်ကို တွေ့ရလေ၏။

သို့ရာတွင် ရှားလော့ဟုမ်းက စာကို ဖောက်ဖတ်ပြီး စိတ်ပျက်လက်ပျက် ဖြင့် ညည်းလိုက်သည့် အခါတွင်ကား ကျွန်ုပ် ကိုယ်တိုင်လည်း အကြီးအကျယ် စိတ်ပျက်သွားမိလေ၏။

'ခင်ဗျား ပြောတာနှင့် ကျိန်းကျေသွားပြီ ထင်ပါရဲ့ဗျာ' ဟု ပြောကာ ပြန်စာ တစ်စောင်ကို ခပ်သော့သော့ ရေးလျက် ရှိလေ၏။

'စာက ဆာ ဂျားဗေ့စ် ဒါလင်တန်ဆီက စာဗျ၊ စာလုံးပေါင်းကလည်း မှားလိုက်တာ မပြောပါနှင့်တော့၊ မနက်ဖြန် မနက် ဆယ့်တစ်နာရီမှာ လာတွေ့ချင်တယ်တဲ့၊ တွေ့လို့ ရမယ် ဆိုရင် ကိုယ်တိုင် လက်ရေးနှင့် ဟာကျူလီ ကလပ်ကို အကြောင်း ပြန်ပါလို့ ရေးထားတယ်ဗျ'

'ဒါလင်တန် ဟုတ်စ၊ ခင်ဗျား သူ့ အကြောင်းကို တစ်ခါ ပြောဖူးတယ် ထင်တယ်'

mgyoe.com

mgyoe.com SAMPLE BOOK

'ဟုတ်တယ်လေ၊ ပြောဖူးတယ်၊ ပန်းချီ အရောင်းဆိုင် ဖွင့်ထားတဲ့ ဒါလင်တန် အကြောင်းကို ပြောတုန်းက စပ်မိတာနှင့် သူ့ အကြောင်းကို ပြောဖူးတယ်၊ ပန်းချီ အရောင်းဆိုင် ဖွင့်တဲ့ ဒါလင်တန် ဆိုတာက တခြားလူ မဟုတ်ဘူးဗျ၊ လီယိုနာဒို့ရဲ့ ပန်းချီကား အစစ်ကို ပန်းချီကား အတုနှင့် လဲသွားလို့ အုတ်အော် သောင်းတင်း ဖြစ်သွားတဲ့ လူပေါ့၊ ခု ဆာ ဂျားဗေ့စ် ဒါလင်တန်ကတော့ ဒီလို လူမျိုး မဟုတ်ပါဘူး၊ သူ့ထက် အထက်တန်းကျပါတယ်၊ သို့သော်လည်း သူ့မှာ လည်း နာမည်ပျက်ကလေးတော့ ရှိဖူးသဗျ'

'အဲဒီလူ အကြောင်းကို ပြောစမ်းပါဦး'

'ဆာ ဂျားဗေ့စ် ဒါလင်တန် ဆိုတဲ့ လူက မူးမတ် တစ်ဦးဗျ၊ သတ္တိ ကောင်းတယ်၊ အကျင့်ကတော့ သိပ်မကောင်းချင်ဘူး၊ လက်ဝှေ့နှင့် မိန်းမ ဝါသနာ ပါတယ်၊ ဒါပေမဲ့ လူက လူကြွား လူပေါ်ကြော့ထဲကတော့ မဟုတ်ပါဘူး၊ အေးလေ ကျုပ်တို့ အဘိုးများ ခေတ်တုန်းကတော့လည်း ဒီလို လူတွေ ရှိခဲ့ပေသ ပေါ့၊ ခုလောလောဆယ်တော့ သူ့အဖို့ အနေအထိုင် သတိထား နေမှ တော်ကာ ကျလိမ့်မယ် ထင်တာပဲ'

'လုပ်စမ်းပါဦးဗျာ၊ ခင်ဗျား ပြောပုံက စိတ်ဝင်စားစရာ ဖြစ်နေပြီ'

'ကျုပ်ဟာ မြင်းလောင်းတာတို့ ဘာတို့ကို ဝါသနာ ပါတဲ့ လူ မဟုတ်ဘူး၊ ဒါပေမဲ့ မနှစ်က ဒါဘီ မြင်းပွဲမှာ ဆာ ဂျားဗေ့စ် မြင်း တော်တော် နိုင်တယ် ဆို တာကိုတော့ သတိထားလိုက်မိတယ်ဗျ၊ တချို့က ပြောတော့လည်း ဂျော်ကီကို လာဘ်ပေးလို့၊ မြင်းတစ်ကို လျှို့ဝှက် ရလို့ ဘာလို့ စသဖြင့် ပြောကြတာပဲ၊ အိုင် ဆေးရေ မရှိမသေဗျာ၊ စားပွဲပေါ်က မှန်ဘီလူးလေးကို ဖယ်လိုက်စမ်းပါ'

ကျွန်ုပ်က မှန်ဘီလူးကို တခြားသို့ ပြောင်းထားလိုက်၏။ စားပွဲပေါ်တွင် ခပ်စောစောက ရှားလော့ဟုမ်းထံသို့ ရောက်လာသည့် သံရဖူ တံဆိပ်ပါ ဆာ ဂျားဗေ့စ် ဒါလင်တန်၏ စာရွက်ကလေးသာလျှင် ရှိပေ၏။ ရှားလော့ဟုမ်းသည် အိတ်ကပ်ထဲမှ ဘိုဟီးမီးယား ဘုရင်ထံမှ လက်ဆောင် ရသော အဖုံးတွင် နီလာ ကြီး တစ်လုံး မြှုပ်ထားသည့် ရွှေအိုရောင် ရှူဆေးဘူးကို ထုတ်ယူ လိုက်လေ၏။

'သို့သော်လည်း ခုတော့ ဆာ ဒါလင်တန်ရဲ့ ခြေလှမ်းတိုင်းကို စောင့် ကြည့်နေတယ်ဗျ၊ အကယ်၍သာ မသင်္ကာစရာ တစ်စုံတစ်ခုသာ တွေ့ရင် ထောင် မကျတောင် အနည်းဆုံး မြင်းပွဲက အပယ်ခံရမှာ သေချာတယ်၊ မနှစ်တုန်းက သူ ဘယ်မြင်းတွေကို လောင်းခဲ့သလဲ ဆိုတာ မမှတ်မိဘဲ ဖြစ်နေတယ်ဗျာ'

'လော့ဒ် ဟိုဗေးရဲ့ ဘင်ဂဲ လေဒီကို လောင်းခဲ့တယ်ဗျာ၊ ပြီးတော့ အိန္ဒိယ

mgyoe.com

mgyoe.com SAMPLE BOOK

ရာဂျာကိုလည်း လောင်းခဲ့တယ်ဗျာ၊ သုံးဖာလုံနှင့် ပန်းဝင်သွားတယ် မဟုတ်လား၊ ပြောလို့သာ ပြောရတာပါလေ၊ ခင်ဗျားလိုပဲ ကျွန်တော်လည်း မြင်းပွဲ အကြောင်း သိပ်ပြီး သိလှလို့တော့ မဟုတ်ပါဘူး'

'ဟုတ်ပြီဗျို့၊ ကျုပ် သတိရပြီ'

'ဆာ ဂျားဗေ့စ်ဟာ ခင်ဗျား ပြောသလိုတော့ လုပ်မယ် မထင်ပါဘူးဗျာ၊ ကျွန်တော်ဟာ အိမ်ထောင်သည် တစ်ယောက်ပါ၊ ထုပ်ထုပ်ထည်ထည် ဆိုလို့ လည်း ဘာမှ ရှိတာ မဟုတ်ဘူး၊ ကျွန်တော့်လိုကောင်တောင်မှ ဒါမျိုး မလုပ်ရင် ဆာ ဂျားဗေ့စ်လို လူမျိုးက လုပ်ပါ့မလား၊ ပြီးတော့ ဒီလို ရာသီကြီးမှာ မြင်းပွဲ ကော လုပ်ပါ့မလား'

'ဂရင်း နေရှင်နယ် မြင်းပွဲ စတော့မယ်လေ'

'အလို ဟုတ်သားပဲ၊ ဂရင်း နေရှင်နယ် ပွဲမှာ လော့ဒ် ဟိုဗေးက နှစ်ကောင် သွင်းလိမ့်မယ်ဗျ၊ လူတွေကတော့ ရှီးယားနက်စ်နှင့် သန်းဒါးလက်ကို ထင်ကြေး ပေးနေကြတယ်၊ ဒါပေမဲ့ ကျွန်တော့် အထင်ကို ပြောရမယ် ဆိုရင်တော့ လော့ဒ် ဟိုဗေးလို မြင်း ဘုရင် တစ်ယောက်ဟာ မြင်းတစ် ရောင်းစားတာမျိုးတော့ လုပ် လိမ့်မယ်လို့ မထင်ဘူး၊ သူလည်း ဂုဏ်သရေရှိ လူကြီးလူကောင်း တစ်ယောက် ပဲဟာ'

'ဟုတ်ပါတယ်လေ၊ လူကြီး လူကောင်း တစ်ယောက် ဖြစ်တဲ့ အတွက် ကြောင့်ပဲ သူဟာ ဆာ ဂျားဗေ့စ်လို လူမျိုးနှင့် အပေါင်းအသင်း လုပ်မယ် မထင် မိတာပေါ့'

'နေစမ်းပါဦးဗျ၊ ဆာ ဂျားဗေ့စ်ဟာ စိတ်ဝင်စားစရာ ကောင်းတဲ့ သတင်း မျိုးကို ယူလာလိမ့်မယ်လို့ ဘာ့ကြောင့် ခင်ဗျား အတပ်ပြောနိုင်ရတာလဲ'

'ဆာ ဂျားဗေ့စ်ဟာ ဟဲဗီးဝိတ် လက်ဝှေ့သမား တစ်ယောက် ဖြစ်တာ တော့ မှန်ပါရဲ့၊ သို့သော်လည်း သူ့ အကြောင်းကို သိရင် ခင်ဗျားလည်း ကျုပ်လိုပဲ ဒီလူ့ဆီက သတင်းဆန်းကလေး ဘာလေး ရလိမ့်မယ်လို့ တွက်မှာ အမှန်ပဲဗျ'

ရှားလော့ဟုမ်းသည် လေတစ်ချက် ချွန်လိုက်ကာ

'ကျုပ်နှင့် ဘူလီ ဘွိုင်တို့ မနက်က ထိုးခဲ့တဲ့ ပွဲကို မြင်တဲ့ လူထဲမှာ ဆာ ဂျားဗေ့စ်လည်း တစ်ယောက် အပါအဝင်ပဲဗျ'

'ဒါဖြင့် ဒီလူက ခင်ဗျားဆီကို ဘာကိစ္စ လာမှာတဲ့လဲ'

'ဘာဖြစ်လို့လဲ ဆိုတာတော့ မပြောနိုင်သေးဘူးလေဗျာ၊ ကျုပ်မှာ အချက် အလက်မှ မရှိသေးပဲ၊ အိုင်ဆေးရေ ရှူဆေးလေး တစ်တို့ လှမ်းလိုက်ပါဦး၊ ကျုပ်



mgyoe.com

mgyoe.com SAMPLE BOOK

လည်း ရှူဆေးကို ဒီလောက်တော့ ကြိုက်လှတယ် မဟုတ်ပါဘူး၊ ဆေးတံ မသောက်ဖြစ်အောင်သာ ရှူနေရတာပါ'

ကျွန်ုပ်က ရယ်လိုက်လျက်

'ခင်ဗျားကတော့ စံပါပဲဗျာ၊ ရှာမှ ရှားလို့ ဆိုလောက်ပါပေတယ်၊ ရှော့ရှော့ ရှုပါ၊ ဒဏ်ရာ အနာတရ ဖြစ်တဲ့ လူများဟာ ဒဏ်ရာ ဘယ်လောက်ပဲ သေးငယ်သည့်တိုင် တော်တော် နားပူနားဆာ လုပ်တတ်တယ် ဆိုတာ ဆရာဝန်တိုင်း နားလည်ပါတယ်'

ရှားလော့ဟုမ်းသည် ရှူဆေးဘူးကို ပြန်ပိတ်ကာ အိတ်ကပ်ထဲသို့ ထည့်လိုက်၏။

'ကဲ၊ အိုင်ဆေးရေ၊ ခင်ဗျား လာလို့ ကျေးဇူးတင်ပါရဲ့၊ သို့သော်လည်း နောက် ခြောက်နာရီလောက်တော့ ကျုပ်နှင့် စကား မပြောဘဲ နေလိုက်စမ်းပါဗျာ၊ နို့မို့ရင် ကျုပ် နောင်တ ရမယ့် စကားမျိုးကို ပြောမိမှာ စိုးလို့'

သို့ဖြင့် ကျွန်ုပ်တို့ နှစ်ယောက်သည် ညလယ်စာ စားသည် အထိ စကား မပြောမိကြဘဲ ဧည့်ခန်းတွင် နှစ်ယောက်သား ငြိမ်သက်စွာ ထိုင်နေကြလေ၏။ ရှားလော့ဟုမ်းမှာ သူ၏ မှုခင်း အညွှန်း စာရင်း စာအုပ်ကြီးကို ကြည့်လျက် ရှိပြီး ကျွန်ုပ်မှာမူ ဗြိတိသျှ ဆေးပညာ ဂျာနယ် တစ်စောင်ကို ဖတ်ရှုလျက် ရှိလေ၏။ နာရီမှ တစ်ချက်ချက် မြည်သံ၊ မီးဝါးသံမှ လွဲလျှင် တစ္ဆိတ်ဆိတ် အော်မြည်လျက် ရှိသော မတ်လ လေပြင်း၏ အသံကိုသာ ကြားရပြီး တစ်ခန်းလုံးမှာ တိတ်ဆိတ်လျက် ရှိလေ၏။ လေပြင်းကြောင့် မိုးစက်များသည် ပြတင်းပေါက် မှန်ကို ပက်လျက် ရှိပြီး မီးခိုးခေါင်းတိုင်များ ကြားတွင်မူ လေသည် တစ္ဆိတ်ဆိတ် အော်မြည်လျက် ရှိလေ၏။

နောက်ဆုံးတွင် ရှားလော့ဟုမ်းသည် အသံ တုန်တုန်ဖြင့်

'အကောင်းဘက်ကို လှည့်တွေးတတ်တဲ့ အကျင့်များဟာ တယ်ပြီး ဆိုးတာကိုးဗျ၊ ဒီနေ့တော့ ကျုပ်ဆီကို ဘာအမှုမှ လာတော့မှာ မဟုတ်ဘူး ထင်ပါရဲ့၊ အလို အောက်က ခေါင်းလောင်းသံ မဟုတ်လားဗျို့'

'ဟုတ်ပါ့ဗျာ၊ လေသံ မိုးသံတွေ ကြားထဲက ပီပီသသကြီး ကြားလိုက်ရတဲ့ ခေါင်းလောင်းသံဗျ၊ ဘယ်သူများလဲ မဆိုနိုင်ဘူး'

ရှားလော့ဟုမ်းသည် နာရီကို လှမ်းကြည့်လိုက်လျက်

'အမှုသည် ဆိုရင်တော့ နာရီပြန် နှစ်ချက် ထိုးကာနီး လေကြီး မိုးကြီး ထဲမှာ လာပုံ ထောက်ရင် တော်တော့်ကို အရေးကြီးလို့ လာတာ ဖြစ်မှာပဲဗျ'

mgyoe.com

mgyoe.com SAMPLE BOOK

အိမ်ရှင် အဘွားကြီး မစွက် ဟတ်ဆန်မှာ အိပ်ရာမှ ထပြီး အောက် တံခါးမကြီးကို ဆင်း ဖွင့်ပေးနေရသည့် အတွက် အတန် ကြာသွားလေ၏။ ထို့နောက်တွင်မူ ကျွန်ုပ်တို့ အခန်းထဲသို့ အနည်းဆုံး ဧည့်သည် နှစ်ယောက် ဝင်လာသံကို ကြားရလေ၏။

ဧည့်သည် နှစ်ယောက်သည် စကားကို အတင်း လုပြောလျက် ရှိသဖြင့် ဝိုးတိုးဝါးတား ကြားရသော်လည်း အခန်းပေါက်သို့ ရောက်လာသည့် အခါတွင် သူတို့၏ စကား ပြောသံ ပီပီသသကြီး ကြားရလေ၏။

'မပြောပါနှင့် ဘိုးဘိုးရယ်၊ ကျွန်မ တောင်းပန်ပါတယ်၊ ဘိုးဘိုး ပြောလိုက်ရင် မစွတာ ဟုမ်းက ဘိုးဘိုးကို သိပ်အတယ်လို့ ထင်သွားပါလိမ့်မယ်'

အသံကို နှိမ့်ပြောခြင်း ဖြစ်သည့်တိုင် ကျွန်ုပ်တို့ နေရာမှ ကောင်းစွာ ကြားနေရလေ၏။

'ငါ ဒီလောက် မအပါဘူးအေ၊ အသာ နေစမ်းပါ၊ ညည်း ဝင် မရှုပ်စမ်းပါနှင့်၊ အမှန်ကတော့ မနေ့ မနက်ကတည်းက ပြောချင်နေတာ၊ ငါကတော့ ပြောရမှာပဲ၊ ညည်း နားမထောင်ချင် နေပေါ့' ဟု ဒေါသတကြီးဖြင့် ပြောနေသံကို ကြားရလေ၏။

'ဘိုးဘိုးရယ်၊ ဒီ ဘယာနက ပြခန်းကြီးက ကြောက်စရာကြီးပါ၊ ဘိုးဘိုး ကော မကြောက်ဘူးလားဟင်'

'ငါ့မြေးရယ်၊ အဘိုး အသက် ခုနစ်ဆယ့်လေးနှစ် ရှိပါပြီ၊ ဘာ ကြောက်စရာ ရှိသလဲ၊ ဒါတွေက ဖယောင်းရုပ်တွေပဲဟာ၊ အဘိုး ညစောင့် လုပ်လာတာ ပြတိုက်သစ်ကြီးကို မပြောင်းခင် အဟောင်းမှာကတည်းက လုပ်လာတာပဲ၊ ခု ဘေကာလမ်းကို လာရတယ် အထိ ဆိုတော့ အဘိုး ရှက်လွန်းလို့'

ဧည့်သည်များသည် အခန်းဝတွင် ရပ်တန့်သွားကြလေ၏။ အဘိုးကြီးမှာ မိုးရေတို့ စိုရွှဲလျက် ရှိသည့် အညိုရောင် ဂရိတ် ကုတ်အင်္ကျီကြီးနှင့် သိုးကျောင်းသားများ ဝတ်လေ့ ရှိသည့် ဘောင်းဘီပွကြီးကို ဝတ်ထားပြီး ကြုံ့ခိုင်သော မျက်နှာ၊ ကြုံ့ခိုင်သော ကိုယ်လုံးကိုယ်ပေါက်နှင့် တကွ ဆွတ်ဆွတ် ဖြူဖွေးလျက် ရှိသော ဆံပင်တို့ဖြင့် ကျန်းမာ တောင့်တင်းသည့် အဘိုးကြီး တစ်ယောက် ဖြစ်လေ၏။ မိန်းမပျိုမှာကား သူနှင့် လုံးဝ ခြားနားလျက် ရှိလေ၏။ မိန်းမပျိုမှာ သွယ်သွယ်နွဲ့နွဲ့၊ ဆံပင် ကောင်းကောင်း၊ မျက်လုံး ပြာပြာ၊ မျက်ခုံး ထူထူနှင့် ဖြစ်ပြီးလျှင် အနက်ရောင် မြက်ဦးထုပ်၊ ခါးနှင့် လည်ပင်းတို့တွင် အဖြူရောင် ဇာနား တပ်ထားသည့် အပြာရောင် အင်္ကျီတို့ကို ဝတ်ဆင်ထားလေ၏။



mgyoe.com

mgyoe.com
SAMPLE BOOK

ထိုမိန်းမပျို၏ အမူအရာထဲတွင် ဣန္ဒြေ ရှိခြင်းနှင့် ကြောက်ရွံ့ခြင်းတို့ ရောနှော ပေါ်လျက် ရှိသည်ကို မြင်ရလေ၏။ လက်ချောင်းကလေးများမှာလည်း တုန်ယင်လျက် ရှိလေ၏။ မိန်းမပျိုသည် ကျွန်ုပ်တို့ နှစ်ယောက်ကို ခွဲခြား သိဟန် ရှိပြီး ယခုကဲ့သို့ အချိန်မတော် လာရောက်ရသည့် အတွက် ခွင့်လွှတ်ပါရန် ပြော ဆိုခြင်း ပြုလေ၏။

'ကျွန် ··· ကျွန်မ နာမည်က အယ်လီနာ ဘက်စတားပါရှင်၊ ဟောဒီက ကျွန်မ အဘိုးကတော့ မာရယ်လုန်းလမ်းက မဒမ် တော်ပင်ရဲ့ ဖယောင်း ပြတိုက် က ညစောင့်ပါ' ဟု ပြောရာမှ 'အို စုံထောက်ကြီး ခြေထောက်က ဘာများ ဖြစ်လို့ပါလိမ့်ရှင်' ဟု ပြောလိုက်လေ၏။

'ကျုပ် ခြေထောက်က ဒဏ်ရာက အသေးအဖွဲပါဗျာ၊ ကိစ္စ မရှိပါဘူး၊ ကဲ ဗာမကြီးရဲ့ အဘိုးရော ထိုင်ကြဗျာ၊ အိုင်ဆေးရေ၊ မရှိမသေဗျာ၊ ဧည့်သည် တွေရဲ့ ကုတ်အင်္ကျီတွေနှင့် ထီးတွေကို လှမ်းယူလိုက်ပါ၊ ကျုပ် ရှေ့မှာ ထိုင်ဗျာ၊ ကျုပ်ကတော့ ခြေထောက်မှာ ပတ်တီးကြီး စည်းထားရလို့ ဒီအတိုင်းပဲ နေပါရစေ၊ ကဲ အကြောင်းကို ဆိုစမ်းပါဦး'

မစ္စ ဘက်စတားသည် အဘိုးကြီး၏ စကားများကြောင့် စိတ် မသက် မသာ ဖြစ်လာခဲ့ရဟန်ဖြင့် စားပွဲကလေးကို စူးစိုက်ကြည့်လျက် ရှိရာမှ ရှားလော့ ဟုမ်းက သူ့အား စိုက်ကြည့်လျက် ရှိခြင်းကို သိလိုက်သည့် အခါတွင် မျက်နှာ နီရဲလျက် ရုတ်တရက် သတိ ရလာဟန်ဖြင့်

'မဒမ် တော်ပင်ရဲ့ ဖယောင်း ပြတိုက် အကြောင်းကို စုံထောက်ကြီး သိပါ လိမ့်မယ် ထင်ပါရဲ့ရှင်'

'ဒီလောက် နာမည်ကြီးတဲ့ ပြတိုက်ကို မသိဘဲ နေပါ့မလားဗျာ'

မစ္စ ဘက်စတားသည် စကား မှားသွားပြီကို သိလိုက်သည့် အတွက် မျက်နှာ နီရဲလျက်က

'ခွင့်လွှတ်ပါရှင်၊ ကျွန်မ ပြောတာက အဲဒီ ပြတိုက်ကို စုံထောက်ကြီး ရောက်ဖူးလိမ့်မယ် ထင်တယ်လို့ ပြောတာပါ'

'အင်း၊ ဒီနေရာမှာတော့ ကျုပ်က အင်္ဂလိပ် တော်တော် ပီသသွားပြီဗျ၊ အင်္ဂလိပ် ဆိုတဲ့ လူမျိုးက အဝေးကြီးက ခပ်ဆန်းဆန်း နေရာ ဆိုရင် အသက် အသေခံပြီး မရောက်ရောက်အောင် သွားတယ်၊ ဒါပေမဲ့ ကိုယ့် အိမ်နားမှာ ဆိုရင် တော့ ဘယ်လောက်ပဲ ဆန်းဆန်း သွားကြည့်ဖြစ်တာ မဟုတ်ဘူး၊ အိုင်ဆေး ဝပ်ဆင်၊ ခင်ဗျားကော မဒမ် တော်ပင်ရဲ့ ပြတိုက်ကို သွားကြည့်ဖူးသလား'

mgyoe.com

mgyoe.com SAMPLE BOOK

'မရောက်ဖူးဘူးဗျ၊ အဲဒီ ပြတိုက်မှာ ရှိတဲ့ ဘယာနက ပြခန်း အကြောင်းကိုတော့ ပြောသံ ကြားဖူးသဗျ၊ အဲဒီ အခန်းထဲမှာ တစ်ည အိပ်ရဲတဲ့ လူကို ဆုပေးမယ်လို့ ပြတိုက် ကော်မတီက ကြေငြာထားပါကောလား'

ဆရာဝန် မျက်စိနှင့် ကြည့်လျှင် ရောဂါ ဝေဒနာ တစ်ခုခုကို ခံစားနေဟန်ရှိသည့် တစ်ယူသန် အဘိုးကြီးသည် နေရာတွင် ဝင်ထိုင်လိုက်ရင်း အသံ အက်အက်ဖြင့် ရယ်လိုက်လျက်

'အလကားဟာတွေပါဗျာ၊ ဒါတွေကို ကိုရင်တို့ ယုံမနေစမ်းပါနှင့်'

'ဒါဖြင့် ကျွန်တော်တို့ ကြားတာတွေ မဟုတ်ဘူးပေါ့'

'ကြံကြီးစည်ရာဗျာ၊ ဝင်ချင်ပါတယ် ဆိုတောင် အဲဒီ အခန်းထဲကို မဝင်ရပါဘူး၊ အထဲမှာ ဆေးလိပ်တို့ ဘာတို့ သောက်ရင် မီးလောင်မှာ စိုးလို့ ဘယ်သူ့ကိုမှ ဝင်ခွင့် မပေးဘူးဗျ'

'ဒါဖြင့် ဘကြီးက အဲဒီ ပြခန်းထဲကို ဝင်ဖူးတယ်ပေါ့၊ မကြောက်ဘူးပေါ့'

'ဟာ ဘာကြောက်စရာ ရှိသလဲဗျ၊ အဲဒီ ပြခန်းထဲမှာ လွန်ခဲ့တဲ့ ဆယ့်တစ်နှစ်လောက်က ကြိုးပေးခံသွားရတဲ့ ရာဇဝင် လူဆိုး ချာလီ ပိစ်ရဲ့ ပုံတူရော၊ သူ့ကို ကြိုးပေးခဲ့တဲ့ မားဝုဒ်ရဲ့ ပုံတူရော အားလုံး ရှိတယ်ဗျ၊ အံ့မယ် ပုံထဲမှာတော့ သူတို့ နှစ်ယောက်က ပလဲနံပသင့်လို့ဗျ၊ အေးလေ ဒါကတော့ ရုပ်တု ပြတိုက်ကိုး၊ အရုပ်တွေ ဆိုတော့ ကြိုက်သလို ထုထားရင် ဖြစ်တာပေါ့၊ ဒါပေမဲ့ ကျုပ်အဖို့ ထူးဆန်းနေတာ တစ်ချက် ရှိတယ်ဗျ၊ အဲဒီထဲက ဖယောင်းပုံတွေက ဖဲကစားတယ် ခင်ဗျ'

မိုးပေါက်များသည် မှန်ပြတင်းကို ပက်ဖျန်းလျက် ရှိလေ၏။ ရှားလော့ဟုမ်းသည် ရှေ့သို့ တိုးလိုက်လျက်

'ဗျာ ဘာဖြစ်တယ်၊ ဖယောင်း ရုပ်တုတွေက ဖဲကစားတယ် ဟုတ်စ'

'ဟုတ်ပါ့ဗျာ၊ ဘကြီးတို့က မမှန်တာ ဘယ်ပြောလိမ့်မတုံး'

'အဲဒီထဲက ဖယောင်း ရုပ်တု အားလုံး ဖဲကစားတာလား၊ တချို့တလေကတွင် ကစားတာလား'

'နှစ်ရုပ်တည်း ကစားတာဗျ'

'ဘကြီးက ဘယ်လိုလုပ်ပြီး သိသလဲ၊ ဘကြီး ကိုယ်တိုင် မြင်ရလို့လား'

'ကိုယ်တိုင်တော့ မမြင်ရပါဘူးလေ၊ ဒါပေမဲ့ အဲဒီ ဖယောင်းရုပ် တစ်ရုပ်က လက်ထဲက ဖဲချပ်တွေကို လွှတ်ချထားတယ်ဗျ၊ ပြီးတော့ စားပွဲပေါ်မှာလည်း

mgyoe.com

mgyoe.com SAMPLE BOOK

ဖဲတွေ ပွလို့ ဆိုတော့ ဒီဖယောင်းရုပ် နှစ်ရုပ်ဟာ ဖဲကစားတာပဲ ဖြစ်ရတော့မှာ ပေါ့၊ စုံထောက်ကြီး နားရှင်းအောင် ကျုပ် သေသေချာချာ ပြောပြမယ်လေ'

'ဟုတ်ကဲ့၊ ပြောစမ်းပါဦး ခင်ဗျာ'

'ညည ဆိုရင် ကျုပ်က ဘယာနက ပြခန်းကို တစ်ပတ် နှစ်ပတ်လောက် ပဲ လျှောက်ကြည့်တယ်ဗျ၊ အခန်းကြီးက ကျယ်က ကျယ်ပါဘိသနှင့်၊ မီးရောင် ကလည်း မှိန်မှိန်ကလေး ထွန်းထားတယ်၊ တစ်ညလုံးမှ တစ်ခေါက် နှစ်ခေါက်ပဲ လျှောက်ကြည့်တာက တခြားကြောင့်တော့ မဟုတ်ပါဘူး၊ ကျုပ်က အဆစ်အမြစ် ကိုက်တဲ့ ရောဂါ ရှိတော့ တယ်ပြီး လမ်းလျှောက်လို့ မကောင်းလို့ပါ၊ လမ်း များ များ လျှောက်ရင် တယ်ဆိုးတာကိုး'

'သြော်၊ ဖြစ်မှ ဖြစ်ရလေ ခင်ဗျာ' ဟု ရှားလော့ဟုမ်းက သနား ကရုဏာ သက်ဟန်ဖြင့် ပြောပြီးနောက် ဆေးတံသောက်ဆေးဘူးကို အဘိုးကြီး ရှေ့သို့ တိုး ပေးလိုက်လေ၏။

'တစ်ခုတော့ ရှိပါတယ်လေ၊ ဟောဒီက ကျုပ် မြေးမကလေးက အလိုက် သိရှာပါတယ်၊ ကျုပ် ဒူလာ ရောဂါ ထပြီ ဆိုရင် (အဲ ရောဂါ ထတာကလည်း တစ်ပတ်ကို ခုနစ်ရက်လောက်ဗျ၊) မြေးမကလေးက စောစော ထပြီး မနက် ခုနစ် နာရီ အရောက် ကျုပ် ညစောင့် လုပ်တဲ့ ပြတိုက်ကို လာကြိုပြီး ကျုပ်ကို ရထား ပေါ် တင်ပေးတယ်ဗျ၊ ခုနစ်နာရီ ဆိုရင် ကျုပ် ဂျူတီ ပြီးပြီကိုး။

'ဒီနေ့ ညကျတော့ မြေးမကလေးက ကျုပ် အတွက် စိတ်ပူလေတော့ (အင်းလေ၊ ပူမယ် ဆိုရင်လည်း ပူစရာပေါ့၊) လွန်ခဲ့တဲ့ တစ်နာရီလောက်ကပဲ ကျုပ်နှင့် ဂျူတီချင်း လဲရမယ့် ရောဘတ် ဆိုတဲ့ ကောင်လေးနှင့် ရောက်လာ တယ်ဗျ၊ ရောဘတ်က ကျုပ်ဆီက ဂျူတီ ပြောင်းယူတော့ ''ဒီနားတစ်ဝိုက်မှာ စုံထောက်ကြီး မစ္စတာ ဟုမ်း နေတယ်လို့ ကြားတယ်၊ မနေ့ညက ဖယောင်းရုပ် တွေ ဖဲကစားတဲ့ အကြောင်းကို ငါ သွားပြောချင်တယ်'' လို့ ပြောတာနှင့် ခု မြေး အဘိုး နှစ်ယောက် ရောက်လာတာပဲဗျ'

ရှားလော့ဟုမ်းက ခေါင်းညိတ်လိုက်ရင်း

'ဟုတ်ကဲ့ နားလည်ပါပြီ ခင်ဗျာ၊ ဘကြီး ပြောတာ မနေ့ညက တွေ့ခဲ့ တာနော်'

'ဟုတ်ပါ့ဗျာ၊ ဘယာနက ပြခန်း အကြောင်းကို စုံထောက်ကြီး သိအောင် ပြောထားရဦးမယ်၊ ပြခန်းမှာ သံလှောင်အိမ်ကလေးတွေ ရှိတယ်ဗျ၊ သံတိုင်တွေ စိုက်ပြီး တစ်ခန်းစီ သတ်သတ် ကာထားတယ်၊ ရှေ့မှာ သံဝရန်တာတွေ ကာထား

mgyoe.com

mgyoe.com SAMPLE BOOK

တဲ့ အတွက် အဲဒီ အခန်းကလေးတွေထဲကို ဘယ်သူမှ ဝင်လို့ မရဘူး၊ တစ်ခန်း တစ်ခန်းမှာ ဖယောင်းရုပ် တစ်ရုပ်စီ ရှိတယ်၊ တစ်နေရာမှာ ရာဇဝတ်မှု သမိုင်း ဆိုတဲ့ အခန်းကလေး တစ်ခန်း ရှိတယ်။

'ရာဇဝတ်မှု သမိုင်း ဆိုတာက အပေါင်းအသင်း မှားလို့ ပျက်စီးသွားတဲ့ မျိုးကောင်းရိုးကောင်းထဲက သူတစ်ယောက် အကြောင်း ဆိုပါတော့ဗျာ၊ လူကြီး လူကောင်းမှ တကယ့် လူကြီး လူကောင်း ခင်ဗျ၊ ဒါပေမဲ့ အပေါင်းအသင်း မှား သွားတဲ့ အတွက် လောင်းကစား ဝါသနာ ပါသွားပြီး ရှုံးသွားတယ်၊ ပြီးတော့ သူ့ကို ဖဲလိမ်ရိုက်တဲ့ လူကြီးကို သတ်ပစ်လိုက်တယ်၊ နောက်ကျတော့ သူလည်း ကြိုးဒဏ် ကျသွားတယ်၊ ဟိုဒင်း လူမှုရေး သင်ခန်း ...'

'လူမှုရေး သင်ခန်းစာ တစ်ခုခု ဆိုပါတော့ဗျာ၊ အိုင်ဆေး ဝပ်ဆင် မှတ် ထား လိုက်စမ်းဗျို့၊ ပြီးတော့ကော ဆိုပါဦး'

'ခုကိစ္စ ဖြစ်တာက အဲဒီ ပြခန်းကလေးထဲမှာ ဖြစ်တာ ခင်ဗျ၊ အဲဒီ အခန်း ထဲမှာ ဖဲလိမ်ရိုက်တဲ့ လူကြီးနှင့် ကြိုးဒဏ် ကျသွားတဲ့ လူငယ်ကလေးရဲ့ ဖယောင်း ရုပ် နှစ်ခုကို ပြထားတယ်၊ သူတို့ အခန်းထဲမှာ စားပွဲ တစ်ချပ် ခင်းထားပြီး စားပွဲ ပေါ်မှာ ရွှေဒင်္ဂါးပြားတွေ ချထားပြီး ဖဲရိုက်နေကြတဲ့ ပုံသဏ္ဌာန် ပြထားတယ်၊ စားပွဲပေါ်မှာ ပြထားတဲ့ ရွှေဒင်္ဂါးတွေကတော့ တကယ် အစစ်တွေ မဟုတ်ဘူးပေါ့ ဗျာ၊ သူတို့ခေတ်တုန်းကတော့ ရွှေဒင်္ဂါးတွေကို ခြေအိတ်ရှည်ကြီးတွေ ဆာပါ အိတ်ကြီးတွေနှင့် ထည့်တဲ့ ခေတ်ကို ခင်ဗျ'

'ဆယ့်ရှစ်ရာစု အဝတ်အစားတွေ ဆိုပါစို့ဗျာ'

'ဟုတ်ပါ့ ခင်ဗျာ၊ အဲဒီ ဖယောင်း ပြတိုက်ခန်းမှာ လူငယ်ကလေးရဲ့ အရုပ်က အတွင်းဘက်က ခင်ဗျ၊ အတွင်းဘက် ဆိုတော့ ကြည့်တဲ့ လူနှင့် မျက် နှာချင်းဆိုင်ပေါ့လေ၊ အဘိုးကြီးကတော့ ကြည့်တဲ့ လူကို ကျောပေးလို့ ခင်ဗျ၊ ကျော ပေးထားတော့ သူ့ လက်ထဲက ဖဲတွေကို ကျွန်တော်တို့ အပြင်က ရပ် ကြည့်တဲ့ လူက ကောင်းကောင်း မြင်ရတာပေါ့။

'အဲ မှတ်မှတ်ရရ မနေ့ညတုန်းကတော့ (မနေ့ညတုန်းကနော် စုံထောက် ကြီး) သေသေချာချာ မှတ်ထားပါ၊ ခု မနက် လင်းတော့မှာ ခင်ဗျ၊ ဒါကြောင့် မနေ့ညက ဆိုတာ လွန်ခဲ့တဲ့ တစ်ညကို ပြောတာ၊ အဲ အဲဒီ ညကတော့ ကျွန်တော် လည်း အဲဒီ ပြခန်းနားက ဖြတ်ပြီး လျှောက်လာခဲ့တယ်၊ ဘာမှ ထူးထူးထွေထွေ တော့ သတိ မထားခဲ့မိဘူးပေါ့၊ ဒါနှင့် ပြတိုက်ခန်းတွေထဲ လျှောက်ကြည့်ရင်း တစ်နာရီလောက် ကြာတော့ ခုတွင်က ကျွန်တော် ကြည့်ခဲ့တဲ့ ကစားသမား နှစ်

mgyoe.com

mgyoe.com SAMPLE BOOK

ယောက်ရဲ့ အခန်းမှာ ဘာများ ဖြစ်နေပါလိမ့်မလဲလို့ အလိုလို စိတ်ထဲမှာ ထင့်ခနဲ ဖြစ်လာတယ်၊ ဒီပြခန်းတွေကို ကျွန်တော် ညတိုင်း လျှောက်ကြည့်နေရလေတော့ ကျွန်တော့် စိတ်ထဲမှာ အလိုလို သိလိုက်တာပဲလို့ ထင်တာပဲဗျာ၊ ဒီလို ထူးခြားတာကို ကျွန်တော် တစ်ယောက်လောက်ပဲ သိမယ် ထင်တာပဲ၊ ဒါနှင့် စိတ်ထဲမှာ တထင့်ထင့် ဖြစ်နေတာနှင့် အဲဒီ ပြခန်းဘက်ကို ဆင်းလာခဲ့တယ်။

'ဆင်းလာတော့မှ သောက်ကျိုးနည်း တကယ့်ဟာကို သွားတွေ့တာကိုးဗျ၊ ဖဲလိမ်ရိုက်တဲ့ အဘိုးကြီးရဲ့ လက်ထဲမှာ စောစောတုန်းကလို ဖဲချပ် အပြည့် မရှိတော့ဘူး ခင်ဗျ၊ ဖဲချပ်တွေ ပျောက်နေတယ်၊ သူက ကြည့်တဲ့ လူကို ကျောပေးနေတော့ သူ့ လက်ထဲက ဖဲတွေကို အကုန် မြင်နေရတာကိုး၊ ဖဲတွေကို အောက်ကိုပဲ ချလိုက်သလား ဒါမှမဟုတ် လိမ်ပြီး ရိုက်သလား ဆိုတာတော့ မပြောတတ်ဘူးပေါ့ဗျာ၊ ပြီးတော့ စားပွဲပေါ်မှာလည်း ဖဲချပ်တွေ ရှုပ်ပွလို့ ခင်ဗျ၊ မွှေထားတဲ့ လက္ခဏာပဲ။

'ကျုပ်က အတွေးအခေါ်တို့ ဘာတို့ သိပ်ရှိတာမှ မဟုတ်ဘဲကလားဗျာ၊ ရှိလည်း မရှိချင်ပါဘူး၊ ဒါပေမဲ့ မနက် ခုနစ်နာရီ ထိုးလို့ မြေးမကလေး အယ်လီလာခေါ်တဲ့ အခါကျတော့ ကျုပ်မှာ နဂိုက ဒူလာ ဖြစ်လို့ စိတ်ညစ်ရတဲ့ အထဲမှာ အဲဒီ ပြခန်းက မြင်ကွင်းကို မြင်ထားလိုက်တော့ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေတာပေါ့ ခင်ဗျာ၊ ဒါပေမဲ့ သူ့ကို ဘာမှ မပြောပါဘူး၊ ကိုယ် မျက်စိ မှားတာ ဖြစ်ချင် ဖြစ်မှာပါလေ ဆိုပြီး အသာပဲ နေလိုက်တယ်၊ အိပ်မက် မက်တာများလားလို့လည်း ကိုယ့်ဘာသာကိုယ် နဝေတိမ်တောင် ဖြစ်နေတယ်ဗျ၊ ဒါပေမဲ့ စုံထောက်ကြီးရေ၊ အိပ်မက် မက်တာ မဟုတ်ဘူးဗျ၊ တကယ် တကယ်၊ ဒီနေ့ညကျတော့လည်း အဲဒီလို ပြန်ဖြစ်နေတာ တွေ့ရတယ်။

'ကျွန်တော် မရူးဘူး ခင်ဗျ၊ ကျွန်တော် မြင်ခဲ့ရတာကို ပြောနေတာ၊ တစ်ယောက်ယောက် နှောက်သွားတာ၊ တစ်ယောက်ယောက်က ဖဲတွေ လဲပြီး စားပွဲပေါ်က ဖဲချပ်တွေကို မွှေနှောက်သွားတာ ဖြစ်ချင် ဖြစ်မှာပဲလို့ ပြောချင် ပြောမယ်၊ ဒါပေမဲ့ မဖြစ်နိုင်ဘူး ခင်ဗျ၊ နေ့လယ်မှာ ဘယ်သူမှ ဒီလို လုပ်လို့ မရဘူး၊ လုပ်ရင် လူတွေ မြင်ကုန်မှာပေါ့၊ သော့ ကောင်းကောင်း ပိတ်မရတဲ့ တံခါး တစ်ပေါက် ရှိလို့ ညတို့ ဘာတို့များ ဝင်လုပ်သလားလို့ မေးစရာ ရှိတယ်၊ ဒါလည်း မဖြစ်နိုင်ဘူး ခင်ဗျ၊ ဟိုတုန်းက ပြတိုက်ခန်းထဲ ပြထားတဲ့ အရုပ်တွေကို ကာလသားတွေ နှောက်ကြ ပြောင်ကြတာ ရှိပါတယ်၊ အန်း ဘုရင်မ ရုပ်တုကြီးကို နှုတ်ခမ်းမွေး တပ်ပေးသွားတာတို့ နပိုလီယန် ရုပ်တုကို မိန်းမဆောင်း ဦးထုပ်

mgyoe.com SAMPLE BOOK

ပြားကလေး ဆောင်းပေးသွားတာတို့ ရှိပါတယ်၊ ဒါပေမဲ့ အဲဒါက ကာလသား တွေ တမင် နောက်ကြ ပြောင်ကြတာ ခင်ဗျ၊ ခုဟာက အဲဒီလို နောက်ပြောင်တာ မျိုး မဟုတ်ဘူး၊ ခုလုပ်ထားပုံက ဘယ်သူမှတောင် သိတာ မဟုတ်ဘူး၊ သေသေ ချာချာ ကြည့်မှ သိတာ။

'ကျုပ် စဉ်းစားလို့ မရတာက ဒီဖယောင်းရုပ် နှစ်ခုထဲက ဖဲတွေကို ဘယ် သူ လာပြီး လဲပေးနေသလဲ၊ ဘာဖြစ်လို့လဲ ဆိုတာကို စဉ်းစားလို့ မရအောင် ဖြစ် နေတယ်'

ရှားလော့ဟုမ်းသည် အတန်ကြာမျှ တိတ်ဆိတ်လျက် ရှိလေ၏။ ထို့နောက် ပတ်တီး စည်းထားသော သူ့ခြေထောက်ကို လှမ်းကြည့်လိုက်ရင်း လေးနက်စွာဖြင့်

'ဦးကြီးရယ်၊ စောစောက ပြောပါတော့၊ ဘာဖြစ်လို့ ခုမှ ပြောနေရတာ လဲ၊ အဲဒီ ပြခန်းကို ကျွန်တော် လိုက်ကြည့်ချင်တယ်'

အယ်လီနာ ဘက်စတားက အလန့်တကြားဖြင့်

'စုံထောက်ကြီးရယ်၊ အဘိုး ပြောတာကို ဒီလောက် အရေးတကြီး ထား မနေပါနှင့်'

'ဦးကြီးကို တစ်ခု မေးစမ်းပါရစေဦးဗျာ၊ အဲဒီ ဖယောင်းရုပ် နှစ်ရုပ် ကစားနေတာ ဘာ ဖဲကစားနည်းလဲ'

'ဒါတော့ ကျွန်တော်လည်း ကောင်းကောင်း မသိဘူးဗျ၊ ပြတိုက်ကို ကျုပ် ရောက်ကတည်းက ဘာဖဲကစားနည်းလဲလို့ ကြည့်နေတာပဲ၊ ပိုကာလား၊ ဖဲကက် လား၊ ပွဲ့ငါ့တူ တွဲတာလားတော့ မသိဘူး ခင်ဗျ'

'အပြင်ကို ကျောပေးနေတဲ့ အဘိုးကြီးရဲ့ လက်ထဲမှာ ရှိရမယ့် ဖဲချပ် ထက် နည်းနေတယ်လို့ ဦးကြီး ပြောသွားခဲ့တယ်၊ သူ့လက်ထဲမှာ ဖဲ ဘယ်နှချပ် ကျန်သေးသလဲ'

'ခင်ဗျာ'

'ဦးကြီး သတိ မထားခဲ့မိဘူးပေါ့၊ ကျွတ် ကျွတ်၊ အဲဒါ အရေးကြီးဆုံး အချက်ဗျ၊ ကဲ ဒီတော့ နောက်ထပ် အရေးကြီးတဲ့ မေးခွန်း တစ်ခုကို မေးဦးမယ်၊ သေသေချာချာ စဉ်းစားပြီး ဖြေနော်၊ ဒီဖယောင်းရုပ် နှစ်ရုပ်ဟာ တကယ် ဖဲကစား နေကြသလား'

'အိုင်ဆေး၊ ဟုမ်း၊ ခင်ဗျား'

ရှားလော့ဟုမ်းက ကျွန်ုပ်ကို လှမ်းကြည့်လိုက်သဖြင့် ကျွန်ုပ်မှာ စကား ကို ဆုံးအောင် မပြောနိုင်ဘဲ ရပ်သွားလေ၏။



mgyoe.com

mgyoe.com SAMPLE BOOK

'ဦးကြီး ပြောတဲ့ အတိုင်း ဆိုရင် စားပွဲပေါ်မှာ ရှိတဲ့ ဖဲချပ်တွေဟာ နေရာ ရွှေ့နေတယ်၊ အနည်းဆုံး အနေအထား ပျက်နေတယ်လို့ ဦးကြီး ပြောသွားခဲ့ တယ်၊ ဒီတော့ စားပွဲပေါ်မှာ ရှိတဲ့ ရွှေဒင်္ဂါးတွေရော နေရာ အပြောင်း အရွှေ့ ရှိ သေးသလား'

'နေဦး ခင်ဗျ၊ စဉ်းစားကြည့်ဦးမယ်' ဟု ဆိုကာ မစ္စတာ ဘက်စတား သည် အတန်ကြာမျှ စဉ်းစားလျက် ရှိလေ၏။ အတန်ကြာမှ

'နေရာ မရွှေ့ဘူး ခင်ဗျ၊ သူတို့ကတော့ ဒီအတိုင်းပဲ၊ တော်တော်တော့ ရယ်စရာ ကောင်းတယ်ဗျာ'

ရှားလော့ဟုမ်း၏ မျက်လုံးများသည် တလက်လက် တောက်ပလာကြ လေ၏။ ထို့နောက် လက်ဖျားချင်း ပွတ်သပ်လျက် ရှိလေ၏။

'အင်း စဉ်းစားစရာတွေတော့ အပုံကြီးပဲဗျို့၊ ခုလောလောဆယ် ကျုပ်မှာ အမှုရယ်လို့ ကြီးကြီးမားမား မရှိတော့ အတော်ပဲ၊ ဒီအမှုကို သေသေချာချာ လိုက် ကိုင်ဖို့ အခွင့်အရေး ရသွားတာပေါ့၊ ရှိတဲ့ အမှုကလည်း ပျင်းစရာကြီး၊ ဆာ ဂျားဗေ့စ်နှင့် လော့ဒ် ဟိုဗေးတို့ အမှုပဲ၊ အလို ကလေးမ ဘာဖြစ်သွားတာလဲ'

ထိုအချိန်၌ မတ်တတ် ရပ်လျက်သား ဖြစ်နေသော အယ်လီနာ ဘက် စတားသည် ရှားလော့ဟုမ်းအား အလန့်တကြား ကြည့်လျက် ရှိလေ၏။

'လော့ဒ် ဟိုဗေးလို့ ပြောလိုက်သလားလို့ပါရှင်'

'ဟုတ်တယ်ဗျ၊ နေစမ်းပါဦး၊ ဒီနာမည်က သူငယ်မနှင့် ဘယ်လိုများ ပတ်သက်နေလို့လဲ'

'ဪ ကျွန်မ အလုပ်ရှင်မို့လို့ပါရှင်'

'အလို ဟုတ်လား၊ အင်း သူငယ်မက လက်နှိပ်စက် ရိုက်ရတယ် ထင် တယ်၊ မင်း လက်ကောက်ဝတ် အထက်နားက အင်္ကျီ လက်ဖျားမှာ အရာကြီး ထင်နေတယ်၊ လက်နှိပ်စက် စာရေးမများမှာ လက်ကို စားပွဲခွန်းမှာ တင်ပြီး ဖိ ထားလို့ ထင်နေတာ၊ ဒါဖြင့် ကျုပ် တူမကြီးက လော့ဒ် ဟိုဗေးနှင့် သိတယ် ဆို ပါတော့'

'ကျွန်မက ပတ်လိန်းမှာ ရှိတဲ့ သူ့ အိမ်မှာ လက်နှိပ်စက် ရိုက်ရပါတယ် ရှင်၊ ဒါပေမဲ့ လော့ဒ် ဟိုဗေးကိုတော့ သိပ် မတွေ့ရပါဘူး၊ တစ်ခါတလေမှပဲ တွေ့ရတတ်ပါတယ်၊ ကျွန်မတို့က သာမန် လက်နှိပ်စက် စာရေးမကလေး ဆို တော့'

'အင်း၊ ဟုတ်တာပေါ့ဗျာ၊ ဒီတစ်ချက်တော့ တော်တော်လေး နာသွား



mgyoe.com

mgyoe.com SAMPLE BOOK

တယ်၊ ထားပါတော့လေ၊ ရနိုင်သလောက်က စပြီး လုပ်ရမှာပေါ့၊ အိုင်ဆေး ဝပ်ဆင်၊ ဒီ မိုးတွေ ဒီလေတွေထဲမှာ အပြင်ကို ထွက်နိုင်ပါ့မလား'

'ထွက်နိုင်ပါတယ်ဗျာ၊ ကိစ္စက'

'ဟောဒီ ဆိုဖာကြီးပေါ်မှာ ထိုင်နေရတာကို စိတ်ညစ်လှပြီဗျာ၊ ကျုပ်က လူမမာလို ဖြစ်နေတော့ ကျုပ် ကိုယ်စား ခင်ဗျားကိုပဲ လွှတ်ရတော့မှာပဲ၊ ကဲ တူမကြီးရေ၊ ဒုက္ခ ပေးတယ်လို့ မအောက်မေ့ပါနှင့်၊ ဟောဒီက ဒေါက်တာ ဝပ်ဆင်နှင့် အတူ ဘယာနက ခန်းဆောင်ကို တူမကြီး လိုက်သွားနိုင်ပါ့မလား၊ ဟုတ်ပြီဗျာ၊ ကျေးဇူးတင်လိုက်တာ'

'နို့ ဟိုရောက်တော့ ကျွန်တော်က ဘာလုပ်ရမှာတုံး'

'ကျုပ် စားပွဲ အံဆွဲထဲမှာ စာအိတ် တချို့ တွေ့လိမ့်မယ်ဗျ'

'တွေ့တယ်'

'အဲဒီ ပြခန်းထဲက ဖယောင်းရုပ် နှစ်ရုပ် လက်ထဲမှာ ကိုင်ထားတဲ့ ဖဲချပ်တွေကို ရေခဲ့စမ်းပါဗျာ၊ ပြီးတော့ သူတို့ လက်ထဲမှာ ကိုင်ထားတဲ့ ဖဲချပ် အစီအစဉ်ကိုလည်း ဘယ်ကနေပြီး ညာ အထိ ကြည့်ခဲ့၊ ပြီးတော့ အဲဒီ ဖဲချပ်တွေကို စာအိတ် တစ်လုံးစီမှာ ထည့်ခဲ့၊ စာအိတ်တွေပေါ်မှာ ဘယ်စာအိတ်ကဖြင့် ဘယ်ဘက်လူရဲ့ ဖဲစဉ် ဆိုတာ သေသေချာချာ ရေးခဲ့နော်၊ ပြီးတာနှင့် တစ်ပြိုင်နက် အဲဒါတွေ ကျုပ်ဆီ ယူခဲ့'

'စုံထောက်ကြီး ခင်ဗျာ' ဟု ပြတိုက်စောင့် အဘိုးကြီးက လှမ်းပြောလိုက်သည်။

'နေဦးဗျာ ဦးကြီး၊ ခုလောလောဆယ်တော့ ကျွန်တော် ဘာမှ သိပ် မပြောချင်သေးဘူး၊ ကျွန်တော့် စိတ်ကူးနှင့် ကျွန်တော်တော့ ရှိပြီးသားပေါ့၊ ဒါပေမဲ့ ကျွန်တော့် စိတ်ကူး မှန် မမှန်ကို စမ်းသပ်ရာမှာ တော်တော် ကြီးမားတဲ့ အခက်အခဲကြီး တစ်ခု ရှိနေတယ်' ဟု ဆိုကာ ရှားလော့ဟုမ်းသည် မျက်မှောင် ကုတ်၍ စဉ်းစားနေလေ၏။ အတန်ကြာမှ

'အရေးအကြီးဆုံးကတော့ ဒီဖယောင်းရုပ် ပြခန်းမှာ ပြထားတဲ့ ရုပ်တု နှစ်ခု ကစားနေတဲ့ ဖဲကစားနည်းဟာ ဘာဖဲကစားနည်းလဲ ဆိုတာ သေသေချာချာ သိဖို့ လိုနေတယ်ဗျာ'

ကျွန်ုပ်သည် ပြတိုက်စောင့် အဘိုးကြီး ဆင်မျူရယ် ဘက်စတား၊ သူ့ မြေးမ အယ်လီနာ ဘက်စတားတို့နှင့် အတူ မိုးတဖွဲဖွဲ ရွာလျက် ရှိသော အမှောင်ထုကြီးထဲသို့ ထွက်လာခဲ့လေ၏။ မြေးမ ဖြစ်သူ အယ်လီနာ ဘက်စတား

mgyoe.com

mgyoe.com SAMPLE BOOK
က ကန့်ကွက်သည့် ကြားမှ နောက် ဆယ်မိနစ် အကြာတွင် ကျွန်ုပ်တို့သည် ဖဲကစားနေသည့် ဖယောင်းရုပ် နှစ်ရုပ် ထားရာ ပြခန်းကလေး ရှေ့တွင် ရပ်လျက် ရှိကြလေ၏။

ထိုပြခန်းသို့ ရောက်သည့်အခါ၌ ရောဗတ် ပါးစနစ် အမည်ရှိ သနရုပ်ပသူငယ်ကလေး တစ်ယောက်က ဖုန်တက်နေသည့် ကမ္ဘာလုံးပုံ မီးလုံးကြီးများထဲတွင် ရှိသည့် ဓာတ်ငွေ့ မီးကို ထွန်းပေးလေ၏။ ထိုသူငယ်ကလေးမှာ အယ်လီနှာဘက်စတားအား ပိုးပန်းနေဟန် ရှိပေ၏။ အခန်းထဲတွင် ဓာတ်ငွေ့မီး ထွန်းလိုက်သည့်တိုင် အခန်းမှာ မှောင်မြဲ မှောင်လျက် ရှိသဖြင့် ဖယောင်းရုပ်ကြီးများသည် မှုန်ရီရီ အလင်းရောင်ထဲတွင် ကြောက်မက်ဖွယ်ရာ အသွင်ကို ဆောင်လျက် ရှိကြကာ လာရောက် ကြည့်ရှုသူ အပေါင်းကို ခြောက်လှန့်နေသကဲ့သို့ ရှိပေ၏။

မဒမ် တော်ပင်၏ ဖယောင်းရုပ် ပြတိုက်ကို လူတိုင်း သိထားပြီးသားဖြစ်၍ ကျွန်ုပ် အကျယ်တဝင့် ဖော်ပြခြင်း မပြုတော့ပြီ။ သို့ရာတွင် ရာဇဝတ်မှုသမိုင်း ဟူသော အခန်းတွင် ပြထားသည့် ပြကွင်း ပြကွက်ကိုကား ကျွန်ုပ် စိတ်တွင် မေ့ပျောက်၍ မရနိုင်တော့ချေ။ ထိုပြခန်းတွင် ပြထားသည့် အရုပ်များမှာ အရွယ် ပမာဏအားဖြင့် လည်းကောင်း၊ အရောင်အသွေးအားဖြင့် လည်းကောင်း ဆယ့်ရှစ် ရာစုနှစ်တွင် ဝတ်ဆင်ခဲ့သော ဆံပင်တုများ၊ ဓားလွယ်များဖြင့် အကျအန ပြင်ဆင်ထားခြင်း ဖြစ်ပေရာ ရုတ်တရက် ကြည့်လိုက်လျှင် ပကတိ လူနှင့် ခွဲခြား၍ မရနိုင်အောင် ဖြစ်လျက် ရှိလေ၏။ အကယ်၍သာ ရှားလော့ဟုမ်းက သွားရောက် ကြည့်ရှုရန် စေခိုင်းခြင်း မပြုခဲ့လျှင် ကျွန်ုပ်သည် ထိုပြခန်းကို ကြည့်ရန် များစွာ ဝန်လေးမိပေလိမ့်မည်။

ပြခန်း ရှေ့ပိုင်းကို ကာထားသည့် သံလက်ရန်းကို ငုံ့ဝင်လိုက်သည်နှင့် ကျွန်ုပ် စိတ်ထဲတွင် ရွံရှာ စက်ဆုပ်သည့် စိတ်တို့သည် ချုပ်တည်း၍ မရအောင် ဘွားဘွား ပေါ်လာခဲ့လေပြီ။

'ဟဲ့ အယ်လီ၊ ဒီဖဲချပ်တွေ ဘာတွေကို သွားမကိုင်နှင့်နော်၊ အသာနေ' ဟု လှမ်းအော်လိုက်လေ၏။ မစ္စတာ ဘက်စတားမှာ ပြတိုက်ထဲသို့ ရောက်မှ ပို၍ စိတ်တိုကာ ပို၍ ဂနာမငြိမ် ဖြစ်နေဟန် ရှိလေ၏။ သို့ရာတွင် ကျွန်ုပ်ကို ပြောသည့်အခါတွင်မူ မစ္စတာ ဘက်စတား၏ အသံသည် ပျော့ပျောင်းသွားကာ

'ကြည့် ခင်ဗျ၊ ဟောဒီဘက်က ဖဲလိမ် ရိုက်တဲ့ အဘိုးကြီး လက်ထဲမှာ ဖဲချပ် ကိုးချပ်ပဲ ရှိတယ်၊ သူငယ်ကလေး လက်ထဲမှာ ဆယ့်ခြောက်ချပ် ရှိတယ်'

အယ်လီနှာ ဘက်စတားက ခပ်တိုးတိုးဖြင့်


mgyoe.com

mgyoe.com SAMPLE BOOK

'ဟော အဘိုး၊ ကြားလား၊ အပေါ်ထပ်က လမ်းလျှောက်နေတဲ့ ခြေသံကြားတယ်'

'အသာ နေစမ်းပါဟယ်၊ ရောဗတ် ပါးစနစ် ဆိုတဲ့ ကောင်လေးပါ၊ တခြား ဘယ်သူ ဖြစ်နိုင်မှာလဲ'

'ဦးကြီး ပြောတော့ စားပွဲပေါ်မှာ ဖဲတွေ ဖရိုဖရဲ ဖြစ်နေတယ်ဆို၊ ဦးကြီး ပြောသလောက် မဟုတ်ပါလား၊ ဟိုဘက်က သူငယ်ကလေးရှေ့ ဖဲပုံကဖြင့် ဘာမှ မဖြစ်ပါဘူးဗျာ၊ အားလုံး သပ်သပ်ရပ်ရပ်ပဲ၊ ဖဲဆယ့်နှစ်ချပ်က သူ့ တံတောင်ဆစ်နားမှာ' ,

'ဒီဘက်က အဘိုးကြီး လက်ထဲမှာက ဖဲ ကိုးချပ် ရှိတယ် ခင်ဗျ၊ ရယ်စရာ မကောင်းဘူးလား၊ သူတို့ ကစားတာက ဘယ့်နှယ်ကြီးလဲ'

သူ ပြောသည့် အတိုင်း ဖြစ်နေသည်ကို တွေ့ရသည့် အတွက် ကျွန်ုပ်က လည်း သဘောတူလိုက်၏။ ဖယောင်းရုပ်ကြီးများကို တို့ ကြည့်လိုက်သည်တွင် ကျွန်ုပ်မှာ ကြက်သီးတွေ ထသွားလေ၏။ ကျွန်ုပ်သည် ဖဲချပ်များကို မှတ်သားထား သော စာအိတ်များထဲသို့ ထည့်ကာ ပြခန်းမှ ခပ်သုတ်သုတ် ပြန်လာခဲ့လေ၏။ သူငယ်မကလေးတို့ မြေးအဘိုးကိုမူ အမူးသမား တစ်ယောက်ကို အိမ်ရှေ့တွင် ချပြီး ပြန်လာသည့် ရထား တစ်စင်းကို လှမ်းခေါ်လိုက်ပြီး သူတို့ အိမ်သို့ ပြန် အပို့ခိုင်းလိုက်လေ၏။ အဘိုးကြီးမှာ မပြန်သေးဟု အကျောက်အကန် ငြင်းနေ သည့် အတွက် မနည်းကြီး တိုက်တွန်းယူရလေ၏။

ကျွန်ုပ်တို့ နေထိုင်ရာ ဘေကာလမ်းရှိ နွေးထွေးသော အခန်းကလေးထဲသို့ ပြန်ရောက်သည့် အခါ၌ ကျွန်ုပ် ဝမ်းသာလိုက်ပုံမှာ ဆိုဖွယ် မရှိတော့ချေ။ သို့ရာ တွင် ရှားလော့ဟုမ်းမှာ ထိုင်ရာမှ ထနေသည်ကို တွေ့ရသည့် အတွက် ကျွန်ုပ်မှာ များစွာ စိတ်ပျက်သွားမိလေ၏။ ရှားလော့ဟုမ်းသည် ခုံစောင်းပေါ်ရှိ အစိမ်းရောင် အုပ်ဆောင်း အုပ်ထားသည့် မီးအိမ် ရှေ့တွင် ရပ်ကာ လက်ယာဘက် ချိုင်းအောက် တွင် ချိုင်းထောက် တစ်ခုကို အားပြု ထောက်ထားရင်း မြေပုံကြီး တစ်ချပ်ကို လှန်၍ ကြည့်ရှုလျက် ရှိလေ၏။

ကျွန်ုပ်က ခြေထောက် နာနေသည့် ကြားထဲက မတ်တတ် ရပ်ရပါမည် လောဟု ဆူပူ ကြိမ်းမောင်းခြင်း ပြုသည့် အခါတွင် ရှားလော့ဟုမ်းက

'နေစမ်းပါဦး၊ စာအိတ်တွေ ပါလာတယ် မဟုတ်လား၊ ဟုတ်ပြီဗျို့၊ ပေး စမ်း၊ ပေးစမ်း၊ ကျေးဇူးပဲဗျို့၊ အပြင်ဘက်ကို ကျောပေးနေတဲ့ အဘိုးကြီးရုပ် လက်ထဲမှာ ဖဲကိုးချပ် ကိုင်ထားတယ် မဟုတ်လား'



mgyoe.com

mgyoe.com SAMPLE BOOK

'ဗျို့ ဟုမ်း၊ ခင်ဗျား ဘယ့်နှယ်လုပ် သိသလဲ၊ ကျွန်တော်ဖြင့် အံ့ရော ဗျာ'

'စဉ်းစား ယူတာပေါ့ဗျ၊ ကဲ ဘယ်မှာလဲ ပြစမ်းပါဦး'

'ခဏလေးဗျာ၊ ကျွန်တော် မသွားခင်တုန်းက ချိုင်းထောက် တစ်ခုလောက် ရရင် ကောင်းမှာလို့ ခင်ဗျား ပြောခဲ့တယ်လေ၊ ခု ဒီလောက် အချိန်တိုကလေး အတွင်းမှာ ဒီချိုင်းထောက်ကို ဘယ်က ရတာလဲ၊ ချိုင်းထောက်က တော်တော် ကောင်းတဲ့ ချိုင်းထောက်ဗျ၊ သတ္တု အပေါ့စားနှင့် လုပ်ထားပုံ ရတယ်၊ မီးရောင်ထဲ မှာ လက်နေတာပဲ'

'ဟုတ်တယ်၊ ကျုပ်မှာ နဂိုကတည်းက ရှိတာပါ'

'အစက ရှိသလား'

'အလူမီနီယန်နှင့် လုပ်ထားတာဗျ၊ ခင်ဗျား ကျုပ်နှင့် အတူတူ လာမနေ ခင် အတူတူ လိုက်ခဲ့တဲ့ အမှု တစ်မှု အတွက် လက်ဆောင် ရထားတာ၊ ဒီ ချိုင်း ထောက် အကြောင်း ခင်ဗျားကို ပြောဖူးပါတယ်၊ ခင်ဗျား မေ့နေလို့ပါ၊ ကဲ ချိုင်း ထောက် ကိစ္စ အသာထားပြီး ဖဲချပ်တွေကို ပြစမ်းပါဦးဗျာ၊ ဟုတ်ပြီဗျို့ ဟန်ကျ လိုက်လေဗျာ'

ရှားလော့ဟုမ်းမှာ ကျွန်ုပ် ယူလာသည့် ဖဲချပ်များကို ကြည့်၍ ပီတိ ဖြစ် လျက် ရှိလေရာ ဂိုကွန်ဒါ ဘဏ္ဍာတိုက်ထဲမှ ကျောက်မျက် ရတနာများကို ကြည့် ရလျှင်ပင် ဤမျှလောက် ပီတိ သောမနဿ ဖြစ်လိမ့်မည် မထင်မိချေ။ ကျွန်ုပ် ကြားခဲ့ မြင်ခဲ့သည်တို့ကို ပြန်ပြောပြသည့် အခါတွင်မူ ရှားလော့ဟုမ်းမှာ အကြီး အကျယ် သဘောကျလျက် ရှိလေ၏။

'ဘာလဲဗျ၊ ခုထက်ထိ မရှင်းသေးဘူးလား၊ ကဲ ရော့ဗျာ၊ ဒီဖဲချပ် ကိုးချပ် ကို ယူပြီး ခုံစောင်းထဲမှာ အစီအစဉ်လိုက် ထည့်စမ်း၊ ထည့်ရင်း ဘယ်ဖဲလဲ ဆို တာကိုလည်း အစီအစဉ်လိုက် ပြော'

ကျွန်ုပ်က ဖဲချပ်ကို မီးရောင်တွင် ချကြည့်လိုက်ရင်း

'ဒိုင်ယာ မွန် ဂျက်ဗျ၊ ဟတ် ခုနစ်ဗျ၊ ကလပ် တစ်ဗျ၊ အလို'

'ဘာလဲဗျို့'

'ကလပ် တစ် နှစ်လုံး ပါနေတယ်ဗျ၊ ရှေ့နောက် ထပ်လို့'

'ဒါကြောင့် ဟန်ကျပြီလို့ ကျုပ် ပြောတာပေါ့၊ ခု ခင်ဗျား ပြောတာ ဖဲ လေးချပ်ပဲ ရှိသေးတယ်နော်၊ နောက်ထပ် ငါးချပ် ကျန်နေသေးတယ်၊ ဆက်ပြော စမ်းပါဦး'


mgyoe.com

mgyoe.com SAMPLE BOOK

'စပိတ် နှစ်ဗျ၊ ဟတ် တစ်ဆယ်ဗျ၊ ဟောဗျို့ ကလပ် တစ် တစ်ချပ် ပါလာပြန်ပြီ၊ ဒိုင်ယာမွန် ဂျက် နှစ်ချပ်လည်း ထပ်ပါလာပြန်ပြီ'

'ဒီတော့ ခင်ဗျား ဘယ်လို ကောက်ချက် ထုတ်ချင်သလဲ'

'အင်း ရေးရေးတော့ သဘောပေါက်သလို ရှိလာပြီဗျို့၊ မဒမ် တော်ပင်ရဲ့ ဖယောင်း ပြတိုက်ဟာ တကယ့် အပြင် ဘဝနှင့် တူအောင် အသေးစိတ် ပြသထားတဲ့ ပြတိုက်လို့ နာမည်ကြီးတယ်၊ ဒီတော့ အသက်ကြီးကြီး ဖယောင်းရုပ်ဟာ လူငယ်ကလေးကို ဖဲလိမ် ရိုက်ခဲ့တယ် မဟုတ်လား၊ ဒါကြောင့် ဖဲလိမ်တာကို သရုပ်ပေါ်အောင် ဖဲချပ်တွေကိုလည်း ဒီအတိုင်း ထည့်ထားတာလားမှ မသိတာ'

'ဖြစ်မှ ဖြစ်ရလေဗျာ၊ ကိုယ့်လူနှယ်၊ ဘယ် ဒီလောက် လုပ်ရဲပါ့မလဲ၊ ခင်ဗျား ကိုယ်တိုင်ပဲ ဖဲလိမ် ဝိဇ္ဇာ လုပ်ကြည့်စမ်းပါဦး၊ လက်ထဲမှာ ဒိုင်ယာမွန် ဂျက် သုံးလုံး၊ ကလပ် တစ် သုံးလုံးနှင့် ချပြီး ဒေါင်းရင် ဘယ်သူက ခံမှာတဲ့လဲ'

'အင်း ဒါတော့လည်း ဟုတ်တယ်၊ လုပ်ဖို့ သိပ်မလွယ်လှဘူး'

'နောက်တစ်ချက်၊ စားပွဲပေါ်မှာ ချထားတဲ့ ဖဲတွေနှင့် လက်ထဲမှာ ကိုင်ထားတဲ့ ဖဲချပ်တွေကို ရေကြည့်လိုက်စမ်း၊ ဖဲ ငါးဆယ့်ခြောက်ချပ် ဖြစ်နေတယ်၊ ကျုပ်တို့ ကစားရိုး ထုံးစံထက် လေးငါးချပ် ပိုနေတယ်'

'ဆိုစမ်းပါဦး၊ ဘာ့ကြောင့်လဲ၊ ကျွန်တော်တို့ ပြဿနာနှင့် ဘယ်လို ဆိုင်သလဲ'

ကျွန်ုပ်က စာအိတ်များကို ရှားလော့ဟုမ်းအား ပေးလိုက်စဉ် ရှားလော့ဟုမ်းသည် ခုံစောင်းပေါ်တွင် မြေပုံ စာရွက်ကြီးကို ဖွင့်လျက်သား ထားပစ်ခဲ့လေ၏။ ရှားလော့ဟုမ်းသည် ထိုမြေပုံ စာရွက်ကြီးကို လှမ်းယူလိုက်ပြီးနောက်

'သိမ်း မြစ်ဝရှိ ကျွန်းကလေး တစ်ကျွန်း ဖြစ်သော ...'

'နေစမ်းပါဦးဗျ၊ ကျွန်တော် မေးတာနှင့် ဒါနှင့် ဘာဆိုင်လို့လဲ၊ ကျွန်တော် မေးတာက ကျွန်တော်တို့ ပြဿနာရဲ့ အဖြေကို မေးတာ'

'အဲဒါ ကျုပ်တို့ ပြဿနာရဲ့ အဖြေပဲဗျ'

ကျွန်ုပ်သည် မိုးထဲ လေထဲကို သွားခဲ့ရသဖြင့် ပင်ပန်း လာသည့်တိုင် ကျွန်ုပ်အား အပေါ်ထပ်သို့ တက်၍ အိပ်ရန် အတင်း တိုက်တွန်းသည့် အခါတွင် အကျောက်အကန် ငြင်းနေမိလေ၏။ ကျွန်ုပ်သည် ထိုအဖြေကို မသိရမချင်း အိပ်ပျော်လိမ့်မည် မဟုတ်ဟု ကိုယ့်ကိုယ်ကိုယ် ထင်ခဲ့သော်လည်း အိပ်ရာပေါ် လှဲချလိုက်သည့် အခါတွင် နှစ်ခြိုက်စွာ အိပ်ပျော်သွားလေရာ နောက်တစ်နေ့ မနက် မနက်စာ စားရန် ဆင်းခဲ့သည့် အချိန်၌ကား ခုနစ်နာရီ ထိုးကာနီးနေလေပြီ။

mgyoe.com

mgyoe.com
SAMPLE BOOK

ရှားလော့ဟုမ်းမှာ မနက်စာ စားသောက်ပြီး၍ ဆိုဖာ တစ်လုံးပေါ်တွင် ထိုင်လျက် ရှိလေ၏။ ကျွန်ုပ်မှာ ရှားလော့ဟုမ်းနှင့် အလေးအနက် စကား ပြောဆိုလျက် ရှိသည့် မစ္စ အယ်လီနာ ဘက်စတားကို မြင်လိုက်သည့် အတွက် မှတ်ဆိတ်မွေး နှုတ်ခမ်းမွေးတို့ကို သပ်သပ်ရပ်ရပ် ရိတ်လာမိခဲ့သည်ကို ဝမ်းသာရ ပေသေး၏။ မစ္စ အယ်လီနာမှာ ခပ်စောစောက စိုးရိမ် ကြောက်လန့်နေဟန် ရှိသော်လည်း ရှားလော့ဟုမ်းနှင့် စကား ပြောဆိုပြီးသည့် နောက်တွင်မူ အနည်းငယ် စိတ်သက်သာရာ ရသွားဟန် ရှိလေ၏။

သို့တိုင်အောင် ကျွန်ုပ်က ဝက်ပေါင်ခြောက်နှင့် ကြက်ဥကို လှမ်းမှာလိုက်စဉ် ရှားလော့ဟုမ်း၏ မျက်နှာပေါ်မှ လေးနက်သည့် အမူအရာကို လှမ်းမြင်လိုက်ရလေ၏။ ရှားလော့ဟုမ်းက

'ကလေးမရေ၊ ကျုပ် တွေးလုံးနှင့် ကွဲလွဲတာကလေး နည်းနည်းပါးပါး ရှိနေပေမဲ့ ခုတော့ တော်တော် အရေးကြီးတဲ့ အခြေအနေကို ရောက်လာပြီဗျ၊ သို့သော်လည်း ဒီသတ္တဝါက ...'

ထိုအခိုက်တွင် ကျွန်ုပ်တို့ တံခါးသည် ဖြုန်းခနဲ ပွင့်လာလေ၏။ တိတိကျကျ ပြောရလျှင် တံခါးကို ခြေထောက်ဖြင့် ဝုန်းခနဲ ကန်၍ ဖွင့်လိုက်ခြင်း ဖြစ်ပေ၏။ သို့ရာတွင် တံခါးကို ကန်ဖွင့်၍ ဝင်လာသူသည် ခရာကြီး တစ်ခုကို ပြင်းထန်စွာ မှုတ်လိုက်သကဲ့သို့ တဟားဟား ကျယ်လောင်စွာ ရယ်မောလျက် ရှိသည့် အတွက် နောက်ပြောင် ကျီစယ်သည့် အနေဖြင့် ကန်ဖွင့်လိုက်ကြောင်း သိသာနိုင်ပေ၏။

တံခါးဝ၌ကား ကိုယ်လုံး ကိုယ်ပေါက် တောင့်တောင့်၊ မျက်နှာ နီနီ၊ တောက်ပ ပြောင်လက်သည့် ဦးထုပ်နှင့် ခါးပြတ် အင်္ကျီတွင် တပ်ထားသည့် စိန်ကြယ်သီးများနှင့် လည်စည်းတွင် တပ်ထားသည့် ပတ္တမြား ရင်ထိုးတို့ကို ပေါ်အောင် အဖိုးတန် ဖရော့ကုတ် အင်္ကျီကို ဝတ်ဆင်ထားသည့် လူရွယ် တစ်ယောက် ရပ်လျက် ရှိလေ၏။

ထိုလူမှာ ရှားလော့ဟုမ်းလောက် အရပ် မမြင့်သည့်တိုင် ရှားလော့ဟုမ်းထက် တောင့်တင်းပြီး တုတ်ခိုင်သော ခန္ဓာကိုယ် ရှိလေ၏။ သို့ရာတွင် ထိုသို့ဆိုလိုက်သဖြင့် ကျွန်ုပ်နှင့်လည်း လားလားမျှ မတူချေ။ ထိုလူ၏ တဟားဟား ရယ်သံသည် တစ်ခန်းလုံးတွင် ဟိန်းလျက် ရှိ၍ လက်ထဲတွင် သားရေအိတ် တစ်လုံးကို ကိုင်လှုပ်ပြလျက် ရှိစဉ် ကောက်ကျစ် သေးငယ်သည့် သူ့ မျက်လုံးများမှာလည်း တလက်လက် တောက်ပလျက် ရှိလေ၏။



mgyoe.com

mgyoe.com SAMPLE BOOK

'ဘယ်လိုလဲဗျ၊ ခင်ဗျားက စကော့တလန်ယာဒ် စုံထောက်လား၊ ဟုတ်လား၊ ရွှေဒင်္ဂါးပြား တစ်ထောင်တဲ့လား ဟုတ်စ'

ရှားလော့ဟုမ်းသည် အံ့အားသင့်သွားသော်လည်း ချက်ချင်း ဣန္ဒြေ ဆည်လိုက်ကာ

'ဆာ ဂျားဗေ့စ် ဒါလင်တန် မှတ်တယ် ခင်ဗျ'

ထိုလူသည် ကျွန်ုပ်ကိုသော် လည်းကောင်း၊ မစ္စ အယ်လီနာ ဘက်စတားကိုသော် လည်းကောင်း အနည်းငယ်မျှ ဂရုမစိုက်ဘဲ ရှားလော့ဟုမ်းဆီသို့ တည့်တည့်ကြီး လျှောက်သွားကာ ရွှေဒင်္ဂါးတွေ ထည့်ထားသော အိတ်ကို ရှားလော့ဟုမ်း၏ မျက်နှာ ရှေ့သို့ ထိုးပြ၍ တချွင်ချွင် မြည်အောင် လှုပ်လိုက်ပြီးနောက်

'ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော့် နာမည် ဆာ ဂျားဗေ့စ် ဒါလင်တန်ပါတဲ့ စုံထောက်ကြီး ခင်ဗျာ၊ မနေ့က လက်ဖွေ့ ထိုးတာကိုတော့ ကြည့်ခဲ့ပြီးပြီဗျ၊ မဆိုးပါဘူး၊ လက်ဖွေ့ သတ်တဲ့ ပညာဟာ တစ်နေ့မှာ တရားဝင် ဖြစ်လာတော့မှာပါဗျာ၊ အဲ တရားဝင် မဖြစ်သေးခင်မှာတော့ ကျုပ်တို့မှာ တိတ်တိတ်ပုန်း ကျိတ်ဝိုင်းကလေးတွေ လုပ်တန် လုပ်ရတာပေါ့၊ ဘယ်တတ်နိုင်ပါ့မလဲ'

ထိုလူသည် ကြောင်တစ်ကောင်ကဲ့သို့ ကိုယ်ခန္ဓာနှင့် မလိုက်အောင် သွက်လက် ပေါ့ပါးစွာဖြင့် ပြတင်းပေါက်ဆီသို့ သွားပြီး လမ်းထဲသို့ လှမ်းကြည့်လိုက်လေ၏။

'ဖိလီ ဘဲ့ ဆိုတဲ့ စုံထောက်စုတ်တော့ သေတော့မှာပဲ၊ လူတစ်ယောက် လွှတ်ပြီး ကျုပ် နောက်ကို အလိုက်ခိုင်းနေတာ ကြာလှပြီ၊ ကျုပ် စာတွေကို ရေနွေးနှင့် ကပ်ပြီး ဖောက်ဖတ်ဖို့ အတွက်လည်း အိမ်ကို သူ့လူ နှစ်ယောက် ရှေ့ဆင့် နောက်ဆင့် သွင်းပြီး အိမ်စေ လုပ်ခိုင်းထားသေးတယ်ဗျ၊ တော်တော်လည်း ဟုတ်တဲ့ လူတွေ'

ဆာ ဂျားဗေ့စ်သည် တဟားဟား ရယ်လျက် ရှိလေ၏။

ရှားလော့ဟုမ်း၏ မျက်နှာထားမှာ ပြောင်းသွားသည်ဟု ထင်ရလေ၏။ သို့ရာတွင် ဆာ ဂျားဗေ့စ် ဒါလင်တန်က ငွေအိတ်ကို ဆိုဖာပေါ်သို့ ပစ်တင်ပြီး ပြန်လှည့်သွားသည့် အခါ၌ ရှားလော့ဟုမ်းသည် ခါတိုင်းကဲ့သို့ အေးစက် တည်ငြိမ်၍ အကဲခတ်ရ ခက်သော အမူအရာသို့ ပြန်ပြောင်းသွားလေ၏။

'ကဲ စုံထောက်ကြီးရေ၊ ဒါတွေကို ယူထားလိုက်ဗျာ၊ ကျုပ် အတွက် အသုံး မလိုပါဘူး၊ နောက် သုံးလလောက် ဆိုရင်တော့ ခင်ဗျားကို ဗရစ္စတိုက ဂျင်ဂါးလစ်နှင့် တွေ့ပေးရဦးမယ်၊ ကောင်းကောင်း ထိုးဗျာ၊ ကောင်းကောင်း မထိုး

mgyoe.com

mgyoe.com SAMPLE BOOK

ရင်တော့ ခင်ဗျားနှင့် အသိပဲ၊ ခင်ဗျား ကောင်းကောင်း ထိုးရင် ကျုပ် ကောင်းကောင်း အားပေးမယ်၊ ခင်ဗျားလို လူစိမ်း တစ်ယောက်နှင့်သာ ပွဲသွင်းရရင် ကျုပ် အဖို့ ရှစ်လေး တစ်လေး လောင်းရဲပါတယ်'

'ဒါဖြင့် ကျွန်တော့်ကို ကြေးစား လက်ဝှေ့သမား တစ်ယောက် အနေနှင့် ကြိုးဝိုင်းထဲကို ဝင်စေချင်တယ် ဆိုပါတော့' ဟု ရှားလော့ဟုမ်းက မေးလေ၏။

'ခင်ဗျားက စကော့တလန်ယာဒ် စုံထောက် အဖွဲ့က မဟုတ်လား၊ ခင်ဗျား အင်္ဂလိပ် စကား နားလည်တယ် မဟုတ်လား'

'သူများ ပြောသံ ကြားရင်တော့ နားလည်ပါတယ်'

'ဗျို့လူ၊ ခပ်တည်တည်နှင့် နောက်မနေပါနှင့်ဗျ၊ ကျုပ် ထိုးလိုက်ပြန်ရော မယ်'

ဆာ ဂျားဗေ့စ်သည် ရှားလော့ဟုမ်းကို ထိုးမည့် ဟန်ဖြင့် ဘယ်လက်သီးကို ဝိုက်၍ သွင်းလိုက်ပြီး မျက်နှာ ရှေ့တွင် ရစ်ဝဲ ရစ်ဝဲ လုပ်နေလေ၏။ ရှားလော့ဟုမ်းကား မျက်တောင် ခတ်ခြင်းပင် မရှိချေ။ ဆာ ဂျားဗေ့စ်မှာ တဟားဟား ရယ်လျက် ရှိလေ၏။

'လူကြီး လူကောင်း တစ်ယောက်နှင့် စကား ပြောပြီ ဆိုရင် ကိုယ့် ကိစ္စ ကိုယ်သာ ပြောပါနော် စုံထောက်ကြီး၊ တခြား ကိစ္စတွေထဲမှာ ဝင် ဝင် မပါပါနှင့်၊ ခြေထောက် ကျိုးနေတာ ကံကောင်းတယ်လို့ အောက်မေ့လိုက်ပါ၊ ခြေထောက်သာ မကျိုးရင် ခင်ဗျားကို ကျုပ် နှစ်ပိုင်း ဖြစ်သွားအောင် လုပ်နိုင်တယ်'

မစ္စ အယ်လီနှာ ဘက်စတားမှာ တစ်ချက်မျှ အသံထွက် အော်လိုက်ပြီး နောက် မျက်နှာကို နံရံဘက်သို့ လှည့်ကာ လက်ဝါးဖြင့် အုပ်ထားလေ၏။

'မိတ်ဆွေကြီး ခင်ဗျာ၊ အမျိုးသမီး တစ်ယောက်ရဲ့ ရှေ့မှာ မဖွယ်မရာ စကားတွေ သိပ် မပြောရင် ကောင်းမယ် ထင်တယ်ဗျ' ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

ထိုအခါတွင် ကျွန်ုပ်တို့၏ ဧည့်သည်ကြီးသည် ကျွန်ုပ်ဘက်သို့ လှည့်လိုက်ပြီး မခန့်လေးစား မျက်နှာထားဖြင့် ကြည့်လိုက်လျက်

'ခင်ဗျားက ဘယ်သူလဲ၊ ဪ ဝပ်ဆင် ဆိုတဲ့ လူ မှတ်တယ်၊ ဆရာဝန် ပေါ့ ဟုတ်စ' ဟု ဆိုကာ သူ့ မျက်နှာ နီနီ အစ်အစ်ကြီးကို ကျွန်ုပ် အနားတွင် ကပ်ထားလိုက်ရင်း

'ကိုယ့်လူ လက်ဝှေ့ အကြောင်းကို နားလည်တယ်နော်'

'နားမလည်ဘူးဗျ၊ တော်တော့ဗျာ၊ ဒီလောက် ဆိုရင်'

mgyoe.com